

# အလုပ်ရုံဆွေးနွေးပွဲနှင့်
## ပညာရှာဖွေရေး နည်းဗျူဟာများ

ဒေါက်တာထွန်းဝင်း

# နိဒါန်း

လေ့လာသူနှစ်မျိုးရှိရာ မသွက်လက်သော လေ့လာသူ (Passive Learner) ကတော့ သင်ဆရာ သင်ပေးတာလောက်သာ တတ်သည် ။ မိမိဘာသာ ကြိုးစား၍ ပညာမရှာပါ။ သွက်လက် သော လေ့လာသူ (Active Learner) ကတော့ သင်ဆရာ၊ မြင်ဆရာ ကြားဆရာ၊ လူ၊ တိရိစ္ဆာန်မကျန် မြင်မြင်သမျှ ကြားကြားသမျှ အားလုံးထံက သင်ယူပါ၏။

## သွက်လက်သော ပညာရှာသူ မှ

ဘွဲ့ရတစ်ဦး တကယ်တတ် မတတ်နှင့် စပ်လျဉ်း၍ ပြဿနာကို ဖြေရှင်းရန် တာဝန်ရှိသူမှာ အလုပ်ခန့်မည့် အလုပ်ရှင်သာလျှင် ဖြစ်ပါသည် ။ အမှန်တကယ် တတ်အောင် သင်ရန် တာဝန်ရှိသူ ကတော့ သက်ဆိုင်ရာ တက္ကသိုလ်ဆရာများ ဖြစ်၏။ သို့သော် မတတ်လျှင်လည်း မည်သည့် ပါမောက္ခချုပ်ကမှ ဘွဲ့ကို ပြန်သိမ်းတယ်ရယ်လို့ မရှိပါ။ တတ် မတတ် စိစစ်ရန်နှင့် လိုအပ်က စာမေးပွဲ ထပ်စစ်ရန်မှာ အလုပ်ရှင်၏ တာဝန်သာ ဖြစ်ပါ၏။

## ဘွဲ့ဒီဂရီတစ်ခု အသိအမှတ်ပြုခံရခြင်း ရှိ မရှိ မှ

ဤ ဆောင်းပါးရေးမည့် အကြောင်းကတော့ တစ်ချက်တည်း၊ တစ်

ကွက်တည်းပဲ ဖြစ်ပါ သည် ။ သို့သော် ဒီတစ်ချက်၊ ဒီတစ်ကွက်ဟာ ING O တို့ တွင် ၁၀နှစ်၊ ၁၅ နှစ် ဆက်တိုက် လုပ်ခဲ့သူ တွေတောင် ကြည့်တတ်မှ မြင်မည်။ သတိမရှု ဂူမမြင် ဖြစ်သွားနိုင်ပါ၏။ သို့သော် ဒီတစ်ချက်က တော့ NGO အကြောင်း စိတ်ဝင်စားသူတွေသာမက ဖွံ့ဖြိုးဆဲနိုင်ငံ အသီးသီးက ပြည်သူအားလုံး သိ သင့်သည် ။

## တစ်ထွာပြလျှင် တစ်တောင်မြင်ဖို့ လိုသည် မှ

ဝပ်ရှော့၊ ဆီမီနာတို့ ၏ အနှစ်သာရများမှာ စဥ်းစားခြင်း (Thinking) စုပေါင်း ဆွေးနွေး အဖြေရှာခြင်း (Discussion) ကောင်းမွန်သော ဆုံးဖြတ်ချက်များကို ချနိုင်ခြင်း (Decision Marking) တို့ ဖြစ်ပါသည် ။ ဝပ်ရှော့ လုပ်ရန် ဟိုတယ်ခန်းမကို ငှားရန်မလိုပါ။ ဘုန်းကြီးကျောင်း၊ ဓမ္မာရုံမှာ လည်း လုပ်လို့ ရပါသည် ။ အင်္ဂလိပ်စကားပြောမှ ဝပ်ရှော့မဟုတ် ၊ မြန်မာလို ပြောလည်း ဝပ်ရှော့ ဖြစ်နိုင်ပါသည် ။ ဝပ်ရှော့လုပ်တတ်ရန် မိမိတို့ ၏ အရင်းအမြစ်များ ၊ မိမိတို့ ၏ လုပ်ပိုင်ခွင့်များကို မိမိတို့ နားလည်ရန် လိုပါသည် ။ မိမိ၏ စဥ်းစားပုံ အကြံဉာဏ်ကို သူများကို ပြောပြ၊ တင်ပြနိုင်ရမည်။ ၎င်းမှ တစ်ဆင့် ပိုမိုကောင်းမွန်သော သဘောတရား (အိုင်ဒီယာ)များ ရရှိနိုင်ရပါမည်။

## ဖွံ့ဖြိုးဆဲနိုင်ငံသားတို့ ၏ ဝပ်ရှော့ ဆီမီနာများ ၌ လုပ်ပိုင်ခွင့် ဆိုတာ ဘာလဲ မှ

*

## စာရေးသူ၏ အမှာ စာ

စာရေးသူ ကျွန်တော်တို့ ငယ်ရွယ်စဉ်ဘဝ ပညာရှာချိန်တုန်းက ဆရာက သင်ပြသော ပုံစံဖြင့် သင်ကြားခဲ့ရပါသည် ။ နောက်ပိုင်းတွင် ဝပ်ရှော့ ပုံစံ သင်ကြားနည်းက ပို၍ ထိရောက်ပြီး ကျောင်းသားများ အတွက် တွေးခေါ်မှုစွမ်းရည်၊ တင်ပြပုံစွမ်းရည်၊ ဆုံးဖြတ်ချက်ချပုံ၊ ညှိနှိုင်းဆွေးနွေးပုံတွေ ပိုမိုလေ့ကျင့်ပြီးဖြစ်ကြောင်းကို ပညာရေး ကျွမ်းကျင်သူများက လက်ခံလာကြပါသည် ။

ဝပ်ရှော့ပုံစံ သင်ကြားမှုသည် လက်ချာပုံစံ သင်ကြားမှုထက်စာလျှင် ပိုမိုအချိန်ပေးရပြီး ပိုမိုပင်ပန်းပါသည် ။ ထို့ပြင် ဆရာက အဆင်သင့်သင်ပေးတာကို လိုက်မှတ်သလောက် မလွယ်ကူပါ။ မိမိကိုယ်တိုင်လည်းပါဝင် ဆွေးနွေးနိုင်ရန် စာကြည့်တိုက်၊ အင်တာနက် စသည် တို့ ၌ သတင်း အချက်အလက်များ ရှာဖွေခြင်းနှင့် ယဉ်ပါးနေဖို့ လိုပါသည် ။ ကျောင်းသားသည် သွက်လက်သော ပညာရှာဖွေသူ(Active Learner)ဖြစ်ရန် လိုပါသည် ။

သို့ပါ၍ ဤစာအုပ်တွင် ကျောင်းသားများ ထားရှိရမည့် ခွဲ၊ လုံ့လ၊ ဝီရိယတို့ အပြင် သွက်လက်သော ပညာရှာဖွေသူများ နှင့် ပညာတတ်ကြီးများ ဖြစ်ရန် နည်းလမ်းများကို ယှဉ်တွဲ ရေးသားထားပါသည် ။ ပညာတတ်ကြီးများ ဖြစ်အောင် ကြိုးစားရာ၌ ဤစာအုပ်သည် အုပ်တစ်ချပ် သဲတစ်ပွင့်အဖြစ် အထောက်အကူပြုလိမ့်မည်ဟု ယုံကြည်

မိပါကြောင်း။

ဒေါက်တာထွန်းဝင်း

*

# လက်ချာ(Lecture)သို့မဟုတ် သမားရိုးကျ သင်ကြားပို့ချခြင်း၏ သဘာဝနှင့် အားသာချက်၊ အားနည်းချက်များ

•လက်ချာနည်းဖြင့် စာသင်ခြင်းကို မြန်မာနိုင်ငံမှာ တွင် တွင် ကျယ်ကျယ် အသုံးပြုလျက်ရှိပါသည်။

•လက်ချာကြောင့် ဗဟု သုတများ သည် ဆရာမှ တပည့်ထံသို့ ရောက်ရှိရာ တစ်လမ်းသွား ပုံသဏ္ဌာန်ဖြစ်ပါသည်။

•တပည့်များ အဖို့ လွယ်ကူစွာ သုတရရှိပါသည်။

•သုတများကို ဆရာက တပည့်ကိုခွံ့ကျွေးသလိုဖြစ်ပါသည်။

•ဆရာ သင်တာထက် ဘာမှ ပိုပြီး မတတ်ပါ။

•လက်ချာနည်းဖြင့် သင်ကြားခြင်းက အချိန်ကုန်သက်သာသည်။

* * *

## သင်တန်း (Training) အကြောင်း တစေ့တစောင်း

ထရိန်နင် (Training) ဆိုသည် မှာ လေ့ကျင့်ပေးခြင်းပဲ ဖြစ်ပါသည် ။

Training ၌ အောက်ပါ အစိတ်အပိုင်းများ ပါဝင်ပါသည် ။

(က) ကြားခြင်း (Hearing)

သင်တန်းသားသည် ဆရာ့စကားကို ကြားသည် ။

(ခ) ကြည့်မြင်ခြင်း (Looking)

သင်တန်းသားသည် ဆရာ လုပ်ပြတာကို မြင်သည် ။

ဥပမာ- ကားမောင်းသင်တန်း၌ ဆရာက အရင်ကားမောင်းပြတာကို သင်တန်းသားက

ကြည့်ခွင့်ရသည် ။

(ဂ)ပြောခြင်း(Speaking)

ကားမောင်းပုံကိုသင်တန်းသားက ပြောပြတတ်သည် ။

(ဃ)မိမိကိုယ်တိုင်လုပ်ခြင်း(Working) သင်တန်းသားကိုယ်တိုင် ကားကို မောင်းပြရပါမည်။

**သင်တန်း၏ အဓိပ္ပာယ်**

သင်တန်း၏ အဓိပ္ပာယ်မှာ -

Definition

Training is the process by whice people are taught skills and given the necessary knowledge or attitude to enable them to carry out their responsibilies to the required standard.

## မြန်မာပြန် အဓိပ္ပာယ်

သင်တန်းဟူသည် ဖြစ်စဉ်တစ်ခု ဖြစ်ပြီး သင်တန်းသားတို့ ကို ကျွမ်းကျင်မှု၊ သုတ၊ ဒဿန တို့ ကို သင်ပေးပြီး ထိုသို့သင်ကြားပေးခြင်းဖြင့် သင်တန်းသားတို့ သည် သူတို့ ၏ တာဝန်များ ၊ လိုအပ်သော အဆင့်တစ်ခု၏ တာဝန်များကို ထမ်းဆောင်နိုင်ရန် ဖြစ်ပါသည် ဟု အဓိပ္ပာယ်ဖွင့်ပါသည် ။

## ဘာကြောင့် သင်တန်းပေးရတာလဲ

Why training

- For better skills
- For new skills

သင်တန်းပေးရခြင်း၏ ရည်ရွယ်ချက်မှာ ပိုမိုကောင်းမွန်သော ကျွမ်းကျင်မှုနှင့် ကျွမ်းကျင်မှု အသစ်အဆန်းများ ရရှိရန်အတွက် ဖြစ်ပါသည် ။

## သင်တန်း အမျိုးအစားများ

Types of trainings

1.According to nature-knowledge provision and behavior change.
2.According to structure-formal and informal.

3.According to location-on job and off the job.
4. According to level-managerial and non managerial.

၁။ သင်တန်းသဘာဝအရ

-သုတပေးသော သင်တန်း

-အမူအကျင့် ပြောင်းလဲစေသော သင်တန်း

ဥပမာ-ဆေးလိပ်ဖြတ်အောင် သင်တန်းပေးခြင်း။ ယင်လုံအိမ်သာ-သုံးစွဲခြင်း အလေ့ အကျင့်သင်တန်းစသည် ဖြင့် ရှိကြပါသည် ။

၂။ သင်တန်းဖွဲ့စည်းပုံအရ

-ကျောင်းတွင်း သင်တန်း၊

-ကျောင်းပြင်ပ သင်တန်း။

၃။သင်တန်းတည်နေရာအရ

-လုပ်ငန်းခွင်မှ ပေးသောသင်တန်း၊

-လုပ်ငန်းခွင် ပြင်မှာ ပေးသောသင်တန်း၊

၄။ သင်တန်းအဆင့်အရ

-အရာရှိအဆင့် သင်တန်း၊

-အခြားအဆင့် သင်တန်း စသည် ဖြင့် ရှိပါသည် ။

အလုပ်လုပ်ရင်း သင်တန်းပေးသည် ဆိုသည် မှာ -

On the job training တွင် အောက်ပါတို့ ပါဝင်ပါသည် -
-Demonstration(သရုပ်ပြခြင်း)၊

-Coaching(နည်းပြ)၊

-Project activities-(လုပ်ဆောင်ချက်များ ပြခြင်း)၊

-Job rotation-(အလုပ်၌ ပြောင်းရွှေ့နေရာချခြင်း)၊

-Attachment- (ပူးတွဲဆောင်ရွက်စေခြင်း)၊

-Mentoring-(အကြံပေး ကူညီခြင်း)၊

-Assistant-(အထောက်အကူပြုခြင်း)တို့ ပါဝင်သည် ။

## သင်တန်း လိုအပ်ချက်များကို တိုင်းတာခြင်း

Training need assessment ဆိုသည် မှာ -

-Organization as a whole

- Individual need assessment (per test)

-အဖွဲ့အစည်း၌ ဘယ်လို သင်တန်းတွေ ပေးဖို့ လိုသလဲ ဆန်းစစ်ခြင်း

၊

-သင်တန်းသားတစ်ယောက်ရဲ့ လိုအပ်ချက်များကိုသိရန် သင်တန်း မစမီ စစ်ဆေးခြင်း တို့ ဖြစ်ပါသည် ။

## သင်တန်းသားတို့ အား သင်တန်းကိုအကဲဖြတ်စေခြင်း ဆိုသည် မှာ -

Training evaluation

-Understanding-သင်တန်းကို ဘယ်လောက် နားလည်လဲ
-A.B.C.D.Eဆိုပြီး အဆင့်ပေးခိုင်းနိုင်သည် -
A.အလွန့်အလွန် နားလည်
B.ကောင်းကောင်း နားလည်
C.အသင့်အတင့် နားလည်
D.သိပ်နားမလည်

E.လုံးဝနားမလည်ပါ။

သင်တန်းပြီးနောက် စစ်ဆေးခြင်း(Post Test) သင်တန်းပြီး စစ်ဆေး၍ ရလဒ်ကို သင်တန်း မပေးမီက စစ်ဆေးထားသော ရလဒ်နှင့် နှိုင်းယှဉ်၍ သင်တန်းကြောင့် တိုးတက်မှုကို ခန့်မှန်းနိုင်ပါသည် ။


ဝပ်ရှော့ သို့မဟုတ် အလုပ်ရုံ ဆွေးနွေးပွဲ

ကျွန်တော်တို့ ငယ်ငယ်တုန်းက ဝပ်ရှော့ဆိုတာ ကားပြင်တဲ့ အလုပ်ဌာနဟု နားလည်ထားပါ သည် ။ တကယ်တော့ ဝပ်ရှော့ (Workshop) ဆိုတာ တိုက်ရိုက် အဓိပ္ပာယ် ပြန်ရလျှင် အလုပ်လုပ်တဲ့ ဌာနဟု ဆိုနိုင်ပါသည် ။ ဒီတော့ ဆွေးနွေးပွဲ တစ်ခုမှာ ပါဝင်သူ အားလုံးရဲ့ ဦးနှောက်တွေ အလုပ်လုပ်ရသည့် သဘောပါ။ Training တစ်ခုမှာ သင်တန်းဆရာ (Trainer) နှင့် သင်တန်းသား(Trainee) ရယ်လို့ ရှိပေမယ့် ဝပ်ရှော့တက်သူတွေကို ပူးပေါင်းပါဝင်သူ (Participant) ဟု ခေါ်ပြီး ဝပ်ရှော့ကို ဦး ဆောင်လှုံ့ဆော်သူကို ဆရာရယ်လို့ မခေါ်ဘဲ Facilitator လို့ ခေါ်ပါသည် ။


အားလုံး အလုပ်လုပ်ရတာ ဖြစ်၍ ဝပ်ရှော့လုပ်မည့် အကြောင်းအရာများကို ပါဝင်သူတွေ အားလုံး ကြိုတင်ဖတ်ကြားထားသင့်ပါသည် ။

လက်ချာမှာ တော့ ဆရာထံကပဲ တပည့်တွေက ပညာရင်နို့သောက်စို့ပါသည် ။ ဝပ်ရှော့ မှာ တော့ အချင်းချင်းထဲကလည်း ပညာဆည်းပူးပါသည် ။ ပါဝင်သူထံကလည်း လှုံ့ဆော်သူက ပညာရနိုင်ပါသည် ။

လက်ချာပုံစံ (ပညာပို့နှံပုံ)



## ဝပ်ရှော့ပုံစံ (ပညာပျံ့နှံ့ပုံ)




F = Facilitator
P = Participants

F= Facilitator

P= Participants

အလုပ်ရုံ ဆွေးနွေးပွဲတက်သူအားလုံးသည် သွက်လက်သော ပညာရှာဖွေသူတွေ (Active Learners) ဖြစ်သင့်ပါသည် ။ မိမိသိသလောက်ကို အားလုံးကပြောပြရပါမည်။ ဝပ်ရှော့တွင် ဆွေးနွေးသည် ။ တိုင်ပင်သည် ။ ညှိနှိုင်းသည် ။ ငြင်းခုံသည် ၊ ဆုံးဖြတ်ချက်တွေချပါသည် ။ လ

ကိချာမှာ တော့ မှတ်သားတာ တစ်ခုတည်းပဲလုပ်နိုင်ပါသည် ။

*

## အလုပ်ရုံဆွေးနွေးပွဲ (ဝပ်ရှော့) တို့ ၏ စရိုက်လက္ခဏာတစ်ခု သို့မဟုတ် တန်းတူညီမျှ လွတ်လွတ်လပ်လပ် ပြောရေးဆိုခွင့်

ယခုအခါ ကျွန်တော်တို့ မြန်မာနိုင်ငံသည် ဖွံ့ဖြိုးရေးလမ်းကြောင်းပေါ်၌ လျှောက်လမ်းလျက် ရှိပါသည်။ ဖွံ့ဖြိုးရေးကဏ္ဍကို ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားရာ၌ ပညာသင်တန်းများ ကိုလည်း ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်ရေးအတွက် ပညာရှင်အတော်များများက အကြံပြု လာကြသည် ကို တွေ့ရပါသည်။

သမားရိုးကျ ရှေးရိုးအစဉ်အလာ စာသင်ပေးပုံမှာ ဆရာကဟောပြောခြင်း (လက်ချာ) (Lecture) စနစ် ဖြစ်ပါသည် ။ ဖွံ့ဖြိုးပြီးနိုင်ငံများ တွင် တော့ အလုပ်ရုံဆွေးနွေးပွဲ (ဝပ်ရှော့)စနစ်ဖြင့် စာသင်ပေးကြသည် ဟု ဆိုပါ၏။ သို့ပါ၍ ယနေ့လူငယ်အပေါင်းတို့ လေ့လာနိုင်ရန် ဝပ်ရှော့တစ်ခု၏ အနှစ်သာရတစ်ခုဖြစ်သော "တန်းတူညီမျှ လွတ်လပ်စွာ ပြောရေးဆိုခွင့်"အကြောင်းကို တစေ့တစောင်း တင်ပြလိုပါသည် ။

လူငယ်တစ်ဦးသည် ဝပ်ရှော့တစ်ခုကို သွားတက်ပြီး ဝပ်ရှော့၏ သဏ္ဍာန် သို့မဟုတ် လုပ်ပုံကိုင်ပုံတို့ ကို မြင်နိုင်သော်လည်း ၎င်းသဏ္ဍာန်တို့ ၏ နောက်ကွယ်က အကြောင်းရင်း အနှစ်သာရတန်ဖိုးကို မမြင်နိုင်လျှင် အကျိုးသိပ်ပြီး မရှိနိုင်ပါ။

ဝပ်ရှော့ ဆိုတာကို စာရေးဆရာအပေါင်းတို့ က အလုပ်ရုံဆွေးနွေးပွဲ

ဟု မြန်မာပြန်ပါသည် ။ စာရေးဆရာ တစ်ဦးက အဘိဓာန်အရ ဝပ်ရှော့ကို Meeting (အစည်းအဝေး)ဟု ဆိုကြောင်း ထောက်ပြဖူးပါသည် ။Meeting ကို သမားရိုးကျ ပုံသဏ္ဍာန် ကျင့်သုံးပါကMeeting Workshop ဟု ခေါ်ဆိုနိုင်ပြီး သင်တန်းနှင့် စာသင်ပုံတို့ ကို လက်ချာပုံသဏ္ဍာန်က သွေဖည်၍ Workshop ပုံသဏ္ဍာန်ကျင့်သုံးပါက Training Workshop ဟု ခေါ်နိုင်ပါသည်



ပုံ(၁) ကို ရှုစားကြည့်ပါ။ ရှေးရိုးစဉ်လာ ပုံသဏ္ဍာန် အစည်းအဝေး ( Ordinary Meeting) တစ်ခု၏ ပုံသဏ္ဍာန် ဖြစ်၏။ ၎င်းအစည်းအဝေးသဏ္ဍာန်၌ အားနည်းချက်တွေ (Weaknesses) ကြီးရှိတယ် ဆိုတာစာရေးသူကိုယ်တိုင် မသိခဲ့ပါ။ ၎င်းပုံကတော့ ၂၀၀၀ ပြည့်နှစ်က ကလေးမြို့နယ်တွင် ပြုလုပ်ခဲ့သောစီမံကိန်း ခုနစ်ခု၏ လစဉ်ညှိနှိုင်းအစည်းအဝေးဖြစ်၏။ ထိုစဉ်ကစာရေးသူ ကျွန်တော်က မြို့နယ်စီမံကိန်း ခုနစ်ခု၏ ဥ

ဿက္ကဋ္ဌ ဖြစ်၏။ ထိုအစည်းအဝေးသည် ရိုးရိုး Meeting ဖြစ်၏။ Meeting Workshop မဟုတ်။ ထို့ကြောင့် အားနည်းချက်များ ရှိသည် ။

**အားနည်းချက်များ**

-အစည်းအဝေး ပုံသဏ္ဌာန်က တောင့်တောင့်ကြီး ဖြစ်နေသည် ။

-ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ အကြား တန်းတူရည်တူ ပြောရေးဆိုခွင့် ရှိတယ် ဆိုတာသေချာရဲ့ လားလို့ မေးခွန်းထုတ်စရာ ဖြစ်သည် ။

-ဥက္ကဋ္ဌ ပြောသမျှကို အဖွဲ့ဝင်တွေက လိုက်ရေးနေကြ၍ ဥက္ကဋ္ဌကလည်း စကားပြော မှားမလား ဆိုပြီး လန့်သည် ။

-ငြင်းခုံကြတာ မရှိ။

-ထင်မြင်ယူဆချက်တွေကို ရဲရဲဝံ့ဝံ့ တင်ပြတာ မရှိ။



ပုံ(၂)ကို ကြည့်ပါ။

Meeting Workshop ပုံသဏ္ဍာန် ဖြစ်၏။ ထို့ကြောင့် အားသာချက်များ ရှိသည် ။

-သာတူညီမျှ ပြောရေးဆိုခွင့် ရှိသည် ။


-Meeting ၌ စဉ်းစားသည် ။

-ငြင်းခုံသည် ။

-အပြုသဘော ဝေးဖန်သည် ။

-စိတ်ဖိစီးမှု မရှိ။

-စကားမှားမှာ မကြောက်။ မှားချင်မှားပါ။ ဘွာခတ်လို့ ရသည် ။ ဤပုံ၌ ဥပမာ-လူ ၃၅ဦး ဝပ်ရှော့ဝယ် ခုနစ်ယောက် အဖွဲ့ငယ်ငါးဖွဲ့လောက် ဆွေးနွေးသည် ။ ထိုသို့ ပြုလုပ်ခြင်းကို Small Group Discussion (အစုအဖွဲ့ငယ်များ ဆွေးနွေးခြင်း) ဟု ခေါ်သည် ။



ပုံ(၃) ကို ကြည့်ပါ။

အစုအဖွဲ့တစ်ဖွဲ့စီ၏ ဆွေးနွေးချက်ကို ကိုယ်စားပြုသူ တစ်ဦးက လူအားလုံး ရှေ့သို့ ထွက်ပြီး တင်ပြရသည် ။ ဤသို့ လုပ်တာကို အဖွဲ့တစ်ဖွဲ့၏ တင်ပြချက်(Group Presentation) ဟု ခေါ်သည် ။ Group Discussion ၌ စကားမှားတာတွေရှိလျှင် Group Presentation ၌ တည်းဖြတ်ပြီး ဖြစ်ပါသည် ။ဒါကြောင့် ရဲရဲပြော။ စေတနာအမှားနဲ့ ရဲရဲမှားလို့ ရပါသည် ။



ပုံ (၃)

ပုံ(၄)ကို ကြည့်ပါ။

စာရေးသူကျွန်တော် မောင်ထွန်းဝင်း၌ သမားရိုးကျ လက်ချာနည်းဖြင့် ကျန်းမာရေး သင်တန်းပေးနေပုံ ဖြစ်၏။ ဤနည်းသည် ခေတ်မမီတော့ပါ။



ပုံ(၅)ကိုကြည့်ပါ။

ဝပ်ရှေ့နည်းဖြင့် စာသင်ကြတာ ဖြစ်ပါသည် ။ Trining Workshop ဟု ခေါ်နိုင်ပါသည် ။ သင်တန်းသားတွေက ရဲရဲပြောရဲ၊ရဲရဲမေးရဲ၊ ရဲရဲဆွေးနွေးရဲ၊ ရဲရဲငြင်းရဲရပါမည်။ သင်တန်းသားတို့ ၏ ဦးနှောက်ထဲက အယူအဆ အတွေးအခေါ်သစ်တွေလည်း ပွင့်အံလာပါမည်။

Lecture ပုံသဏ္ဍာန် သင်တန်း၌ သင်တန်းသားတို့ သည် ငြိမ်နေပြီး ဆရာကသာ လှုပ်ရှား၏။ ဆရာဗဟိုပြု စာသင်နည်း၏ ဥပမာတစ်ခု ဖြစ်၏။

Training Workshop ကတော့ ကျောင်းသား ဗဟိုပြု သင်ကြားခြင်း၏ အစိတ်အပိုင်းတစ်ခု ဖြစ်ပါ၏။

Workshop တို့ ၏ အနှစ်သာရ တစ်ခုမှာ တန်းတူညီမျှ လွတ်လွတ်လပ်လပ် ပြောရေးဆိုခွင့် ဖြစ်သည် ဟု လည်း ဆိုနိုင်ပါကြောင်း။

*

## အလုပ်ရုံဆွေးနွေးပွဲစည်းဝေး Meeting Workshop တို့ ၌ ရဲဆေးတင်ပေးသော ဇာတ်ပြဟာတစ်ခု သို့မဟုတ် Ice Breaking Introducing (ရေခဲခွဲမိတ်ဆက်ပွဲ)

ယခုအခါ နိုင်ငံတော်ကြီးကို အဘက်ဘက်က တိုးတက်ပြောင်းလဲ လုပ်ဆောင်နေကြရာတွင် Meeting ခေါ်အစည်းအဝေးတို့ ၏ တိုးတက်မှု သည် လည်း အရေးပါလာပါသည် ။ အစည်းအဝေး ဆိုသည် မှာ တက် ရောက်သူတို့ ၏ အကြံဉာဏ်များကို ဖလှယ်၍ စုပေါင်းတိုင်ပင် ဆုံးဖြတ် ချက်ချခြင်း ဖြစ်ပါသည် ။ သို့ရာတွင် သာမာန်ပုံသဏ္ဍာန် အစည်းအဝေး (Ordinary Meeting)များ သည် Meeting Workshop များ လောက် မထိ ရောက်ပါဟု Workshop ပညာရှင်တို့ က ဆိုပါသည် ။

ဥပမာအားဖြင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်နေသော ကုမ္ပဏီနှစ် ခု အစည်းအဝေး လုပ်သည် ဆိုပါစို့။ ပထမ ကုမ္ပဏီက မန်နေဂျင်း ဒါရို က်တာ မအား၍ လက်ထောက်မန်နေဂျာလေး များကို အစည်းအဝေး လွှ တ်လိုက်သည် ဆိုပါစို့။ ထိုအခါ လက်ထောက်မန်နေဂျာလေးများ သည် တစ်ဖက်ကုမ္ပဏီက မန်နေဂျင်းဒါရိုက်တာကို မိမိတို့ ၏ အထက်အရာရှိ မဟုတ်စေကာမူ ဝါစဉ်အရ နည်းနည်းတော့ လန့်ပါသည် ။အယူအဆချ င်း မတူညီပါက မန်နေဂျင်းဒါရိုက်တာကို အတိုက် အခံမပြောရဲပါ။ ဟု တ်ကဲ့ခင်ဗျ၊ ဟုတ်ကဲ့ခင်ဗျဟု ခေါင်းညိမ့်နေမယ်ဆိုလျှင် လက်ထောက် မန်နေဂျာလေးများ ထံက အကြံကောင်း ဉာဏ်ကောင်းတွေ ထွက်မလာ နိုင်ပါ။

တကယ်တော့ အကြံကောင်း ဉာဏ်ကောင်း၊ သစ်လွင်သော အယူအဆတို့ သည် မည်သူ့၌ မဆို ရှိနိုင်ပါသည် ။ အစည်းအဝေးတက်သူ အားလုံးတို့ ၏ ဦးနှောက်ထဲက အကြံဉာဏ်တွေကို ရအောင် ယူနိုင်ခြင်းသည် အစည်းအဝေး စီစဉ်သူ၏ ဉာဏ်ပညာပင်ဖြစ်ပါသည် ။

အချို့က အစည်းအဝေး စီစဉ်မှု ကောင်းခြင်း (Good Meeting Management)ဟာ ဘာလည်း ဆိုတာ အထင်ရောက်ကြသည် မှာ အစည်းအဝေး၌ ထိုင်ခုံ ထားသိုမှု၊ ခန်းမထဲ၌ အဲကွန်းတပ်ထားရဲ့ လား၊ တက်ရောက်သူတို့ စကားပြောရန် မိုက်ခွက်၊ ခန်းမ လဝေးင်လေထွက် စသော ရုပ်ပိုင်းဆိုင်ရာစီစဉ်မှုများ ဟု ထင်ကြပါသည် ။ တကယ်တော့ အစည်းအဝေးတစ်ခု၏ အောင်မြင်မှု ဆိုသည် မှာ အစည်းအဝေး ခန်းမကြီးကျယ်ပြီး အစည်းအဝေး ပြီးဆုံးသည့် အခါ ရည်သော လက်ခုပ်သံများ ဟု ထင်ကြပါသည် ။ တကယ်တော့ အစည်းအဝေး တစ်ခု၏ အနှစ်သာရသည် လက်ခုပ်သံနှင့် အစည်းအဝေး၏ ခမ်းနားမှု၊ ကြီးကျယ်မှု မဟုတ်ဘဲ အကြံကောင်း ဉာဏ်ကောင်းများ ပေါ်ထွက်ခြင်းဖြစ်ပါသည် ။ ထိုသို့ဖြစ်ရန် အစည်းအဝေးသည် အောက်ပါအချက်များ နှင့် ပြည့်စုံရမည်။

-အစည်းအဝေးတက်ရောက်သူများ တစ်ဦးနှင့် တစ်ဦး ရင်းနှီးမှု၊

-ပွင့်လင်းမှု

-တစ်ယောက်နှင့် တစ်ယောက် ကြောက်မနေရ၊ ရှက်မနေရခြင်း၊

-အစည်းအဝေး၌ သက်တောင့်သက်သာ ရှိခြင်း၊

-အစည်းအဝေး၌ စိတ်ဖိစည်းမှုနည်းခြင်း

စတာတွေရအောင် စီစဉ်တည်ဆောက်ရပါမည်။ အဲ့ဒါတွေ ဘယ်လို

လုပ်ပြီး ရမလဲ ဆိုတာ တစ်ချိန်က ကျွန်တော်သည် INGO တို့ တွင် ဆယ်နှစ်ဆက်တိုက် အလုပ်လုပ်တုန်းက သတိ ထားမိခဲ့ပါသည် ။ တစ်ခါတစ်ရံ INGO သုံးခုလောက် ပေါင်းပြီး အစည်းအဝေးလုပ်သည့် အခါ ရှိပါသည် ။INGOဆိုသည် ကလည်း အစိုးရဌာနဆိုင်ရာ မဟုတ်သော်လည်း သူ့ဟာနှင့် သူ စနစ်တကျ ဖွဲ့စည်းထားသောအဖွဲ့ဖြစ်၍ ရာထူးအဆင့်ဆင့်ရှိကြသည် ။

ဥပမာ- ဌာနေကိုယ်စားလှယ်ရာထူးသည် INGOကို လက်ခံနိုင်သောနိုင်ငံ၌ အမြင့်ဆုံး ဖြစ်ပြီး များ သောအားဖြင့် နိုင်ငံခြားသားများ ရာထူးယူထားပြီး ဒေသခံနိုင်ငံသား အနည်းငယ်လည်း ရှိပါသည် ။ ၎င်းနောက် အမျိုးသားစီမံကိန်း ညှိနှိုင်းရေးမှူး၊ စီမံကိန်းမန်နေဂျာ၊ စီမံကိန်းလက်ထောက်မန်နေဂျာ စသည် ဖြင့် ရာထူးအမျိုးမျိုး ခေါ်ဝေါ်ကြပါသည် ။

INGOသုံးခု၊ လေးခုလောက် အစည်းအဝေးလုပ်လျှင် တစ်ခုက စီမံကိန်း လက်ထောက် မန်နေဂျာသည် နောက်တစ်ခုကအမျိုးသားစီမံကိန်း ညှိနှိုင်းရေးမှူးကိုတော့ ဝါစဉ်အရ နည်းနည်းတော့ ရှိန်သည် ။ ဒီတော့ အားလုံးတန်းတူညီမျှမှု ရှိအောင် နိုင်ငံခြားသားတို့ က Meeting ကို စီစဉ်သည် ။ သူတို့ က အစည်းအဝေး မစမီ -

“တစ်ယောက်နဲ့ တစ်ယောက် မိတ်ဆက်ပွဲလေး လုပ်ကြပါစို့၊ ရာထူးကိုထည့်ပြီး မိတ်မဆက်ပါနဲ့ မိမိနာမည်နဲ့ ၊ မိမိဆယ်ကျော်သက် ဘဝက အနှစ်သက်ဆုံး ရုပ်ရှင်မင်းသား သို့မဟုတ် မင်းသမီး နာမည်ပဲပြောပြီး မိမိကိုယ်ကိုယ်မိတ်ဆက်ပါ”ဟု ဆိုသည် ။

ပထမတော့ ကျွန်တော်တို့ က ဒီနိုင်ငံခြားသားတွေ ဘာတွေလုပ်တာလဲ မသိဘူးဟု အကဲခတ်လို့ မရပါ။ နောက်တော့မှ သူတို့ က အချင်းချင်း ရင်းနှီးမှုကို တည်ဆောက်ခြင်းပါ။ ဒီတော့ တစ်ဦးက စတင်

မိတ်ဆက်သည် ။

"ကျွန်တော်နာမည်က တင်မောင်ပါ၊ ကျွန်တော် ဆယ်ကျော်သက်တုန်းက ရုပ်ရှင်မင်းသား ညွှန့်ဝင်းကို သဘောကျပါတယ်၊ ကျွန်တော်က ညွှန့်ဝင်းရဲ့ ပရိတ်သတ်ပါ"

ဤအဆင့်ထိMeeting က မစိုပြည်သေးပါ။ တစ်ဖန် နောက်တစ်ဦးက-

"ကျွန်တော်နာမည်က ဇော်ဝင်းပါ၊ ဆယ်ကျော်သက်တုန်းက မင်းသမီး အကယ်ဒမီ..... ကို သဘောကျခဲ့ပါတယ်။ သူ့ရဲ့ အနုပညာကို သဘောကျတာနော်၊ လူကိုတော့မဟုတ်ပါဘူး"

ဤအချိန်၌ အားလုံးပြုံးလာကြသည် ။ အစည်းအဝေး နည်းနည်းစိုပြည်လာပါသည် ။ တဖန် နောက်တစ်ဦးက-

"ကျွန်တော့်နာမည် ထွန်းဝင်းပါ၊ ဆယ်ကျော်သက်တုန်းက ကြိုက်ခဲ့တဲ့ မင်းသမီးက ရိုမီယိုနဲ့ ဂျူးလိယက် ဇာတ်ကားထဲက မင်းသမီးပါ၊ အဲ့တုန်းက e-mail မပေါ်သေးလို့ မိတ်ဆက်စာမရေးလိုက်ရဘူးဗျာ"

(ရယ်သံများ )

ဤအဆင့်၌ ရင်းနှီးမှု စတင် အသက်ဝင်လာပါပြီ။ ဒီတော့အေးစက်မှုတွေကို ဖြိုခွင်းတဲ့ မိတ်ဆက်ပွဲ (Ice break Introducing)ဟု ခေါ်နိုင်ပါသည် ။ ထိုအခါတစ်ဦးနှင့် တစ်ဦး ရင်းနှီးပွင့်လင်းကြသည် ။ Trust Building ခေါ် ယုံကြည်မှု တည်ဆောက်ခြင်း၏ တစ်စိတ်တစ်ဒေသလည်း ဖြစ်ပါသည် ။



ပုံ(၁)ကိုကြည့်ပါ

တစ်ချိန်က ကျွန်တော် ဝပ်ရှော့တစ်ခု တက်ရောက်နေပုံ ဖြစ်ပါသည် ။ Ice Break Introducting မလုပ်၍ ဝပ်ရှော့တက်သူ အချင်းချင်း သိပ်မရင်းနှီးပါ။ ထိုစဉ်က ကျွန်တော်သည် မိမိကအကြံဉာဏ် ပေးဖို့ မစဉ်းစားခဲ့ပါ။ သူများ ပြောတာကို လိုက်ရေးဖို့ အားသန်ခဲ့ပါသည် ။



ပုံ(၂)ကိုကြည့်ပါ။

ဝပ်ရှော့တစ်ခု လုပ်နေပုံပါ။ပုံ(၁)ပါ ဝပ်ရှော့နှင့် စာလျှင် ဤပုံသည် စိတ်ဖိစီးမှုနည်းပါသည် ။ ပေါ့ပေါ့ပါးပါး ရင်းရင်းနှီးနှီးနှင့် အလုပ်လုပ်ကြရာတွင် စကားများမှာ မကြောက်ရပါ။ အကြံကောင်းဉာဏ်ကောင်းတွေ ထွက်ပေါ်ပါသည် ။ ထိုသို့ ဖြစ်သည် မှာ ရေခဲခွဲ မိတ်ဆက်ပွဲကြောင့် ဖြစ်သည် ။

ရေခဲခွဲမိတ်ဆက်ပုံသဏ္ဍာန်ဘယ်လိုလုပ်ကြသလဲဆိုတာ အမျိုးမျိုးရှိပါသည် ။ လုပ်ပုံလုပ်နည်း(How)(ဘယ်လို)ဟု ခေါ်သည် ။ သို့သော် အရေးကြီးသည် မှာ ဘာကြောင့် လုပ်တာလဲ (Why) ဆိုတာ ဖြစ်ပါသည် ။ Why လို့ မေးလျှင် Because ရင်းနှီးမှုကတစ်ဆင့် အကြံကောင်း ဉာဏ်ကောင်းတွေ ထွက်ရန်ဟု သာ ပြောပါမည်။Why ကို မသိဘဲ How (ဘယ်လိုလုပ်လဲ)ဆိုသော နည်းသာ သိလျှင် အနှစ်သာရမရှိပါ။ တကယ်တော့ Why သည် How ၏ လျှို့ဝှက်ချက် ဖြစ်သည် ။

ဝပ်ရှော့အကြောင်း လေ့လာသူတို့ သည် ဝပ်ရှော့လုပ်နည်း သိခြင်း How ဆိုတာထက် Why ကိုမြင်အောင်ကြည့်နိုင်ရမည်ဟု ဆိုချင်ပါကြောင်း။

## ဝပ်ရှော့တစ်ခုတွင် ပါဝင်လေ့ရှိသော လုပ်ငန်းစဉ်များ

### Opening

ဝပ်ရှော့ ခေါ် အလုပ်ရုံဆွေးနွေးပွဲ ဖွင့်လှစ်ကြောင်း ကြေညာခြင်း ဆိုတာကတော့ သာမန် အစည်းအဝေးတွေမှာ ကြေညာသလိုပါပင်။

### Introducting(မိတ်ဆက်ပေးခြင်း)

Participant များ တစ်ဦးနှင့် တစ်ဦး မိတ်ဆက်ကြပါသည် ။

### Objective of the Workshop

ဝပ်ရှော့တစ်ခု စီစဉ်ရခြင်း၏ ရည်ရွယ်ချက်ကိုတော့ စီစဉ်သူက ပြောပြသင့်သည် ။ ရည်ရွယ်ချက်ကို ဦးတည်ပြီး လုပ်ဆောင်ချက်တွေကို ဆောင်ရွက်ရမှာ ဖြစ်ပါသည် ။ သို့မဟုတ်ပါက ပန်းတိုင်မဲ့ လမ်းလျှောက်ခြင်းမျိုး ဖြစ်နေပါသည် ။

ဥပမာ- ယင်လုံအိမ်သာ သုံးစွဲရေး အလုပ်ရုံ ဆွေးနွေးပွဲတစ်ခုကို NGO စီမံကိန်းတစ်ခုက ကျေးရွာတစ်ခုမှာ လုပ်သည် ဆိုလျှင် ဝပ်ရှော့ ရည်ရွယ်ချက်က-

-ယင်လုံအိမ်သာဟာ ဘာလဲဆိုတာ ကျေးရွာလူထု သိရန်၊

-ယင်နားစာအန္တရာယ် သိရန်၊

-ယင်လုံအိမ်သာ တည်ဆောက်နည်း သိရန်၊

စသည် ဖြင့်ရည်ရွယ်ချက်တွေချပြရပါမည်။

Objective of Participants(ဝပ်ရှော့ တက်ရောက်သူများ ၏ ရည်ရွယ်ချက်များကို မှတ်တမ်းတင်ခြင်း) တက်ရောက်သူများက ဘာအတွက် ဝပ်ရှော့ လာတက်တာလဲ မှတ်တမ်းတင်ရပါမည်။ ဥပမာ-

-ဗဟု သုတ တိုးပွားရန်၊

-မိတ်ဆွေ တိုးပွားရန်၊

-သတင်းအသစ်အဆန်း ဘာတွေ ရမလဲ၊

-ဝပ်ရှော့ အတွေ့အကြုံ ရရန်၊

စသဖြင့် ရည်ရွယ်ချက်တွေ ရှိကြပါသည် ။

သို့မှ သာ ဝပ်ရှော့ ပြီးလျှင် ရည်ရွယ်ချက်များ ပြီးရောက်ခြင်း ရှိ မရှိ ဆန်းစစ်ပြီး ဝပ်ရှော့ကို ထိရောက်ခြင်း ရှိ ,မရှိအကဲဖြတ်နိုင်ပါမည်။

Setting Group Rules(အလုပ်ရုံ ဆွေးနွေးပွဲ စည်းကမ်းများ သတ်မှတ်ခြင်း) ဝပ်ရှော့တက်ရောက်သူများ ဝပ်ရှော့တက်ရောက်ချိန် တစ်လျှောက်လိုက်နာရန် စည်းကမ်းများ ချမှတ်ရပါမည်။

ဥပမာ- ဝပ်ရှော့က ငါးရက် ကျင်းပသည် ။ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပမည် ဆိုလျှင်-

-နံနက် အချိန်မှန် ရောက်ရှိကြရမည်၊

-ပွင့်ပွင့်လင်းလင်း ဆွေးနွေးမည်၊

-မတူညီတဲ့ အယူအဆတွေကို ငြင်းခုံမည်၊ရန်မဖြစ်ရ၊

-ရေသာမနိုကြဘူး

စသဖြင့် မိမိတို့ အတွက် စည်းကမ်း မိမိတို့ ပြဋ္ဌာန်းရပါမည်။

Lecturing

ဝပ်ရှော့ လုပ်နေစဉ်အတွင်း လိုအပ်လျှင် လက်ချာလည်း ပေးသင့် ပေးရပါမည်။

Refreshment

ဝပ်ရှော့ ဆိုတာ လက်ချာထက်စာလျှင် များ စွာ ပင်ပန်းလှပါသည် ။ ဝပ်ရှော့ တက်သူတို့ ပင်းပန်းနွမ်းနယ်မှု ပိုမိုများ ပြား၍ ပြန်လည် လန်းဆန်းစေခြင်း ဖြစ်ရန် ဝပ်ရှော့ကို ခေတ္တ၊ ဥပမာ- ၁၅ မိနစ်ခန့်နား၍ ပေါ့ပေါ့ပါးပါး အစားအသောက်များ ကျွေးမွေးလေ့ ရှိပါသည် ။ ဤသို့ လုပ်ခြင်းကို Refreshment ဟု ခေါ်ပါသည် ။

Lunch break (နေ့လယ်စာ)

လက်ချာတစ်ခုသည် တစ်နာရီအတွင်း ပြီးနိုင်ပေမယ့် ဝပ်ရှော့တစ်ခု ကတော့ တစ်နေကုန် ကြာတတ်ပါတယ်။ သို့ပါ၍ ဝပ်ရှော့လုပ်စဉ် နေ့လယ် ၁ နာရီခန့် ရပ်နား၍ ထမင်း၊ နေ့လယ်စာ ညှေ့ ခံလေ့ရှိပါသည် ။

Small Group Discussion

ဤကိစ္စကို ဤစာအုပ် စာမျက်နှာ (၁၂) ၌ ဖော်ပြပြီးဖြစ်ပါသည် ။

Group Presentation

ဤကိစ္စကို ဤစာအုပ် စာမျက်နှာ (၁၃) ၌ ဖော်ပြပြီးဖြစ်ပါသည် ။

Plenary Session

အဖွဲ့ဝင်များ စုပေါင်း၍ ဝပ်ရှော့ကြီး တစ်ခုလုံး ဆွေးနွေးကြပါသည်
။

Role Play

Role Play ၏ အဓိပ္ပာယ်မှာ

Role Play – (noun) a learning activity in which you behave in the waysomething else would behave in a particular situation.

Role Play ကတော့ ပွဲမဝင်ခင် အပြင်က ကျင်းပခြင်းပဲဖြစ်ပါသည် ။ Meetion Workshop တွေကတော့ လုပ်ငန်းခွင်တွေမှာ လုပ်လေ့ရှိပြီး ညှိနှိုင်းတိုင်ပင် ဆွေးနွေးခြင်း ဖြစ်၍ Role Paly လုပ်တာ ရှားပါးသည် ။ Training Workshop မျိုးကတော့ သင်တန်းသားကို လေ့ကျင့်ပေးတာ ဖြစ်၍ Role Play လုပ်လေ့ရှိပါသည် ။

ဥပမာ- ယင်လုံအိမ်သာ Training workshop တွင် small group တစ်ခုစီမှာ ပါသော ငါးယောက်တစ်အုပ်စုလောက်က ယင်နားစာ စားမိ၍ အီးအီးပန်းသော ပုံသဏ္ဌာန်၊ ယင်လုံအိမ်သာ တည်ဆောက်ကြသော ပုံသဏ္ဌာန်ကို ပြဇာတ်ဆန်ဆန် သရုပ်ပြရပါသည် ။

Brain Storming(ဦးနှောက်မုန်တိုင်းဆင်ခြင်း)

Training Workshop တွေကတော့ ပါဝင်သူတွေကို တိုးတက်စေချင်တာကြောင့် ဦးနှောက်ကို အလုပ်ပေးသည့် အလေ့အကျင့်မျိုး ပေးရန်ရှိပါသည် ။ဒီတော့ခက်ခဲသည့် ဉာဏ်စမ်းပဟေဠိမျိုးကို လုပ်စေပါသည် ။ ဦးနှောက်ကို သွက်သွက်ခါသွားအောင် အလုပ်ပေးသည့် သဘောမျိုး ဖြစ်ပါသည် ။ ဉာဏ်စမ်းပဟေဠိ ဆိုရာမှာ ကမ္ဘာပေါ်၌ ဉာဏ်စမ်းပဟေဠိတွေ အများကြီး ရှိပါသည် ။ ပညာစမ်းပုစ္ဆာတွေလည်း မေးလို့ရပါသည် ။

## Energizer(ခွန်အားပြည့်စေခြင်း)

ရက်ရှည် ကျင်းပရသော ဝပ်ရှော့တွေသည် အမှန်တကယ် ပင်ပန်းပါသည် ။ ပါဝင်သူက (Participant)တွေက(Lunch Break)ပြီးလျှင် အိပ်ငိုက်တတ်ပါသည် ။ ဒီတော့ Facilitator က အားလုံးကို မတ်တတ်ရပ်စေပါသည် ။ ပြီးတော့ အထက်တန်းကျောင်းသား ဘဝက လုပ်ခဲ့သော ကာယလေ့ကျင့်ခန်းကို ပြန်လည်အမှတ်ရစေပါသည် ။ ဥပမာ "တစ်...နှစ်...သုံး... လေး...ငါး... ခြောက်...ခုနှစ်...ရှစ်"၊"ရှစ်... ခုနှစ်... ခြောက်... ငါး... လေး...သုံး...တန်း...ရပ်"ဆိုတာမျိုးပါ။

နှစ်ခါလောက် လုပ်လိုက်လျှင် အိပ်ငိုက်ပြေသွားပါသည် ။ ဒါမှ မဟုတ် ဟာသပုံပြင်တစ်ပုဒ် ပြောပြလျှင်လည်း ရပါသည် ။အိပ်ငိုက်နေသော ဝပ်ရှော့ကြီးမှာ ပြန်ပြီး လန်းလန်းဆန်းဆန်း ဖြစ်သွားလျှင် ပြီးပြီ။

## Questions & Answers

မိမိမသိတာတွေကိုလည်း မေးမြန်းနိုင်ပါသည် ။

Agreements, Planning, Decision Making(သဘောတူညီချက်များ ရယူခြင်း၊ ရှေ့လုပ် ငန်းစဉ်များ ချမှတ်ခြင်း၊ ဆုံးဖြတ်ချက်များ ချမှတ်ခြင်း) အထက်ပါလုပ်ငန်းများကို Meetin g Workshop များ ၌ ပိုမို တွေ့နိုင်ပါသည် ။

Evaluation(ဝပ်ရှော့ကို အကဲဖြတ်ခြင်း)

ဝပ်ရှော့တစ်ခုသည် ရည်ရွယ်ချက်များ ချမှတ်ပြီး ကျင်းပပါသည် ။ ဝ ပ်ရှော့ပြီးသွားတော့ ၎င်းရည်ရွယ်ချက်များ အထမြောက်ရဲ့ လား အကဲဖြ တ်ရန် လိုပါသည် ။ ထိုသို့အကဲဖြတ်ခြင်းကို Evaluation လို့ လည်း ခေါ် ပါသည် ။

ပါဝင်သူ တစ်ဦးစီက အကဲဖြတ်ရပါသည် ။ ဝပ်ရှော့ကို နားလည်လျှ င် နားလည်သည်၊ မလည်လျှင် မလည်ဘူး ပွင့်ပွင့်လင်းလင်း ပြောနိုင်ပါ သည် ။ အနာဂတ် ဝပ်ရှော့များ အတွက်လည်း အကြံပြုနိုင်ပါသည် ။ Ev aluation နှင့် စပ်လျဉ်း၍ Training Evaluation ၌ လည်း ရေးသားတင်ပြ ပြီး ဖြစ်ပါသည် ။

*

## ဟောပြောပွဲတစ်ခု၏ အရည်အသွေး ဆိုသည် မှာ

ဟောပြောပွဲတွေ ဆိုတာ အမျိုးမျိုး ရှိကြပါသည် ။ ဥပမာ- စာရေးဆရာတို့ ၏ စာပေဟောပြောပွဲ၊ ဆရာတော်ဘုန်းကြီးတို့ ၏ တရားပွဲ၊ ပညာရှင်တို့ ၏ ဘာသာရပ်ဆိုင်ရာ ဟောပြောပွဲ စသည် ဖြင့် တော်တော်များ ပြားပါသည် ။ ဟောပြောပွဲများ ရှင်သန်ဖွံ့ဖြိုးနေခြင်းသည် တိုင်းပြည်ဖွံ့ဖြိုးနေခြင်း၏ လက္ခဏာတစ်ခုဟု ဆိုချင်ပါသည် ။ ဟောပြောပွဲတို့၏ အရည်အသွေးတိုးတက်နေရေးအတွက် ဟောပြောပွဲဆိုင်ရာ ဒဿနများကိုရှုထောင့် တစ်ခုမှ နေ၍ တင်ပြလိုပါသည် ။

ကျွန်တော် ဆေးကျောင်းသား ဘဝတုန်းက ကျွန်တော်တို့ ဆေးတက္ကသိုလ်(၁) သို့ စာရေးဆရာကြီး သော်တာဆွေ၊ စာရေးဆရာကြီး ဗိုလ်ဗကို၊ စာရေးဆရာမကြီး (ဒေါ်)ယုဝတီခင်စိန်လှိုင်တို့ လာရောက်ဟောပြောဖူးရာ ကျွန်တော်တို့ အထူးနှစ်ခြိုက်ဖူးပါ၏။ ကျွန်တော် ဆရာဝန်ဖြစ် လာပြီး နှစ်အနည်းငယ် ကြာသောအခါ HIV ကာကွယ်ရေး ဟောပြောပွဲတွေ တော်တော်များများ ကျွန်တော် ဟောပြောဖူးပါသည် ။ တဖန် HIV ကာကွယ်ရေး အလုပ်ရုံဆွေးနွေးပွဲ (ဝပ်ရှော့)တွေ တော်တော်များများ လုပ်ခဲ့ရာ ဝပ်ရှော့က ပို၍ ထိရောက်ကြောင်း တွေ့ခဲ့ရပါသည် ။

နောင်အခါ ကျွန်တော်သည် စာရေးဆရာ လုပ်သောအခါ ကျွန်တော်သည် ပါမွှားစာရေးဆရာတစ်ဦးသာ ဖြစ်၍ ကျွန်တော်အား စာပေဟောပြောပွဲ ဟောပါဟု ဖိတ်လေ့မရှိပါ။ တစ်ဦးစ နှစ်ဦးစ

ဟောပြောပွဲကမ်းလှမ်းသောအခါ၌ လည်း ကျွန်တော်သည် အကြောင်းမညီညွတ်၍ မသွားရောက်နိုင်ခဲ့ပါ။

သို့သော်ထူးထူးဆန်းဆန်း စာဖတ်ပရိတ်သတ်တစ်ဦးနှင့် တွေ့ဆုံခဲ့ရဖူးသည် ။ သူ၏ နာမည်ကတော့ ဒေါက်တာစိုးတင့်ထူး (MA.Ph.D) ဖြစ်၏။ ကျွန်တော်သည် စီမံခန့်ခွဲရေး ဘာသာရပ်သင်တန်းလည်း ဖွင့်နေပါ၍ သူက ကျွန်တော်သင်တန်း၌ လာရောက်တက်ဖူးသည် ။ နောက်ပိုင်းတွင် လူချင်းခင်သွား၍ သူသည် ကျွန်တော်ဆောင်းပါးရေးရန် ခေါင်းစဉ်တွေ လာလာ၍ ပေးတတ်ပါသည် ။

ဤတွင် ဖြစ်ပုံကဒီလိုပါ။သူကကျွန်တော့်၏ အမာခံစာဖတ်ပရိတ်သတ်ဖြစ်ပြီးကျွန်တော်ရေးသောစာအုပ်များကို မလွတ်တမ်း ဖတ်သည် ဟုဆိုပါ၏။ တဖန် ကျွန်တော် စာပေဟော ပြောပွဲ၌ဟောလျှင်သူတက်လိုပါသည် ၊ သူ့ကိုအကြောင်းကြားပါဟု ဆို၏။ သူက ကျွန်တော့်ကို မေး တာကတော့ "ဆရာဦးထွန်းဝင်း စာပေဟောပြောပွဲတွေ ဘယ်မြို့နယ်တွေမှာ ဟောပြီးပြီးလဲ"ဟု မေးတော့ကျွန်တော်က " ဟောပြီးပါပြီ၊ ဒါပေမယ့် တစ်ပွဲမှ မဟောဖူးသေးဘူး"ဟု ဖြေတော့ အဖြေကို သူနားမလည်ပါ။

ဒီတော့ နားမလည်ကြောင်း မေးတော့ ရှင်းပြရတာကတော့ ဒီလိုပါ။ မဟောဖူးပါဘူး ဆိုတာကတော့ စာရေးဆရာအဖြစ် စင်မြင့်ပေါ်က နောက်ခံပိတ်ကားရဲ့ ရှေ့မှာ စကားပြောစင်နဲ့ မိုက်ခွက်ကိုင်ပြီး မဟောဖူးပါဘူးလို့ ဖြေရပါသည် ။ ဟောပြီးပါပြီ ဆိုတာကတော့ဒီလိုပါ။ ဒေါက်တာစိုးတင့်ထူးက ကျွန်တော့်အိမ်သို့ လာလည်လေ့ရှိပြီး ကျွန်တော်၏ ဒဿနအချို့ကို နားထောင်တတ်ပါသည် ။ ဒီတော့ကျွန်တော့်ရဲ့ စည့်ခန်းထဲမှာ သူ့ကို ပြောပြတာတွေ ရှိတော့ ကျွန်တော်ကတရားဟော

ဆရာ၊ သူက ပရိတ်သတ်ပေါ့ ဟု ပြောတော့သူက-

"ဟာဗျာ..ဆရာကတော့ ပြောရှောမယ်၊ ခေတ်မီဟောပြောပွဲဆိုတာ ဆရာကြီးက လူတစ်ထောင်လောက် ဆံ့တဲ့ အဲကွန်းခန်းမကြီးမှာ ခံ့ခံ့ညားညားနဲ့ စင်ပေါ်မှာ တက်လို့ ကွန်ပျူတာပါဝါပွိုင့်ဆလိုက်နဲ့ ရှင်းပြ၊ တက်ရောက်သူတွေက နာယူမှတ်သား၊လူတွေကလည်း ပြည့်လျှံဆိုတာမျိုး ဆရာ့ကိုဖြစ်စေချင်တာပါ"ဟု ဆိုပါ၏။

ပြီးတော့ ထပ်ပြီးပြောတာကတော့ "တစ်ယောက်စနှစ်ယောက်စ ဒါမှ မဟုတ် လူလေး၊ငါးယောက် ကို ဟောပြောလို့ ဟောပြောပွဲမည်ပါ့မလား ဆရာ"ဟု ဆိုပါ၏။

ဒီတော့ ကျွန်တော်ရှင်းရတာကတော့-

"အဲဒါက ကွမ်တတီ ဟောပြောပွဲ (Quantity talk) အဆင့်ရောက်တာသေချာပြီ"လို့ ပြောမိ ပါသည် ။ သူက ဆက်ရှင်းပါဦး ဟု ဆိုသည် ။ ဒါနဲ့ ရှင်းရတာကဒီလိုပါ။

ကျွန်တော်- ဒီလိုဗျာ၊ဥပမာ-ဓမ္မကထိတစ်ဦးဟာဘာသာရေးတရားဟောမယ်ဆိုပါတော့၊ ပရိတ်သတ် ထောင်ချီ၊သောင်းချီ လာမယ်၊ ဟောတာကို ဗီဒီယိုရိုက်မယ်၊CDထွက်မယ်၊ ဒါပေမယ့် ထောင်ချီ၊ သောင်းချီတဲ့ ပရိတ်သတ်မှာ ရာနှုန်း အနည်းငယ်ပဲ ငါးပါးသီလကို ခါးဝတ်ပုဆိုးလို မြဲသွားတတ်တယ်ဆိုရင် အရေအတွက် ဟောပြောပွဲ ဖြစ်တယ်ဗျ။

ဒေါက်တာစိုးတင့်ထူး - ဆက်ရှင်းပါဦးဆရာ။

ကျွန်တော်- ကွာလတီ ဟောပြောပွဲ (အရည်အသွေးဟောပြောပွဲ) ဆိုတာကတော့ ဒီလိုဗျ။ မြတ်စွာဘုရားက ပဉ္စဝဂ္ဂီ ငါးဦးကို ဓမ္မစကြာ တရားဦး ဟောတော့ မိုက်ခွက်မရှိပါဘူး၊ အဲကွန်းခန်း မဟုတ်ဘူး ၊ ညောင်

ပင်အောက်မှာ ဟောတာပါ။ ဒါပေမယ့်တရားနာပရိတ်သတ်အားလုံးရ ဟန္တာဖြစ်သွားတယ်။ အဲ့ဒါ Quantity ဟောပြောပွဲဗျ။

ဒေါက်တာစိုးတင့်ထူး - ဒါဆိုရင် ဆရာရေ၊ ကြီးကျယ်တဲ့ ဟောပြောပွဲကြီးတွေကQuality မရှိဘူးလို့ ဆိုချင်တာလား။

ကျွန်တော် -ဒီလိုလည်း မဟုတ်သေးဘူးဗျ။ ဘုရားရှင်လက်ထက်က ဝါတွင်း သုံးလ နတ်ပြည်ကိုတက်ပြီး တရားဟောတယ်။ ဒီတော့ကုဋေနဲ့ ချီပြီး အရေအတွက်ရှိတဲ့ နတ်ဗြဟ္မာတွေဟာ တရားနာပြီး ရဟန္တာ ဖြစ်ကုန်တယ်။ ဒီတော့ Quantity ရော Quality ရော ကောင်းတာပေါ့ဗျာ။ ကြီးကျယ်တဲ့ ဟောပြောပွဲမှာ Quantityကို တိုင်းရတာ လွယ်တယ်။ Quality တိုင်းရတာ ခက်တယ်။ Quantity ရော Qualityရော ကောင်းတာလည်း ဖြစ်နိုင်ပါတယ်

ဒေါက်တာစိုးတင့်ထူး - Quality ကောင်းတယ် ဆိုတာဥပမာပေးပါဦး ဆရာ။

ကျွန်တော် -ဒီလိုဗျ...ဟောပြောသူ(Speaker)ရဲ့ ရည်ရွယ်ချက်(Objective) ကဘာလဲ၊အဲဒီရည်ရွယ်ချက်ကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ရမယ်။ ပြီးတော့ ဦးဆောင်သူတွေက Conceptual Development လို့ ခေါ်တဲ့ ခံယူချက် တိုးတက်မှု ဖြစ်ရမယ်။ပြီးရင် အမူအကျင့် ပြောင်းရမယ်။

ဒေါက်တာစိုးတင့်ထူး - ဒါဆိုရင် ဆရာ၊ Qualityကောင်းအောင် ဟောပြောသူက ဘယ်လို ကြိုးစားရမလဲ။

ကျွန်တော် -ဒီလိုဗျ၊ မြတ်စွာဘုရား လက်ထက်တုန်းက တရားနာသူအားလုံး ကျွတ်တမ်းဝင်တယ်။ အဲ့ဒါ ဘုရားက သူ့ရဲ့ ဒိဗ္ဗစက္ခုဉာဏ်နဲ့ ဘယ်သူတွေ ကျွတ်တမ်းဝင်မလဲဆိုတာ ကြိုသိပြီး ပါရမီပါသူကို ဟော

တော့ အားလုံးကျွတ်တမ်းဝင်တယ်။ စာရေးဆရာတို့ ၊ ဟောပြောသူတို့က တရားနာပရိတ်သတ်အကြောင်းကို ကြိုမသိဘူး။ သို့သော် သိအောင်လုပ်တဲ့ နည်းရှိတယ်။ အဲဒါက ဟောပြောတဲ့ ခေါင်းစဉ်ကို အရင် ကြိုပေးပြီး သူတို့ ကိုအရင် ဆွေးနွေးခိုင်းတယ်။ အဲ့ဒါ ဝပ်ရှော့ပုံစံပဲ။ ဝပ်ရှော့မှာ ဦးဆောင်သူ (Facilitator)က တက်ရောက်သူတွေရဲ့ စိတ်သန္တာန်နဲ့ အာဘော်ကို သိနိုင်တယ်။ လက်ချာ (Lecture) မှာ မသိနိုင်ဘူး။ သို့သော် ဦးဆောင်သူက အတွေ့အကြုံနဲ့ ပညာ အများ ဆုံး ဖြစ်နေတတ်တော့ တက်ရောက်သူ အားနည်းချက်ကို ဒိုင်ယာလော့(Dialogue) အပြန်အလှန် စကားပြောခြင်းပုံစံနဲ့ ပြုပြင်သွားနိုင်တယ်။ ဝပ်ရှော့မှာ တက်ရောက်သူတွေကResponse ခေါ် တုန့်ပြန်မှု ရှိတယ်။ လက်ချာမှာ မရှိဘူး။ ငြိမ်ပြီးနားထောင်နေကြတယ်။ ဒီတော့ လက်ချာပုံစံ ဟောပြောပွဲမှာ ပရိတ်သတ်က မိမိပြောတာကို လက်ခံလား၊လက်မခံလား မသိနိုင်ဘူး။ ဒါကြောင့် ဟောပြောပွဲကို ထိရောက်အောင် လုပ်တဲ့ နည်းအမျိုးမျိုးရှိရာမှာ လက်ချာပုံစံ ပြောင်းတဲ့ နည်းက ထိရောက်တဲ့ နည်းပါပဲ။

ဒေါက်တာစိုးတင့်ထူး - ဒါဆိုရင် ဆရာ၊ ဟောပြောပွဲတွေအားလုံးကို ဝပ်ရှော့ပုံစံပြောင်းသင့် တယ်လို့ ဆိုလိုပါသလား။

ကျွန်တော် -ဒီလိုလည်း မဟုတ်သေးပါဘူးဗျ။ ရေးထုံးကိုလည်း မပယ်နဲ့ ၊ ဈေးသုံးကိုလည်း မကြွယ်နဲ့ ဆိုတဲ့ စကားလည်း ရှိပါတယ်။ လက်ချာပုံစံမှာ လည်း အားသာချက်တွေ ရှိပါတယ်။ဥပမာ အချက်အလက်(Data) ပေးတာမြန်တယ်။ ဝပ်ရှော့ တစ်ခုမှာ တစ်နေ့လုံး ကျင်းပမယ့် ခေါင်းစဉ်တစ်ခုကို Lecture ပုံစံနဲ့ ဟောရင် တစ်နာရီလောက်နဲ့ ပြီးသွားပါမယ်။ ကမ္ဘာ့ထိပ်တန်း တက္ကသိုလ်ကြီးတွေမှာ လည်း Lecture ပုံစံကို လုံးလုံးလျားလျား မစွန့်လွှတ်သေးပါဘူး။ Lecture ပုံစံ အစဉ်အလာကို ထိန်းသိမ်းရင်း တစ်ဖက်မှာ လည်း ဝပ်ရှော့ပုံစံကို ဖွံ့ဖြိုးအောင် လုပ်ရပါ

မယ်။ Data Information ခေါ် သတင်းအချက်အလက် မြန်မြန်ပေးချင်ရင်၊ အချိန်ကုန်သက်သာစေချင်ရင် Lacture Type ဟောပြောပွဲ လုပ်ရပါမယ်။ ပရိတ်သတ်ရဲ့ ခံယူချက် ပြောင်းလဲမှု (Conceptual) ပြောင်းချင်ရင် ဝပ်ရှော့ပုံစံကို ပိုမိုပြီး အချိန်ကုန်၊ ငွေကုန်၊ လူအပင်ပန်းခံပြီး လုပ်ရပါမယ်။

ဒေါက်တာစိုးတင့်ထူး - ဒါဆိုရင် ဆရာ၊ ကျွန်တော်တို့ နိုင်ငံမှာ ဝပ်ရှော့တွေ တွင် တွင် ဖွံ့ဖြိုးလာဖို့ နီးပြီလို့ ခန့်မှန်းပါသလား။

ကျွန်တော်- နိုင်ငံခြားသားတွေနဲ့ ဆက်စပ်ပြီး အလုပ်လုပ်ရတဲ့ INGO တွေ UNစီမံကိန်းတွေ မှာ တော့ ဝပ်ရှော့က ဖွံ့ဖြိုးနေပါပြီ။ ဒါပေမယ့် မြန်မာတွေရဲ့ သီးသန့်ပွဲတွေမှာ ဝပ်ရှော့အရေအတွက် နည်းပါသေးတယ်။ ဒါပေမယ့် အခုအခါ ဝပ်ရှော့တစ်ခုစ နှစ်ခုစ လုပ်တဲ့ သတင်းတွေကို ဂျာနယ်တွေမှာ ဖတ်ရပါပြီ။ ဒါဟာ အလွန်ကောင်းပါတယ်။

ဒေါက်တာစိုးတင့်ထူး - သဘောပေါက်ပါပြီ ဆရာ။ ဆရာဦးဆောင်ပြီး ကျင်းပမယ့် ဝပ်ရှော့တစ်ခုလောက်တက်ချင်ပါသေးတယ်။

ကျွန်တော်- ခင်ဗျားနဲ့ ကျွန်တော် အခုဆွေးနွေးပွဲလေးကို မိုက်ခရိုဝပ်ရှော့(ဝပ်ရှော့အငယ်စား) လို့ သတ်မှတ်လို့ ရပါတယ်။

ဒေါက်တာစိုးတင့်ထူး - ဟုတ်သားပဲ ဆရာ။ ကျွန်တော် ဒသသန ဖွံ့ဖြိုးမှုတွေရပါတယ်။ ကျေးဇူးတင်ပါတယ်။။။

ကျွန်တော်- ကျွန်တော်ကလည်း ကျေးဇူးတင်ပါဗျာ။ ဘာဖြစ်လို့ လဲ ဆိုတော့ ဆောင်းပါးရေးဖို့ အကြောင်းအရာတစ်ခု ရသွားတာကိုး ဟု ဆိုလိုက်ပါကြောင်း။

## ဆရာစားချန်သော ဆရာများ ထံက ပညာဆည်းပူးနည်း သို့မဟုတ် သွက်လက်သော ပညာရှာသူ(Active Learner)

ဖတ်ခဲ့ဖူးသော ပုံပြင်များ ထဲတွင် လုလင်တစ်ဦးသည် မျိုင်းတစ်ကောင်ထံမှ ပညာရဖူးသည် ။ မျိုင်းသည် ရေအောက်မှ ရှာဖွေမိထားသော ငါးများကိုချက်ချင်း မျိုမချဘဲ အပေါ်သို့ မြှောက်ပြီးမှ နှုတ်သီးနှင့် ပြန်ဖမ်းပြီး မျိုချသည် ။

ဒါကို လုလင်တစ်ယောက်က မြင်သဖြင့် ခဲလုံးကို အပေါ်သို့ မြှောက်၍ ပါးစပ်ဖြင့် ဖမ်းကြည့်သည် ။ တဖြည်းဖြည်းနှင့် ဝါရင့်လာသော် လုံကို အပေါ်မြှောက်၍ ပါးစပ်နှင့် ကိုက်ဖမ်းနိုင်ပါ၏။ ဒါက တိရစ္ဆာန်သည် လူသား၏ ဆရာဖြစ်ဖူးသည် ဟူသော ဥပမာတစ်ခုပါ။ အဲ့ဒါကိုမြင်ဆရာဟုခေါ်သည် ။ မျိုင်းက သင်ပေးတာတော့မဟုတ်။

လေ့လာသူ(Learnလုပ်သူ)နှစ်မျိုးရှိရာ သွက်လက်သောလေ့လာသူ(Active Learner) နှင့် မသွက်လက်သောလေ့လာသူ (Passive Learner)ဟူ၍ ရှိပါ၏။

Passive Learner ကတော့ သင်ဆရာကသင်ပေးတာလောက်ပဲ တတ်သည် ။ မိမိဘာသာကြိုးစား၍ ပညာမရှာပါ။

Active Learner ကတော့ သင်ဆရာ၊မြင်ဆရာ၊ ကြားဆရာ၊လူ တိရိစ္ဆာန်မကျန် မြင်မြင်သမျှ၊ ကြားကြားသမျှ အားလုံးထံက သင်ယူပါ၏။

တစ်ခါတုန်းက ဖြစ်ပါသည် ။ ကျွန်တော် လည်း ဖွံ့ဖြိုးရေးစီမံကိန်း တစ်ခုမှာ အမျိုးသားစီမံ ကိန်းအရာရှိ(National Project Officer) အဖြစ် တာဝန်ထမ်းဆောင်ပါသည် ။

National Officer ဖြစ်သော်လည်း စီမံကိန်းတည်ဆောက်ပုံအရ နယ်မြို့တစ်ခုမှာ ရုံးထိုင်ပါသည် ။ ဖွံ့ဖြိုးရေးစီမံကိန်းက တော်တော်ကြီးပါသည် ။ ကျွန်တော်က ၎င်းရုံး၌ လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ (Chairman of Working Group)ဖြစ်ပါသည် ။

၎င်းရုံး၌ Township Project Officer ၁၀ လောက်ရှိပါသည် ။ သစ်တောအရာရှိ၊ ပညာရေးအရာရှိ၊ ကျန်းမာရေးစီမံချက် အရာရှိစသဖြင့် လူတော်တော်စုံပါသည် ။ တစ်နေ့တော့ ကျန်းမာရေးလုပ်ငန်းတွေ လုပ်နေသော စီမံကိန်း ဆရာဝန်က အလုပ်ထွက်သွား၍ ၎င်းနေရာသို့ လူ သစ် ဆရာဝန်မ အမျိုးသမီးတစ်ဦး ရောက် လာပြီးသူက ကျွန်တော်ထံသို့ သူ့အလုပ်ဝင်ကြောင်း သတင်း လာပို့သည် ။သူသည် ဆေးကျောင်းတုန်းက ကျွန်တော်ထက်တစ်နှစ်ငယ်ပါသည် ။ သူက ထိုင်းနိုင်ငံ မဟီဒေါတက္ကသိုလ်က ကျန်းမာရေးဆိုင်ရာ လူမှုရေးသိပ္ပံ မဟာဝိဇ္ဇာဘွဲ့ (M.A,Health social Science)ရခဲ့သည် ဆိုပါ၏။

ကျွန်တော်ကHealth Social Science ဘာသာရပ်ကို တော်တော်စိတ်ဝင်စားသည် ။ ဒီတော့ ကျွန်တော်သိချင်တာကို ခဏ ခဏ မေးလေ့ရှိသည် ။ သူကလည်း ရှင်းပြသည် ။ ဒီတော့ တစ်ခြား Township Project Officer အမျိုးသားတစ်ဦးက ကျွန်တော်ကို သူ့စေတနာအရ လက်တို့ ပြီး ပြောသည် ။

"ဆရာ ဦးထွန်းဝင်း... ဆရာတို့ က ဆရာဝန် အချင်းချင်းပဲ၊ ကိုယ့်ထက်ရာထူးငယ်တဲ့ လူဆီက ပြန်သင်မနေပါနဲ့ ၊ သိချင်တာရှိရင် ကျွန်တော်

တို့ စီမံကိန်းကနိုင်ငံခြားသားအကြံပေးအရာရှိ (Advisor) အဖြစ် ဒေါ်လာ အများကြီးပေးပြီး ခန့်ထားတာပဲ၊ မေးပေါ့၊ ကျွန်တော်တော့ နိုင်ငံခြားသားChief Teachnical Advisor ကလွဲရင်ပေါ့ ဘယ်သူမှ ဆရာမတင်နိုင်ဘူး"ဟု လက်တို့ သတိပေးပါ၏။

သူက စေတနာဖြင့် ပြောသော်လည်း သူနှင့် ကျွန်တော်က အယူအဆချင်းမတူပါ။ ကျွန်တော် ယူဆတာကတော့ ပညာဆိုသည် မှာ တိရစ္ဆာန်ဆီကတောင် ယူတတ်လျှင်ရသည် ။ သူဘယ်လောက်တတ်လဲ၊ ငါဘယ်လောက်တတ်လဲ ပညာချင်း ပြိုင်ရန်မလို။ မသိတာရှိလျှင်မေး၊ သိတာရှိလျှင် လိုအပ်က ပြောပြ။ ကောင်းရာကောင်းကြောင်းအတွက် ပညာကို အသုံးချနိုင်ရန်ပဲ ဖြစ်ပါသည် ။

Active Learner ဆိုတာ"ပညာရှာပမာသူဖုန်းစား"ပါပဲဟု ခံယူပါသည် ။

တစ်နေ့တော့ အဲ့ဒီမြို့ကိုပဲ သူနာပြုအရာရှိမ တစ်ယောက် Tourist အဖြစ် လာလည်သည် ။ စီမံကိန်းရုံးကို လာပြီး လေ့လာတော့ ကျွန်တော်သည် ဧည့်ခံရပါသည် ။ရင်းရင်းနှီးနှီးနှင့် စီမံကိန်းအကြောင်း ဆွေးနွေးခဲ့ကြသည် ။ သူက အဲ့ဒီအချိန်မှာ သူနာပြု မဟာသိပ္ပံ(M.Sc,Nursing Sciense)အောင်ပြီးသူနာပြုပါရဂူ ဒေါက်တာဘွဲ့ (Ph.D.Nursing) တက်နေပါသည် ။ ဩစတြေးလျမှာ ကျောင်းတက်နေတာ ဖြစ်၏။

ကျွန်တော်က ခေါင်းစဉ် တစ်ခု အကြောင်းကို ပြောပြတော့ ပထမ သူရိုးရိုးပဲ နား ထောင်သည် ။ နောက်တော့ စိတ်ဝင်စား လာပြီး ကျွန်တော့် ပြောကြားချက်တွေက သူ၏ Ph.D.Thesis အတွက် အထောက်အကူရပါတယ် ဆိုပြီး Lecture ပေးနိုင်းပါတော့သည် ။ ကျွန်တော် Lecture ပေးတော့ သူကမှတ်စုစာအုပ်နှင့် လိုက်မှတ်ပါသည် ။

နောက်ရက်ကျတော့ ရုံးက လုပ်ဖော်ကိုင်ဖက်တွေက ကျွန်တော့်ကို " ဆရာက Ph.D Candidate ကိုတောင် လက်ခံပေးနိုင်ပါလား"ဟု ပြောပါသည် ။ ကျွန်တော် 'တော်' တာမဟုတ်၊ ၎င်း Ph.Dကျောင်းသူသည် Active Learner ဖြစ်သည် ၊Active Learnerဆိုသည် က တီရိစ္ဆာန်ထံမှ ပင်လျှင် ပညာယူတတ်သည် ဟု သူတို့ ကိုကျွန်တော်ရှင်းပြလိုက်သည် ။

ဆရာတွေ ဘယ်လိုပင် ဆရာစား ချန်ပေမဲ့Active Learner တွေ ပညာစုံသွားပုံ ပုံပြင်တစ်ခုကိုလည်း မျှဝေးပါရစေဦး။

တစ်ခါကမောင်ကောင်းမြတ်ဆိုတာရှိသည် ။ သူသည် Active Learner တစ်ယောက်။ သူက တစ်ချိန်ချိန်မှာ ဒံပေါက်ဆိုင်ဖွင့်ချင်သည် ။ ဒီတော့ပထမ ဒံပေါက်ဆိုင်တစ်ဆိုင်မှာ အစေအပါးဝင်လုပ်ရင်း ပညာသင်သည် ။ ပထမဆိုင်က ခိုင်းတော့ ခိုင်းသည် ။ ဒါပေမဲ့ ပညာကုန်တော့ မပေးချင်။ ဒံပေါက်မဆလာ စပ်နည်းပဲပြပြီး ဒံပေါက်ကြက်သားကို နူးအောင် လုပ်သောနည်း မပြပေ။ ပြီးတော့ ဒံပေါက်ထမင်းကို ထောပတ်စပ်သောနည်း မပြပါ။

သူက Active Learnerဖြစ်၍ နောက်တစ်ဆိုင်မှာ တပည့်ခံပြန်သည် ။ ဒုတိယဆိုင်က ကြက်သားကိုနူးအောင်လုပ်သောနည်းပဲ ပြပြီး မဆလာစပ်နည်းနှင့် ထမင်းကိုထောပတ်ရော သောနည်းကိုတော့လျှို့ထားပြီး ဆရာစားချန်သည် ။ ဒီတော့ Active Learner ကတတိယဆိုင်မှာ သူဖုန်းစားသဖွယ် တပည့်ခံပြန်သည် ။ တတိယဒံပေါက်ဆိုင်က ထမင်းကို ထောပတ်စပ်သောနည်းပဲသင်သည် ။ ကျန်နှစ်မျိုးကို လျှို့ထားလိုက်သည် ။

သို့ပေမဲ့ သုံးဆိုင်မှာ တပည့်ခံပြီးတော့ ဒံပေါက်ချက်နည်း တတ်သွားပါသည် ။

Active Learner တစ်ယောက်ရဲ့ ပညာလိုချင်စိတ်ကို ဘယ်သူမှ မတားစီးနိုင်ပါ။ တပည့်တွေက အနာဂတ်မှာ ဆရာထက် ပိုပြီးတော်နိုင်သည့် တစ်ခုတည်းသောနည်းလမ်းကတော့ Active Learning ပဲဖြစ်ပါတယ် ။ တပည့်က ဆရာထက် သာမှ သာ အနာဂတ်သည် ပစ္စုပ္ပန်ထက် သာပါလိမ့်မည်။

ဆရာသင်သလောက်ပဲ တတ်တာမျိုးကို ခွံ့ကျွေးရတာမျိုး (Passive Learning)ဟု ခေါ်ပါသည် ။ Spoon feeding လို့ လည်း ပြောနိုင်ပါ၏။

Active Learning ဆိုတာကတော့ ကျောင်းတက်ရုံမက စာကြည့်တိုက်သွား ၊သတင်းစာ၊ ဂျာနယ်၊ စာအုပ်မျိုးစုံ၊ အင်တာနက်၊ ရေဒီယို၊ တီဗီ စကားဝိုင်းတွေပါမက မြင်မြင်သမျှ၊ ကြားကြားသမျှ သက်ဆိုင်သော သုတကို လေ့လာနိုင်ပြီး ခွဲခြမ်းစိတ်ဖြာနိုင်သူ ဖြစ်ပါသည် ။

ပညာရှာပမာသူဖုန်းစား ဟူသော စကားပုံအတိုင်း သူဖုန်းစားကဲ့သို့ မိမိကိုယ်ကိုယ် နှိမ့်ချ၍ ပညာရှာသူဟု ဆိုချင်ပါကြောင်း။

အခွင့်အလမ်းဂျာနယ် (၃၀-၆-၂၀၀၉)

*

# တစ်ထွာပြလျှင် တစ်တောင်မြင်ဖို့ လိုသည်

တစ်ခါက ရန်ကုန်မြို့တွင် ဖွင့်လှစ်နေသော သင်တန်းကျောင်း တစ်ခုက ကျွန်တော်အား မိတ်ဆက်လာပါသည် ။ သူတို့ ၏ သင်တန်းကျောင်းတွင် အချိန်ပိုင်း သင်တန်းဆရာအဖြစ် ဆောင်ရွက်ရန် ဖြစ်ပါသည် ။ သင်ရမည့် ခေါင်းစဥ်ကတော့ About NGOs(အင်ဂျီအိုအကြောင်း သိကောင်းစရာ) ဖြစ်ပါသည် ။ကျွန်တော်ကလည်း UNအေဂျင်စီများ နှင့် INGOတို့ တွင် ဆယ်နှစ် တစ်ဆက်တည်း တာဝန်ထမ်းဆောင်ခဲ့ဖူးပါသောကြောင့် About INGOs ဆိုသော သင်တန်းကို တစ်သုတ်ပေးခဲ့ဖူးပါ၏။ နောက်ပိုင်းလည်း ဖုန်းဆက်၍ NGO အကြောင်း ဘယ်တော့ပို့ချမှာ လည်း ဆရာဟု မေးသူတွေရှိသော်ငြားလည်း မပို့ချဖြစ်ခဲ့ပါ။ ဘာကြောင့် လည်း ဆိုတော့ သူတို့ ကလည်း ဒီသင်တန်းတက်ပြီးလျှင် INGO မှာ အလုပ်ရမှာ လား ဆရာလို့ မေးတတ်သောကြောင့် ပင်။ သူတို့ ဘက်ကလည်း ငွေကြေးနှင့် အလုပ်အကိုင်အတွက် ရှန်းကန်နေချိန်၌ သင်တန်းပြီးလျှင် အလုပ်မြန်မြန် လိုချင်ပါ၏။

သို့သော်သင်တန်းဆရာဘက်ကလည်း တတ်အောင်သင်တာသာဖြစ်ပြီး အလုပ်ရရန်ကိစ္စသည် နောက်ထပ်ကိစ္စတစ်ခု ဖြစ်ပါသောကြောင့် အလုပ်အတွက် အာမ မခံနိုင်၍ ယင်းခေါင်းစဥ်နှင့် သင်တန်းကိုတော့ နားထားခဲ့ပါသည် ။ သို့သော် INGO,UN စသည် တို့ သည် မြန်မာကုမ္ပဏီ ဝန်ထမ်းတို့ ထက်တော့ လစာကောင်းပါသောကြောင့် INGOလုပ်ငန်းအကြောင်း စိတ်ဝင်စားသူတွေ များ မည်ဆိုတာတော့ သံ

သယဖြစ်စရာ မဟုတ်ပါ။ သို့နှင့် ယခု ဆောင်းပါးကိုရေးသားရပါ၏။ ဤဆောင်းပါး၌ ရေးမည့် အကြောင်းကတော့ တစ်ချက်တည်း၊ တစ်ကွက်တည်းပဲဖြစ်ပါသည် ။သို့သော် ဒီတစ်ချက်၊ဒီတစ်ကွက်ဟာ INGO တို့တွင် ၁၀နှစ်၊ ၁၅နှစ် ဆက်တိုက် လုပ်ခဲ့သူတွေတောင် ကြည့်တက်မှ မြင်မည်။ သတိမမူ ဂူမမြင် ဖြစ်သွားနိုင်ပါ၏။ သို့သော်ဒီတစ်ချက်ကတော့ NGO အကြောင်း စိတ်ဝင်စားသူတွေ သာမက ဖွံ့ဖြိုးဆဲနိုင်ငံအသီးသီးက ပြည်သူအားလုံး သိသင့်သည် ။

"ဆရာရေ...ကျွန်တော်ဂါရဝပြုတာ ကျွန်တော်တို့ UNမှာ လုပ်တုန်းက ဆရာပြောကြားတဲ့ ဒဿနတွေကို သဘောကျလို့ "ဆိုပါသည် ။ကျွန်တော့်ကို ဘီယာတိုက်ပါရစေ ဆိုတာနှင့် Beer Gardenတစ်ခုမှာ တပည့်ဟောင်းတစ်ဦးက ဂါရဝပြုသည့် အစားအသောက်တွေကို စားပြီး သတင်း စကားလေးတွေ ဖလှယ်ကြပြန်တော့ သူက INGO မှာ လုပ်စဉ် INGO ကစကောလားရှစ်နှင့် အမေရိကားက မာစတာ ဒီဂရီ ယူပြီးပြီဆိုတာ သိရ၍ မုဒိတာပွားခဲ့ရပါ၏။

သူကလောလောဆယ် ဆွစ်ဇာလန်မှာ ညီလာခံတစ်ခု တက်ပြီး ပြန်လာတာပါ။ လောလောဆယ် မြန်မာပြည်တွင်းမှာ Project ခေါ် စီမံကိန်းကြီးခုနစ်ခုကို ကြီးကြပ်နေရသည် ။ ယခုလောလောဆယ်ခေတ်စားနေသော Project Cycle Management ခေါ် စီမံကိန်း သံသရာစီမံခန့်ခွဲမှု သင်တန်းပါ အကြောင်းအရာတွေကို ထုံးလိုမွှေ ရေလိုနှောက် စာတွေ့ရော လက်တွေ့ပါ ပိုင်နိုင်သောသူ တစ်ယောက်ပါ။သူက ကျေးဇူးတင်စကားဆိုပါသည် ။

"ဆရာ...ကျွန်တော် ဘာမှ နားမလည်ခင်တုန်းက ဆရာတို့ ကကျွန်တော့်ကို Project Cycle Managament သင်ပေးခဲ့တယ်၊ အခုတော့ USA

မှာ လည်း သင်ယူခဲ့လို့ ဘယ်လို Project မဆိုကြီးကြပ်နိုင်ပြီ ဆရာ၊ မကြောက်တော့ဘူး၊ လက်ဦးဆရာကတော့ ဆရာတို့ အထက်အရာရှိ တွေပါ၊ ကျေးဇူးလည်း တင်ပါတယ် ”ဟု ဆို၏။

ဒီတော့ ကျွန်တော်က ပြောသည် မှာ -

“မဟုတ်သေးဘူးကွ ၊ Project တွေမှာ မင်းမသိတဲ့ အကြောင်းအရာ မရှိသလောက်နည်း မယ်၊ ဒါပေမဲ့မင်းမလုပ်နိုင်တာ တစ်ခုရှိတယ်”ဟု ဆိုရာ သူက “ဗျာ”ဟု အံ့ဩသွား၏။ ကျွန်တော်က “ငါမင်းကို Project C ycle Managament သင်တုန်းက ငါမသင်မိတာ တစ်ခုရှိတယ်၊ အဲ့ဒါ ငါ ဆရာစားချန်တာ မဟုတ်ဘူး ၊ အဲ့ဒီတုန်းက ငါကိုယ်တိုင်လည်း မတက် ခဲ့ပါဘူး”ဟု ဆိုရာ သူက “ဗျာ” ဟု အံ့ဩပြီးရင်း အံ့ဩပြန်၏။

ကျွန်တော်က ဆက်၍ “ဒါပေမဲ့ကွာ၊ ငါသိနေတာ တစ်ခုကတော့ မ င်းUSA တက္ကသိုလ်ကို သွားတက်တော့ မင်းကိုUSA က ဆရာစားတစ်ကွ က်ချန်ပြီး ဒီဂရီပေး ပြန်လွှတ်လိုက်တယ်’ ဟု ဆိုရာ သူက “ဗျာ” ပြီးရင်း “ဗျာ” နေတော့၏။

ကျွန်တော်က ဆက်၍ “ဒီလိုကွာ မင်းအခုလုပ်နေတဲ့ Project ခုနှစ်ခု ထဲက တစ်ခုကိုပြောစမ်းပါ” ဆိုတော့ သူက”HIV ကာကွယ်ရေးပါဆရာ” ဟု ဆို၏။

ကျွန်တော်က “ဘတ်ဂျတ် ဘယ်လောက် သုံးလဲဆိုတော့ “ဒေါ်လာ တစ်သန်းပါ၊ လ၃၀ ကာလအတွက်ပါ”ဟု ဆို၏။ ဘယ်နှမြို့နယ်မှာ လုပ် လဲမေးတော့ လေးမြို့နယ်မှာ ပါဟု ဆိုပါ၏။ ကျွန်တော်က အခက်အခဲ ဘာတွေရှိတာလဲ ဆိုတော့ သူ့အတွက်တော့ ဒီအလုပ်တွေက ခြေနိုင်လ က်နိုင် ဖြစ်ပါတယ်၊ စီမံကိန်း ကာလ ၃၀ ပြီးသွားရင် စီမံကိန်းမြို့နယ် လေးခုမှာ HIV ဖြစ်ပွားနှုန်း သိသာစွာ ကျဆင်းမှာ သေချာပါတယ် ဟု

ဆိုၵ်။

ထိုစဉ် ကျွန်တော်က ခိမ်ဆွဲ၍ ဘီယာသောက်နေရာသူက "ဆရာ… ကျွန်တော် မလုပ်နိုင်တာ ဘာရှိလဲ၊ ဒသဿနရှိရင် ပြောပါဦး" ဟု ဆိုၵ်။

"ဒီလိုကွာ … ဥပမာပေါ့၊ မင်း အခုလုပ်နေတဲ့ စီမံကိန်းပြီးသွားရင် နောက်ထပ်မြို့နယ်အသစ် လေးခုမှာ အလားတူ HIV ကာကွယ်ရေး စီမံကိန်းလုပ်မယ်ကွာ၊ ဒီတော့နောက်ထပ် ဒေါ်လာ တစ်သန်းကို နိုင်ငံခြားသား အကူအညီမပါဘဲ မင်းတစ်ယောက်တည်းရှာနိုင်မလား"ဟု မေးရာ သူက "ဗျာ"ဟု မျက်လုံးတွဝေိုင်းသွားၵ်။

ကျွန်တော်က "အဲ့ဒါပဲကွ၊ တို့ တွေ မလုပ်နိုင်တာ ဒေါ်လာရှာဖွေရေးကွ၊ ရှာရမယ့်ဒေါ်လာက နည်းနည်းနောနော မဟုတ်ဘူး ၊ သန်းချီတယ်၊ Project Cycle Managament ရဲ့ သင်ရိုးမှာ Proposal Writing(စီမံကိန်း အဆိုပြုလွှာ ရေးနည်း) တစ်နည်းအားဖြင့် အလှူရှင်ကို ဒေါ်လာတောင်းတဲ့ ရေးနည်း သင်ပါတယ်၊ ဒါပေမယ့် အလှူရှင် သူဌေးကြီး ဘီလ် ဂိတ်တို့ ကို မင်းဘာသာမင်းစာရေးပြီး ဒေါ်လာတစ်သန်းတောင်းကြည့်ပါလား၊ ဘယ်ရလိမ့်မလဲကွာ" ဟု ပြောလိုက်ရၵ်။

ကျွန်တော်က ဆက်၍ "ဒီလိုကွ… တို့ မြန်မာတွေစုပြီး ပြည်တွင်း NGO ထောင်ရင်တောင် အလှူငွေ တောင်းရင် တို့ နိုင်ငံမှာ လာလုပ်တဲ့ INGO တို့ UN တို့ ကို တစ်ဆင့်ခံ အလှူတောင်းရတာ၊ လက်ဦးအလှူရှင်တွေကိုတော့ တိုက်ရိုက်တောင်းလို့ မလွယ်ဘူးကွ၊ INGO တို့ က သူတို့ ရတဲ့ အလှူငွေကို တစ်ဆင့် ပြန်ခွဲပေးတယ်၊ Subodination ဆိုပါတော့ကွာ" ဟု ရှင်းပြရၵ်။ သူက "ဟုတ်ပ့ါ ဆရာရယ်… ဟုတ်ပ့ါ" ဟု ဆိုပါၵ်။

ကျွန်တော်ကဆက်၍ "ဒီလို တစ်ကွက်ချန်တာမျိုးက မဆန်းပါဘူးကွာ၊ အင်္ဂလိပ်ခရိုနီခေတ် ကတည်းက ရှိပါတယ်"ဟု ဆိုရာ သူက အံ့ဩ

၍ "ရှင်းပြပါဦး ဆရာ"ဟု ဆို၏။ ကျွန်တော်က-

"ဒီလိုကွ… အင်္ဂလိပ်ခေတ်ဦးမှာ မြန်မာတွေက ဘုန်းကြီးကျောင်း ပါ ဠိစာဘဲ တတ်တယ်၊ Science ဆိုတဲ့ သိပ္ပံဘာသာမှာ အားနည်းသေးတ ယ်၊ အင်္ဂလိပ်က ရန်ကုန်တက္ကသိုလ် တည်ဆောက်ပြီး အဲ့ဒီခေတ် B.A, B. Sc အဆင့်သင်ပေးတယ်ကွာ၊ B.A အောင်ပြီးရင် အုပ်ချုပ်ရေးသင်တန်း I CS,BCS စတာတွေ သင်ပေးပြီး မြို့အုပ် ၊ ဝန်ထောက်ရာထူးတွေ ခန့်တ ယ်ကွ၊ လွတ်လပ်ရေး ရခါနီးတော့ မြန်မာတွေက တိုင်းမင်းကြီး၊ အတွင်း ဝန်အဆင့်တွေ လုပ်နိုင်ကြပြီး၊ ဒီတော့ လူတွေက ထင်ကြတာပေါ့ကွာ၊ အင်္ဂလိပ်ကမြန်မာကို Administaration ကောင်းကောင်း သင်ပေးတယ် လို့ ထင်ကြတယ်။ အဲ့ဒီခေတ် ICS ဘဘကြီးတွေရဲ့ Admin Skill ကလည်း သိပ်ကောင်း သိပ်တော်တာကိုး၊ ဥပဒေကို ကျွမ်းတယ်ကွာ၊ စ က်ရှင်တရားသူကြီး လုပ်နိုင်းဦးမလား ရတယ်ကွာ"ဟု ဆိုရာ သူက "စိ တ်ဝင်စားစရာကောင်းလှချည်ရဲ့ ဆရာရယ်" ဟု ဆိုပါ၏။

, ကျွန်တော်က "လေ့ကျင့်ပေးတဲ့ ရည်ရွယ်ချက်ကတော့ကွာ အဲ့ဒီခေ တ်က သူတို့ ဘုရင်ကလက်တင်ခိုင်းလို့ ရအောင် လေ့ကျင့်ထားပေးတာ ကွ၊ ဘယ်တိုင်းမင်းကြီးကိုမှ ဘုရင်ခံလုပ်နည်း သင်မပေးဘူး"ဟု ဆိုလို က်၏။ သူကမေးမြန်းပါတယ်။

"ကျွန်တော် သွားတက်ခဲ့တဲ့ USA တက္ကသိုလ်ကတော့ ဘယ်လိုတကွ က်ချန်ထားလဲ ဆရာ"ဟု မေးပြန်၏။ ကျွန်တော်က "ဒီလိုကွ သူတို့ ရဲ့ ဒ သနတွေကို သင်ပေးတယ်၊ ပြီးရင် မင်းတို့ တိုင်းပြည်ရောက်ရင် ဖွံ့ဖြိုး အောင် လုပ်ပါဆိုပြီး ပြောလား"ဟု မေးရာ သူက "ဟုတ်ကဲ့"ဟု ဆို၏။ ကျွန်တော်က "ဒါပေမဲ့ ပေါ့ကွာ၊ သူတို့ မပြောမယ့် အချက်တော့ရှိတယ် ကွာ၊ မင်းတို့ မြန်မာတွေနောက် နှစ်ပေါင်း ၁၀၀ လောက်ကြာရင် ငါတို့

USA ထက် သာအောင် ကြိုးစားကြပါလို့ ပြောလား"ဟု မေးရာ သူက " ဟင့်အင်း"ဟု ဆို၏။ ကျွန်တော်က "အဲ့ဒါ တစ်ကွက်ချန်လိုက် တာပေါ့ ကွာ" ဟု ပြောရ၏။ ထိုအခါ သူက"ဟုတ်ပ့ါ ဆရာရယ် "ဟု ဆိုကာ စိတ် ပျက်သွားပုံရ၏။

သူရဲ့ မေးခွန်း တစ်ခုကိုတော့ ကျွန်တော် ချီးကျူးမိသည် ။ သူကမေး သည် ။ "ဒါဆိုရင်ကျွန်တော် တို့ ကိုအမြဲ တစ်ကွက်ချန်နေတော့ကျွန် တော်တို့ ဘာဆက်လုပ်ရမလဲ့"ဟု မေးပါ၏။

ကျွန်တော်က "အေးကွာ ... တို့ တွေကလည်း နိုင်ငံခြားသားကို ဆ ရာခေါ်ပြီး ကိုယ့်အချင်းချင်းပေါ်မှာ ဆရာပြန်လုပ်ရင် ကျေနပ်နေတာကိုး၊ တစ်ထွာပြလျှင် တစ်ထွာပဲမြင်တယ်၊ တစ်ထွာပြလျှ င် တစ်တောင်မမြင်ဘူး၊ သူတို့ ဆရာစားချန်တဲ့ အကွက်ကို မြင်အောင်မ ကြည့်နိုင်ဘူး"ဟု ဆို၏။ သူက မေးပြန်ပါတယ်။

"တစ်ထွာပြလျှင်တစ်တောင် မြင်အောင် ဘယ်လို ကြည့်ရမလဲဆရာ "ဟု ဆိုရာကျွန်တော်က "မမြင်စေချင်လို့ ဖုံးထားမှ တော့ သာမန်မျက်စိ နဲ့ ကြည့်လို့ မရဘူး၊ ဉာဏ်မျက်စိနဲ့ ကြည့်ရတယ်၊ မိမိဦးနှောက်နဲ့ လည်း စဉ်းစားရတယ်၊ Analysis (ခွဲခြမ်းစိတ်ဖြာခြင်း)၊ Thinking(စဉ်းစားခြင်း) တို့ ပေါ့ကွာ၊ ဒီကိစ္စကိုတော့ အာရှသားတစ်ဦး စင်ကာပူနိုင်ငံရဲ့ ကုလသ မဂ္ဂ သံအမတ်ကြီး Kishore Mahbubani က Can Asians Think ဆိုပြီး စေတနာနဲ့ စာအုပ်ရေးတာ မြန်မာ စာရေးဆရာ အတ္တကျော်က 'အာရှ သားများ စဉ်းစားနိုင်စေ' ဆိုပြီး ဘာသာပြန်ခဲ့တယ်၊ ကဲကွာ ... အခုမင်း နဲ့ ငါဆုံတုန်း ဒသနတစ်ခုတော့ ပြောလိုက်ဦးမယ် "ဟု ဆိုရာ သူက ပြောပါဆရာဟု ဆိုသည် ။

ကျွန်တော်က "တစ်ထွာ ပြရင်တစ်တောင်မြင်မှ လူတော်"ဟု ပြောခဲ့

ပါ၏။ ၎င်းဒေသနသည် အာရှသားအားလုံးနှင့် ဆိုင်သည် ဟု ယူဆ၍ လည်း ဆောင်းပါးအဖြစ် ဖန်တီးလိုက်ပါကြောင်း။

TRUE NEWS Journal (27 July 2010)

*

## သင်တန်းတို့ နှင့် သက်ဆိုင်သော ဒဿနများ

### အဖြစ်အပျက်(၁) သို့မဟုတ် ဟားဗတ်တက္ကသိုလ်နဲ့ ရန်ကုန်တက္ကသိုလ် ဘယ်ဟာပိုကောင်းလဲ

ကျွန်တော်သည် ရန်ကုန်မြို့တွင် Management သင်တန်းနှင့် Human Resource သင်တန်းများ ပေးလျက်ရှိရာ သင်တန်းပေးရုံသာမက သင်တန်းနားချိန်၌ ထွေရာလေးပါး စကားများ ပြောနေခဲ့၏။ ရောက်တတ်ရာရာ မေးတော့ သင်တန်းသားတစ်ဦး မေးသည် မှာ -

"ဆရာရေ… နာမည်ကြီးတက္ကသိုလ် ဟားဗတ်တို့ အောက်စဖို့ ဒ်တို့က ဘွဲ့ရတွေဟာ ကျွန်တော်တို့လို ပြည်တွင်း ရန်ကုန်ကဘွဲ့ရထက် ပိုပြီတော်တယ်လို့ ယူဆကြတယ်၊ သင်တန်းဆိုရင် နိုင်ငံခြားမှာ သွားတက်မှ Quality ရှိတာလား ဆရာ၊ ဆရာ ဘယ်လိုယူဆသလဲ" ဟု မေးပါ၏။ ကျွန်တော်က-

"ဒါကတော့ ဥပမာလေးပေးပါရစေနော်၊ ကျွန်တော်အရင်မေးမယ်၊ ရန်ကုန်မှာ ဖွင့်တဲ့ အလှပြင်ခန်း ဗျူတီပါလာတစ်ခုနဲ့ လန်ဒန်မှာ ဖွင့်ထားတဲ့ ဗျူတီပါလာတစ်ခု ဘယ်ဟာကပိုကောင်းမယ် ထင်လဲ"ဟု မေးလိုက်၏။ သူက "ယေဘုယျအားဖြင့်တော့ လန်ဒန်က သာမှာ ပေါ့ ဆရာ" ဟု ဖြေ၏။ ထိုအခါ ကျွန်တော်က-

"ကောင်းပြီ… ကျွန်တော်ကို ကြည့်ဗျ၊ အသက် ၅၀ ကျော်အဘိုးကြီးဖြစ်နေပြီ၊ အကျည်းတန်နေပြီ" ဟု ဆိုရာ သူက ကြားဖြတ်၍ "ဟာ… ဆ

ရာကလည်း ၊ ၅၀ ကျော်ဆိုတာ မအိုသေးပါဘူး၊ ဒေါ်အပြင်ဆရာက နုပါတယ်၊ ကျွန်တော်ကလည်း ၄၀ ကျော်ပဲ သိပ်မကွာဘူး”ဟု ကြားဖြတ်လိုက်၏။

(မှတ်ချက် - သင်တန်းသားများ တွင် မန်နေဂျာ၊ ဒု-မန်နေဂျာ အဆင့်များ ပါလာရာ မှတ်မှတ်ရရ General Manager တစ်ဦးပင်ပါ၏။ သူတို့ ကလည်း ၄၀ကျော်ဆိုတော့ ကျွန်တော်တို့ သည် ခင်ဗျား၊ ကျွန်တော် စသည့် နာမ်စားများ နဲ့ ပဲ စကားပြောကြ၏။)

ကျွန်တော်က-

“ထားပါတော့ဗျာ... ကျွန်တော့်ကို အကျည်းတန်တယ်လို့ ပဲ ဥပမာ ပေးပါရစေ၊ အဲ့ဒီကျွန်တော်ရဲ့ အကျည်းတန်ရုပ်ရည်ကို လန်ဒန်က ဗျူတီပါလာမှာ သွားပြီးအလှပြင်မယ် ဆိုပါစို့ ပြီးရင်ကျွန်တော်လန်ဒန်က ပြန်လာမယ်၊ တပြိုင်နက်တည်းမှာ ပဲ ရုပ်ရှင်မင်းသား လူချောလေးတစ်ယောက် ရန်ကုန်က ဗျူတီပါလာမှာ အလှပြင်မယ်ဆိုပါတော့၊ လန်ဒန် ဗျူတီပါလာမှာ အလှပြင်လာတဲ့ ကျွန်တော်နဲ့ ရန်ကုန်ဗျူတီပါလာမှာ အလှပြင်ထားတဲ့ မင်းသားတို့ နှစ်ယောက် အမျိုးသမီး ပရိတ်သတ်ရှေ့မှာ ယှဉ်ရပ်လိုက်ရင် သူတို့ က ဘယ်သူ့ကို အော်တိုရေးနိုင်းမယ် ထင်လဲ” ဟု မေးလိုက်ရာ သူတို့ က လှိုက်လှိုက်လှဲလှဲ ပြုံး၍ “အော်တိုရေးရမယ့်သူကတော့ မင်းသားပါ ဆရာ” ဟု ဖြေပါ၏။ ထိုအခါ ကျွန်တော်က-

“လူတစ်ယောက် ဘယ်လောက်လှသလဲ ဆိုတာ ဗျူတီပါလာနဲ့ နည်းနည်းပဲ ဆိုင်တယ်၊ မိမိရဲ့ ပင်ကိုယ်ရုပ်ရည်နဲ့ ပိုဆိုင်တယ်၊ နဂိုရှိမှ နဂိုင်းထွက်တယ်၊ဟားဗတ် တက္ကသိုလ်နဲ့ ရန်ကုန်တက္ကသိုလ် ဘယ်ဟာကသာလဲဆိုရင်လည်း တက္ကသိုလ်နဲ့ နည်းနည်းပဲဆိုင်တယ်၊ ကျောင်းသားရဲ့ ကြိုးစားမှုနဲ့ ပိုဆိုင်တယ်” ဟု ရှင်းပြရပါ၏။

ဒဿန

လူတစ်ယောက်လူတော် ဖြစ်လာဖို့ မိမိတက်သည့် သင်တန်းနှင့် သိပ်မဆိုင်။ မိမိ၏ ကြိုးစားမှုနှင့် ပိုဆိုင်သည် ။ နဂိုရှိလျှင် နဂိုင်းထွက်လိမ့်မည်။

## အဖြစ်အပျက်(၂) သို့မဟုတ် သင်တန်း တစ်ခု၏ တာဝန်

တစ်ခါတုန်းက ကျွန်တော်၏ တယ်လီဖုန်း မြည်လာပါသည် ။

"ဆရာ ဦးထွန်းဝင်း ပါလားရှင်၊ တစ်ခုလောက်စုံစမ်းပါရစေ၊ ဆရာပေးတဲ့ HRသင်တန်းတက်ပြီးရင် အလုပ်ရဖို့ လွယ်မလားရှင့်"

ထိုအခါ ကျွန်တော်က "ဒီလိုပါ... သင်တန်းရဲ့ ရည်ရွယ်ချက်ကတော့ HR Management ကိုတတ်ဖို့ ပါ၊ အလုပ်ခန့်ထားပေးမယ့် အလုပ်ရှင်တွေနဲ့ သင်တန်းနဲ့ ချိတ်ဆက်မထားပါဘူး၊ ဒါပေမယ့် အလုပ်ရှင်ဘက်က ကြည့်ရင်တော့ တကယ်တတ်မယ်ဆိုရင် အလုပ်ခန့်ချင်မှာ ပါ"ဟု ဖြေရ၏။

ဒဿန

သင်တန်းတစ်ခု၏ တာဝန်မှာ အတတ်တစ်ခုကို ပေးရန်ဖြစ်ပြီး အလုပ်တစ်ခုကို ပေးရန်တော့မဟုတ်။ သို့သော် Job Hunting ခေါ် အလုပ်ရှာဖွေခြင်း သင်တန်းမျိုးကတော့ အလုပ်ရရန် ပိုမိုနီးစပ်နိုင်ပါသည် ။

## အဖြစ်အပျက်(၃) သို့မဟုတ် သင်တန်းမှာ အသုံးပြုမည့် ဘာသာစကား

ကျွန်တော်၏ တယ်လီဖုန်းမြည်ပါ၍ နားထောင်လိုက်ရာ-

"ဆရာ ဒေါက်တာထွန်းဝင်းပါလား ခင်ဗျာ၊ ဆရာ ပေးနေတဲ့ သင်တန်းနဲ့ ပတ်သက်ပြီး နည်းနည်းစုံစမ်းပါရစေ ၊ သင်တန်းမှာ မြန်မာလိုသင်မှာ လား၊ အင်္ဂလိပ်လို သင်မှာ လား ဆရာ "

"မြန်မာလိုသင်မှာ ပါ"

"ဒါဆိုရင်ဆရာ... အခေါ်အဝေါ် Terms တွေကို ဘယ်လိုသင်မှာ လဲ "ဟု မေး ပါ၏။

"Terms တွေကိုတော့ အင်္ဂလိပ်လိုပြောမှာ ပါ" ဟု ရှင်းပြရပါ၏။

တဖန်မိတ်ဆွေတစ်ဦးနှင့် ကျွန်တော် လက်ဖက်ရည်ဆိုင် ထိုင်နေစဉ် သူက ကျွန်တော့်အား အင်္ဂလိပ်လိုစာသင်ရန် အကြံပြုဖူး၏။ ကျွန်တော်က "ဘာကြောင့် လဲ" မေးတော့ သူက "အင်္ဂလိပ်လို သင်တော့ပိုပြီး လူအထင်ကြီးတာပေါ့" ဟု ဖြေ၏။

တကယ်တော့ ကျွန်တော်က ဆရာဝန်တစ်ဦး ဆိုတော့ 2nd M.B.,B.S အတန်းက စ၍ Text Book တွေသည် အင်္ဂလိပ်လိုဖြစ်ရာ အင်္ဂလိပ်စာနဲ့ပဲ မေးခွန်း ထုတ်ခံရပြီး အင်္ဂလိပ်လိုပဲ ဖြေခဲ့ရပါသည် ။ အကြောင်းပြချက်ကတော့ ခိုင်လုံပါသည် ။ ဘာလဲဆိုတော့ Medical Text Book များကို မြန်မာလိုဘာသာပြန်ထားတာ မရှိ၍ ဖြစ်ပါ၏။

တဖန်ကျွန်တော်သည် UN အေဂျင်စီနှင့် INGO တို့ တွင် ဆယ်နှစ်အလုပ် လုပ်ခဲ့ဖူးရာ ဆယ်နှစ်လုံးလုံး ရုံးသုံးစာသည် အင်္ဂလိပ်ဘာသာ ဖြစ်ပါ၏။ အင်္ဂလိပ်လိုပဲ Report ရေးရပါသည် ။ အကြောင်းပြချက်ကတော့ ခိုင်လုံပါသည် ။ ဘာလဲဆိုတော့ အထက်အရာရှိ နိုင်ငံခြားသားက မြန်မာလိုမတတ်၍ ရုံးသုံးစာမှာ အင်္ဂလိပ်ဘာသာဖြစ်ရတာပါ။ သို့သော် လူ

အထင်ကြီးအောင်       သင်တန်း၌ အင်္ဂလိပ်လိုသင်ရတာကတော့ အကြောင်းပြချက် မခိုင်လုံဟု ထင်ပါသည် ။ သို့သော် မြန်မာပြည်မှာ သင်တန်းတက်ပြီးလျှင် နိုင်ငံခြားတက္ကသိုလ် သွားတက်ဖို့ ရည်ရွယ်ချက် ရှိလို့ အလေ့အကျင့်ရအောင် သင်တန်းမှာ အင်္ဂလိပ်လို သင်ဖို့ တောင်းဆိုတာ တောင်းဆိုလျှင်တော့ သဘာဝကျပါ၏။

တကယ်တော့Language ဆိုတာ အကြောင်းအရာ တစ်ခုကို လေ့လာရန် ကိရိယာ (Tool) သာ ဖြစ်၏။ သစ်ခုတ်သမားတစ်ယောက်မှာ လွှ (Tool) နှစ်ခု ရှိတယ်ဆိုပါစို့။ တစ်ခုကထက်မြက်၍ ကြီးမှားသောလွှနှင့် တခြားတစ်ခုက သေးငယ်သော လွှတုံးတုံးလေး ဆိုပါစို့။ ကြီးမားသော သစ်ပင်ကြီးကိုခုတ်လှဲလိုသော် Power ပိုကြီးသော လွှကြီးကြီးနှင့် ဖြတ်မှ သစ်ပင် မြန်မြန်လဲမည်။ ကျွန်တော်တို့ မှာ သင်ယူရန်နှင့် သင်ကြားရန် Tool နှစ်ခုမှာ မြန်မာဘာသာနှင့် အင်္ဂလိပ်ဘာသာ ဖြစ်၏။ ၎င်း Tool နှစ်ခုအနက် ကျွန်တော်တို့ ပိုနားလည်ပြီး၊ ပိုကျွမ်းပြီး Powerful ပိုဖြစ်တာ မြန်မာဘာသာ ဖြစ်၏။ မြန်မာ ဘာသာနှင့် လေ့လာလျှင် တတ်တာမြန်လိမ့်မည်။

ဥပမာ အင်္ဂလိပ်လူမျိုး တစ်ယောက်ကို သမိုင်း သင်ပေးလိုသော် အင်္ဂလိပ်စာနှင့် သင်လျှင် တက်လွယ်မည်။ ပြင်သစ်စာ နှင့် သွားသင်လျှင် တတ်တာနှေးလိမ့်မည်။

ဒဿန

Use the most powerful language tool to learn or teach something.

အကြောင်းအရာတစ်ခုခုကို သင်ယူရန် လည်းကောင်း၊ သင်ပေးရန်

လည်ကောင်း အကျွမ်းကျင်ဆုံး ဘာသာစကားကို အသုံးပြုပါ။

**အဖြစ်အပျက်(၄)မျိုး သို့မဟုတ် အပျင်းထူသူ ကလေးတစ်ယောက်**

ကျွန်တော့်မှာ သမီးနှစ်ယောက်ရှိရာ အကြီးက ကာတာနိုင်ငံ လေကြောင်းလိုင်း၌ အလုပ် လုပ်နေပြီး သမီးငယ်က ရန်ကုန်ကကြယ်ငါးပွင့် ဟိုတယ်ကြီး တစ်ခုမှာ လုပ်ပါသည် ။ သမီးအကြီးက သမီးငယ်အပေါ်မှာ တာဝန်ကျေပါသည် ။ e-mail ပို့လိုက်သည် မှာ "ညီမလေး ရန်ကုန်မှာ အချိန်ရရင် ကြိုက်တဲ့ သင်တန်းတက်၊ သင်တန်းကြေးကုန်သလောက် မမပို့ပေးမယ်"ဟု ဆိုပါသည် ။

ဒီတော့ ကျွန်တော့်သမီးငယ်ကို အကြံပြုသည် မှာ "သမီးက LCCI ဒီပလိုမာကို ဘာသာစုံဂုဏ်ထူးနဲ့ အောင်ခဲ့တော့CAT တို့ ACCA တို့ ဆက်တက်ပေါ့၊ ငယ်တုန်းပညာရှာ၊ အချိန်မကုန်စေနဲ့ "ဟု အကြံပေး၏။ ထိုအခါ သမီးငယ်၏ တုန့်ပြန်ပုံက ဒီလိုပါ။

"ဖေဖေကြီး... သမီးအခု ကြယ်ငါးပွင့်ဟိုတယ်မှာ တစ်နေ့ရှစ်နာရီ အလုပ်လုပ်တယ်၊ အလုပ်အားချိန်မှာ တော့ အနားယူပြီးဖိမ်လေးနဲ့ နေလိုက်ဦးမယ်၊ သင်တန်းကိစ္စကတော့ ဖြည်းဖြည်းစဉ်းစားတာပေါ့" ဟု ဆိုရာ ဒီအရွယ်တွေက ရိုက်ပြီး ဆုံးမလို့ ရတဲ့ ကလေးအရွယ် မဟုတ်တာကြောင့် ဩော် ... ဒုက္ခ ဒုက္ခ ဟု ညည်းရင်း သက်ပြင်းပဲ ချလိုက်ပါ၏။

**ရှေးလူကြီးများ ဆုံးမဖူးသော ဒဿန**

မိုးရွာတုန်း ရေခံ၊ လသာတုန်း ဗိုင်ငင်။ အခွင့်အလမ်း (Opportunity)

ဟူသည် ကြိမ်ဖန်တလဲလဲ လာနေသည် မဟုတ်။

## အဖြစ်အပျက် (၅) သို့မဟုတ် ပညာရှာပမာသူဖုန်းစား

ကျွန်တော်သည် ရုံးတစ်ရုံး၌ တာဝန်ထမ်းနေစဉ် စာရေးမလေးတစ်ဦးက ကျွန်တော်၏ ရုံးခန်းသို့လာ၍ ကိစ္စတစ်ခုကိုတိုင်ပါသည် ။

"ဆရာ… သမီးရဲ့ Supervisor မမက သမီးကို ဘာမှ သင်မပေးဘူး ဆရာ၊ ဆရာက On the Job Training ပေးရမယ်မှာ ထားပေမဲ့ ဘာမှ ပြမပေးဘူး"ဟု ဆိုပါ၏။

ကျွန်တော် ဆုံးမရသည် မှာ "သင်ပေးမယ့် ဆရာက ငါသင်ပါရစေလို့ တောင်းပန်ပြီး သင်မှာ မဟုတ်ဘူး ၊ သင်ယူမယ့် တပည့်က ကျွန်မကို သင်ပေးပါရှင့်ဆိုပြီး တောင်းပန်ပြီးသင်ယူပါ" ဟု ဆုံးမလိုက်ရ၏။

## ရှေးလူကြီးများ ထားခဲ့သော ဒဿန

ပညာရှာ ပမာသူဖုန်းစား ဟူ၍ ဖြစ်ပါ၏။

## အဖြစ်အပျက်(၆) သို့မဟုတ် လူသားအားလုံးသည် ကျွန်တော်၏ ဆရာ

ကျွန်တော်သည် ရုံးတစ်ရုံး၌ တာဝန်ထမ်းဆောင်စဉ် ကျွန်တော်၏ လက်အောက်၌ အမှုထမ်းနေသော အရာရှိ မိန်းကလေးတစ်ဦးသည် ရန်ကုန်မြို့၌ သင်တန်းတော်တော်များများ တက်ဖူး၏။ ဒါကို ကျွန်တော်သိရသောအခါ သူ့ကိုခေါ်၍ "ညည်းက သင်တန်းတွေတက်ဖူးတယ်ဆို "ဟု ဆိုရာ သူက " ဟုတ်ကဲ့ ဆရာ" ဟု ပြော၏။

"ဒါဆိုရင် အဲ့ဒီသင်တန်းတွေက မှတ်စုတွေရှိသေးလား၊ ရှိရင် ဆရာ့ကိုပေးဖတ်ပါလား၊ ဆရာLearn လုပ်ချင်လို့ ပါ" ဟု ဆိုရာ သူမက " ဟာ ... ဆရာကလည်း ၊ ဆရာက အရာရှိတွေ ကိုတောင်မှ Training ပေးနေတာ၊ ဆရာပြန်ပြီးLearn လုပ်ဖို့ လိုသလား"ဟု မေး၏။ ကျွန်တော်က-

"ကမ္ဘာပေါ်မှာ လူ သန်းပေါင်း ၆၅၀၀ လောက်ရှိတယ်၊ အဲ့တော့ ငါ တစ်ယောက်ကလွဲရင် ကျန်တဲ့ သန်းပေါင်း ခြောက်ထောင့် လေးရာ ကိုးဆယ့်ကိုးသန်း ကိုးသိန်း ကိုးသောင်း ကိုးထောင် ကိုးရာ ကိုးဆယ့် ကိုးဦးဟာ ငါ့ရဲ့ ဆရာတွေပဲလို့ ငါခံယူထားတယ်၊ ပညာဆိုတာယူတတ်ရင် တိရိစ္ဆာန်ဆီကတောင် ရတယ်၊ စာကြည့်တိုက်၊ သတင်းစာ၊ဂျာနယ်၊ အင်တာနက်၊သူငယ်ချင်း စတာတွေအားလုံးဟာ ဆရာတွေချည်းပဲ၊ ဆရာဟာ မင်းတို့ ကိုသင်ပြပေးနိုင်တာ တက္ကသိုလ်ကြီးတွေက ဘွဲ့တွေရခဲ့လို့ ဆိုတာထက် Active Leaner လုပ်ခဲ့လို့ ဆိုရင်ပိုမှန်မယ်"ဟု ရှင်းပြခဲ့ပါ၏ ။

ဒဿန

မိမိဝန်းကျင်၌ သင်ဆရာ၊မြင်ဆရာ၊ကြားဆရာ စသည် တို့ ရှိရာ သင်သမျှ၊မြင်သမျှ၊ ကြားသမျှ အားလုံးသည် မိမိ၏ ဆရာ ဖြစ်၏။

## အဖြစ်အပျက်(၇) သို့မဟုတ် သီအိုရီအရ သင်ပြပါ

တစ်ခါက ကျွန်တော်သည် တပည့်တစ်ဦးက ကျွန်တော်အားမေးသည် မှာ -

"ဆရာ... ကျွန်တော်ဟာ ကုမ္ပဏီ တော်တော်များများမှာ အမှုထမ်းခဲ့တဲ့ အတွေ့အကြုံရှိပါတယ်၊ တစ်ခါကတော့ HR မန်နေဂျာ တစ်ဦးနဲ့ ခင်

လို့ HR Manager နဲ့ Admin Manager ဘယ်သူက ပိုပြီးအရေးပါလဲ မေးတော့ HRမန်နေဂျာက သူ့ရဲ့ အတွေ့အကြုံနဲ့ ယူဆချက်အရ HR မန်နေဂျာက အရေးပါတယ်လို့ ဆိုပါတယ်၊ ဒီမေးခွန်းကို Admin Manager ကိုမေးတော့ သူ့စိတ်ထင်ပြောရရင် Admin Manager က အရေးပါတယ်လို့ ဖြေပါတယ်၊ ဒီတော့ ကျွန်တော်လည်း ဘယ်ဟာကိုယုံရမလဲ မသိဘူး ဆရာ၊ ဆရာကရော ဘယ်လိုထင်ပါသလဲ" ဟု မေးလာ၏။ ကျွန်တော်က-

"ဘယ်သူ့အလုပ်ကဘယ်လောက်ကြီးမားလဲ မေးတာ အကဲဖြတ်နိုင်းတာပေါ့၊ Evaluation လုပ်နိုင်းတာ ဖြစ်တယ်၊ ခင်ဗျားကို HR Manager သင်တန်းမှာ Job Evaluation သင်ပေးပြီးပြီ၊ ဒီတော့ အဲ့ဒီ Job နှစ်ခုကို Evaluation လုပ်ကြည့်ပါ၊ရတဲ့ ရလဒ်ဟာ ခင်ဗျားမေးခွန်းရဲ့ အဖြေပဲ၊ကုမ္ပဏီ ဖွဲ့စည်းပုံအရ ကုမ္ပဏီတစ်ခုနဲ့ တစ်ခုတော့ မတူနိုင်ဘူး" ဟု ဖြေလိုက်ပါ၏။

ဒဿန

တပည့်တစ်ဦးဦးက နည်းပညာဆိုင်ရာ မေးခွန်းမေးသော် ဆရာက မိမိ၏ ထင်မြင်ချက်ကို ကိုးကားသည် ထက် Theory ကို ကိုးကားဖြေသင့်ပါ၏။

## အဖြစ်အပျက် (၈)သို့မဟုတ် အရေးကြီးဆုံးက စိတ်နေစိတ်ထား

တစ်ခါက INGO တစ်ခုတွင် Community Development Worker(CDW) ခေါ် ဝန်ထမ်းငယ်လေးများ အမှုထမ်းကြရာ INGO ၌ ဆိုသော်လည်း ရာထူးငယ်သော ဝန်ထမ်းများ ဖြစ်၍ လစာနည်းနည်းပဲ ရရှာပါသည် ။

ဒ ါပေ မ ့ ချွေးနည်းစာလေးတွေ စုဆောင်းပြီး အဝေးသင်တက္ကသိုလ်တက်ပြီး ဘွဲ့ယူကြတာ ချီးကျူးစရာပါ။ ဒီအထိတော့ ပြဿနာ မရှိပါ။

ပြဿနာရှိလာတာကတော့ ရန်ကုန်တိုင်းအတွင်းမှာ တာဝန်ကျသော CDW တချို့က ရန်ကုန်မြို့မှာ ဖွင့်သည့် ညနေပိုင်း (Part Time) ဘွဲ့လွန်ဒီပလိုမာ သင်တန်းကိုတက်မည်ဆိုတော့ ၎င်းတို့ ရဲ့ အထက်အရာရှိ Officer အမျိုးသမီးတစ်ဦးက သိပ်ပြီး ဘဝင်မကျတော့ပါ။ ဘာဖြစ်လို့ လဲဆိုလျှင် မိမိလက်အောက်ကလူက မိမိကို မီလာမှာ သိပ်မနှစ်မြို့၍ ဖြစ်၏။ ဒီလို သဘောထားမျိုး (Attitude) ကတော့ သိပ်ပြီးမကောင်းလှပါ။ အမှန်ကတော့ တပည့်က ဆရာ့ထက် တော်မှ အနာဂတ်မှာ တိုင်းပြည်က ဖွံ့ဖြိုးမှာ ဖြစ်သည် ။

ကျွန်တော့်သမီး အကြီး ငယ်ငယ်က ကျွန်တော် ကိုယ်တိုင် အင်္ဂလိပ်စာ သင်ပေးသည် ။ သမီးက နယ်ကကျောင်းမှာ အင်္ဂလိပ်စာ ပထမ ရသည် ။ ငါးတန်းလောက်မှာ ပါ။ ကျွန်တော်က သင်ကြားရေးကို မရပ်တန့်ဘဲ ဆက်သင်ပေးပါသည် ။ ဒီတော့ သမီးက "တော်လောက်ပြီပေါ့ ဖေဖေကြီးရဲ့ ၊ သမီး ပထမရနေပြီပဲ" ဟု ဆိုပါ၏။ ကျွန်တော်က "မဟုတ်သေးဘူး သမီး၊ ဆက်သင်ရ ဦးမှာ ပဲ"ဟု ပြောတော့ သမီးက "ဘယ်အထိ ဆက်သင်ရမှာ လဲ ဖေဖေကြီး"ဟု မေးပါ၏။

ကျွန်တော်က "သမီးတစ်နေ့မှာ ဖေဖေကြီးထက် ပိုပြီး အင်္ဂလိပ်စာတော်တဲ့ ထိပေါ့" ဟု ဖြေ၏။ သမီးကြီးက..

"ဟာ မဖြစ်နိုင်တာ၊ ဖေဖေကြီးက ငယ်ငယ်က မသဒစ်အင်္ဂလိပ်ကျောင်းမှာ နေတာဆို၊ ပြီးတော့ ဖေဖေကြီးက အခုကုလသမဂ္ဂမှာ အရာရှိဆိုတော့ သမီးက ဘယ်လိုလုပ်ပြီး ဖေဖေကြီးထက် တော်အောင်ကြိုး

စားရမှာ လဲ" ဟု ပြော၏။ ကျွန်တော်က " ကြိုးစားသမီး၊ မဖြစ်နိုင်တာမရှိဘူး" ဟု ဒဿန ထည့်သွင်းပေး၏။

သမီးကြီး အသက် ၂၃ နှစ်တွင် ကာတာလေကြောင်းကုမ္ပဏီ၌ လေယာဉ်မယ်အဖြစ် အမှု ထမ်း၏။ သမီးကြီးက အပတ်စဉ်လိုလို ခရီးသည်လေယာဉ်ကြီးဖြင့် ခရီးထွက်ရာ အင်္ဂလန်၊ ပြင်သစ်၊ အမေရိကန် အပါအဝင် နိုင်ငံ ၅၀ ကျော်လောက် ရောက်ဖူးသွားရာ ထိုနိုင်ငံတွေမှာ တစ်ကိုယ်တော် Shopping လုပ်ပြီးပြီးဟု ဆိုပါ၏။

ဒီတော့ ကျွန်တော် သိလိုက်ရသည် မှာ သမီးကြီး၏ English ကျွမ်းကျင်မှုသည် ကျွန်တော်ထက် သာသွားပြီဟု ထင်ပါ၏။ တပည့်က ဆရာထက်တော်ရမည် ဟူသော ဒဿနကို သွေးသား ဖြစ်သော သမီးကိုသာပေးသည် မဟုတ်။ ကျွန်တော် ကုလသမဂ္ဂမှာ လုပ်တုန်း သွေးမတော်သားမစပ် တပည့်တွေကိုလည်း ဒဿနတွေပေးသည့် အပြင် ကျွန်တော်တတ်သလောက်လည်း သင်ပေးခဲ့ပါသည် ။ ဒါပေမယ့် များ သောအားဖြင့် စိတ်မဝင်စားပါ။

ဝီတာဆိုသော တပည့်တစ်ဦးကတော့ ကျွန်တော်၏ သင်ကြားမှုကို စိတ်ဝင်စားစွာ သင်ယူ သည် ။ ကျွန်တော် ဝီတာကို ပြောသည် မှာ "ကြိုးစားကွာ ... မင်း တစ်နေ့မှာ ငါ့ထက်သာအောင် ကြိုးစား"ဟု ပြော၏။ ဝီတာက ပြောသည် မှာ "ဆရာ ... ဒီလိုဆိုရင် တပည့်က ဆရာကို ခွာရာတိုင်း သလို ဖြစ်မနေဘူးလား"ဟု ဆိုပါ၏။ ကျွန်တော်က-

"ဒီလိုတော့ ဘယ်ဟုတ်မလဲ ၊ ဆရာကလည်း ဆက်ကြိုးစားရမယ်၊ တပည့်ကလည်း ဆက်ကြိုးစားရမယ်၊ နှစ်ယောက်စလုံး တော်လာရင် WIN WIN work style ပေါ့ကွ၊ ဒီတော့မှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှာ ပေါ့ကွ၊"ဟု ဆိုဂ ဝီတာက "ဟုတ်ကဲ့ ဆရာ၊ ဆက်လက်ညွှန်ပါဦး" ဟု ဆိုသ

ဖြင့် "မင်းဟာ Active Learner လုပ်ရမယ်၊ ပြီးတော့ Life Long Learning လုပ်ရမယ်"ဟု လမ်းညွှန်၏။

နောက် ခုနစ်နှစ်မျှ ကြာသော် ဗီတာသည် INGOသို့ အရာရှိတစ်ဦးဖြစ်ပြီး INGO၏ Sholarship ဖြင့် ဂျိနီဗာတွင် ဖွံ့ဖြိုးရေးမဟာဘွဲ့ (M.Dev.S) ရပြီး ပြန်လာ၏။ ရန်ကုန်ရောက်တော့ ကျွန်တော်လာ၍ ဂါရဝပြု၏။ ကျွန်တော်က ပြုံးလျက် "ကွန်ဂရက်ကျူလေးရှင်း ဗီတာ၊ မင်းဟာ ဂျီနီဗာက Master ရခဲ့တယ်၊ ငါက ရန်ကုန်က Master ဘွဲ့ပဲရတာ၊ မင်းဟာငါ့ထက်သာသွားပြီ"ဟု ပြောတော့ ဗီတာက "ကျွန်တော် ဆရာထက်မသာသေးပါဘူး ဆရာ၊ ဆရာ့ရဲ့ ဒဿန ဝတ္ထုတွေကို ကျွန်တော် အတုယူဆဲပါ၊ အခုလည်း ဒဿနချီးမြှင့်ပါဆရာ" ဆိုတော့ ကျွန်တော်က-

"မင်း လုပ်ငန်းခွင်ကို ရောက်ရင် မင်းရဲ့ တပည့်တွေကို မင်း ထက်သာအောင် လမ်းညွှန်ပေးပေါ့ကွာ၊ မင်းက Mastre ဘွဲ့ရဆိုရင် မင်းတပည့်ကို Ph.D ဘွဲ့ရ ဖြစ်အောင်လမ်းညွှန်ပေးကွာ၊ အဲ့ဒီလိုစိတ်မျိုး မွေးနိုင်ရင် Good Attitude လို့ ခေါ်တယ်ကွ"

## ဗီတာ၏ စိတ်ထဲသို့ ကျွန်တော် ထည့်ပေးလိုက်သော ဒဿန

မိမိတပည့်ကို မိမိထက်တော်အောင် သင်၊ ဘာအလုပ်ပဲလုပ်လုပ် စေတနာမှန်ခြင်း အရေးကြီး၏။ သင်တန်းတစ်ခု၏ အရေးကြီးဆုံး အရာသည် ဆရာနှင့် တပည့် အသီးသီးတို့ ၏ စိတ်နေသဘောထား(Attitude) ပင် ဖြစ်ပါ၏။

ကျွန်တော်သည် ဒဿနတွေကို ပြောပြရတာကို ကမ္ဘာ့ဖလား ဘောလုံးပွဲကြည့်ရမှာ ထက် ပိုပြီး ဝါသနာ ပါပါသည် ။ ဝါသနာအရ အထက်ပါ ဒဿနလေးများကို တင်ပြမိပါကြောင်း။

## ဘွဲ့ ဒီဂရီတစ်ခုအသိအမှတ်ပြုခံရခြင်း ရှိ မရှိ

ယခုမျက်မှောက်ခေတ် အခါသမယသည် ပညာရေးကို အလေးပေး လိုက်စားလာသော ခေတ် ဖြစ်လာပါ၍ ဘွဲ့ရပညာတတ်တွေလည်း ပေါ များ သော အချိန်ခါ ဖြစ်ပါ၏။ ဘွဲ့ဒီဂရီ အမျိုး အစားတွေလည်း များ ပြားလာရာ -

-ပြည်တွင်းကပေးသောဘွဲ့ ၊

-ပြည်ပနိုင်ငံကြီးတွေကပေးသောဘွဲ့ ၊

-စာပေးစာယူဘွဲ့ ၊

-Online ကယူသောဘွဲ့၊

-နိုင်ငံခြား တက္ကသိုလ်ကြီးများ နှင့် ချိတ်ဆက်၍ ပြည်တွင်းသင်တန်း တွေက ပေးသောဘွဲ့၊

-ဂုဏ်ထူးဆောင်ဘွဲ့

-အမှန်တကယ် ကျောင်းတက်၍ စာမေးပွဲဖြေပြီး ရသောဘွဲ့ စသဖြင့် ဘွဲ့ဒီဂရီအမျိုးမျိုး ပေါ်ပေါက်လာပါ၏။ ထိုအခါ ၎င်းဘွဲ့ ဒီဂရီအမျိုးမျိုးနှ င့် စပ်လျဉ်း၍ လည်း အယူအဆ အမျိုးမျိုးပေါ် ပေါက်လာရာတွင် အယူ အဆတို့ မှာ စာပေးစာယူဘွဲ့ဆိုလျှင် စာသိပ်မတက်သလိုလို၊ တကယ်အ ချိန်ပြည့်ကျောင်းတက်ပါမှ  တတ်တော့မလိုလို၊နာမည်ကြီး နိုင်ငံခြားတ က္ကသိုလ်တွေကရသော ဘွဲ့ကမှ တန်ဖိုးရှိသလိုလို၊ ပြည်တွင်းကဘွဲ့၊ တ

တ္တသိုလ်ကအမည်သိပ်မကြီးသောဘွဲ့ဆိုလျှင် သိပ်ပြီး မတတ်သလိုလို နားလည်လွဲမှုတွေလည်း ပေါ်ပေါက်လာသောကြောင့် ၎င်း အယူအဆ တို့နှင့် သက်ဆိုင်သော သဘောတရား အချို့ကို လက်လှမ်းမီသရွေ့တင်ပြအပ်ပါသည်။

**အလုပ်လုပ်ပိုင်ခွင့် (လိုင်စင်) နှင့် အဆက်အစပ်ရှိသော ဘွဲ့အမျိုးအစား**

ဤဘွဲ့အမျိုးအစားများ ၏ ဥပမာတို့ မှာ

-ဆေးပညာဘွဲ့(M.B.B.S)

-သူနာပြုဘွဲ့(B.N.Sc)

-ဥပဒေဘွဲ့(L.L.B)စသောဘွဲ့များ ဖြစ်ပါ၏။

ထပ်ဆင့်ရှင်းလင်းရပါသော် M.B.B.S ဘွဲ့ရလျှင် ဘွဲ့နှင်းသဘင် တက်ပြီး ဆရာဝန်တော့ ဖြစ်၏။ ဆေးကုသခွင့်(လိုင်စင်)ကို သက်ဆိုင်ရာနိုင်ငံ၏ ဆေးဘက်ဆိုင်ရာ ဥပဒေဖြင့် ပြဋ္ဌာန်းထားပါ ၏။ M.B.B.S အောင်တိုင်း ဆမ (လိုင်စင်)မရပါ။ ဥပဒေ ပြဋ္ဌာန်းချက်၊ စည်းကမ်း ပြဋ္ဌာန်းချက် အတိုင်း အလုပ်သင် ဆရာဝန်သင်တန်း ပြီးမြောက်ခြင်းစသဖြင့် ပြဋ္ဌာန်းချက်ရှိသရွေ့ လျှောက်ထားပြီးမှ သာလိုင်စင် ရပါ၏။ သက်ဆိုင်ရာနိုင်ငံဆေး ကောင်စီ၏ ဆုံးဖြတ်ချက်အရ လိုအပ်ပါက အခြားနိုင်ငံက ဘွဲ့ တွေဖြစ်လျှင် စာမေးပွဲပြန်ဖြေရပါသည် ။ထိုအခါ ဘွဲ့အတွက်စာမေးပွဲ ပြန်ဖြေရတာ မဟုတ်ဘဲ လိုင်စင်အတွက်ဖြေရတာဖြစ်ပါ၏။ ဥပဒေလက်မှတ်များ ဖြစ်သော HGP,R.L တို့ အောင်ပြီးလျှင်လည်း သက်ဆိုင်ရာနိုင်ငံ၏ ဥပဒေပြဋ္ဌာန်းချက်နည်းလမ်းအတိုင်း ရှေ့နေလိုက်ပါခွင့် လိုင်စင် လျှောက်ထားရပါ၏။ တခြားနိုင်ငံကဥပဒေဘွဲ့ရများ သည် လိုအပ်

ပါက စာမေးပွဲ ပြန်ဖြေရပါမည်။

နိုင်ငံတစ်ခု၏ ပုဂ္ဂလိက လုပ်ငန်းရှင်တို့ က ရှေ့နေ၊ ဆရာဝန်၊ သူနာပြုများကို ခန့်ထားပါက လိုင်စင်ရများကိုသာ ခန့်ထားခွင့်ရှိပါ၏။လိုင်စင်ထုတ်ပေးရာ၌ တက္ကသိုလ်၏ နာမည်ကြီးတာနှင့် မဆိုင်ဘဲ သက်ဆိုင်ရာနိုင်ငံ၏ အာဏာပိုင်အဖွဲ့က လိုင်စင်ပေး၊ မပေးနှင့် သာဆိုင်၏။ ဥပမာ UK နိုင်ငံက နာမည်ကြီး အီဒင်ဘာရာ ဆေးကောလိပ်က M.B.B.S,FRCS ဘွဲ့များကိုပင် USA နိုင်ငံက ချက်ချင်းလိုင်စင်ထုတ်မပေးပါ။ စာမေးပွဲပြန်ဖြေရပါ၏။USA နိုင်ငံကဆရာဝန်ဘွဲ့ရများကိုလည်း UK ၌ အလုပ်လုပ်ချင်သော် UK ကစာမေးပွဲ ပြန်ဖြေခိုင်း၏။

## လိုင်စင်နှင့် အဆက်အစပ် မရှိသော ဘွဲ့များ

ဥပမာအားဖြင့် မြန်မာနိုင်ငံက အင်္ဂလိပ်စာ အဓိကဖြင့် ဘွဲ့ရပြီး ထိုင်းနိုင်ငံရှိ စားသောက်ဆိုင် တစ်ဆိုင်တွင် မန်နေဂျာရာထူး သွားရောက်လုပ်ကိုင်နိုင်ပါသည် ။မန်နေဂျာရာထူးတစ်ခုအတွက် လိုင်စင်မလိုပါ။

## အသိအမှတ်ပြုခံရတဲ့ ဘွဲ့ ဆိုတာ ဘာလဲ

လိုင်စင်နှင့် ချိတ်ဆက်ထားသော ဘွဲ့များ သည် သာလျှင် ဘယ်နိုင်ငံသည် ဘယ်နိုင်ငံက ဘွဲ့ ဆိုလျှင် အသိအမှတ်ပြုလိုင်စင် ပေးမည် သို့မဟုတ်မပေးဘဲ စာမေးပွဲဖြေခိုင်းတာရယ်လို့ ရှိပါ၏။ လိုင်စင်နှင့် ချိတ်ဆက်ထားခြင်းမရှိသောဘွဲ့များကို နိုင်ငံအသီးသီးက အသိအမှတ်ပြုပါတယ်ဟု ကြေညာထားတာ မရှိသလို အသိအမှတ်မပြုပါဘူးဟု ပယ်ချထားတာလည်း မရှိပါ။ ထို့ကြောင့် ၎င်း ဘွဲ့များကို ရပါက အရှိကို အရှိအတိုင်း(As it is) သာလျှင် ဖြစ်၏။

## ဘွဲ့တွေကိုဘယ်သူက တန်ဖိုးဖြတ်ခြင်း(Evaluate) လုပ်သလဲ

လက်တွေ့နယ်ပယ်မှာ တော့ ဘွဲ့တွေကိုတန်ဖိုးဖြတ်နေသူမှာ အလုပ်ခန့်မည့် အလုပ်ရှင် (Boss) သို့မဟုတ် HR ဌာန ဖြစ်၏။ Boss တစ်ယောက်သည် သူ့ထံ၌ မန်နေဂျာအလုပ်လာ လျှောက်သော ဟားဗတ်တက္ကသိုလ်မှ Ph.D ဘွဲ့ရကို ငြင်းပယ်ခွင့်ရှိသလို ဖွံ့ဖြိုးဆဲနိုင်ငံက စာပေးစာယူ ဘွဲ့ရကို မန်နေဂျာခန့်ပိုင်ခွင့် ရှိ၏။ ထို့ကြောင့် ဘွဲ့တစ်ခုကို တန်ဖိုးရှိ မရှိ ဆုံးဖြတ်ရာတွင် ဘွဲ့ပေးလိုက်သောပါမောက္ခချုပ်က အဓိကအခရာမကျ၊ အလုပ်ခန့်မည့် Bossက အဓိကကျပါ၏။

## ဘွဲ့ရတစ်ဦးက တကယ်တတ် မတတ် ပြဿနာ

ဘွဲ့ရတစ်ဦး တကယ်တတ်မတတ်နှင့် စပ်လျဉ်း၍ ပြဿနာကို ဖြေရှင်းရန် တာဝန်ရှိသူမှာ အလုပ်ခန့်မည့် အလုပ်ရှင် သာလျှင် ဖြစ်ပါသည် ။ အမှန်တကယ်တတ်အောင်သင်ရန် တာဝန်ရှိသူက တော့ သက်ဆိုင်ရာ တက္ကသိုလ်ဆရာများ ဖြစ်၏။ သို့သော် မတတ်လျှင်လည်း မည်သည့် ပါမောက္ခချုပ်ကမှ ဘွဲ့ကိုပြန်သိမ်းတယ် ရယ်လို့ မရှိပါ။ တတ် မတက် စိစစ်ရန်နှင့် လိုအပ်က စာမေးပွဲထပ်စစ်ရန်မှာ အလုပ်ရှင်၏ တာဝန်သာဖြစ်ပါ၏။

ဘွဲ့ရသွားသည့် ကျောင်းသားတစ်ယောက်အနေနှင့် ကတော့ တကယ်တတ်သည် ဖြစ်စေ မတတ်သည် ဖြစ်စေ ဘွဲ့လက်မှတ်ကိုယူသွား၍ မိမိ၏ ဧည့်ခန်း၌ ချိတ်ဆွဲလိုက်ပါပြီ။သူ၏ သာရေး (မင်္ဂလာဆောင်)၌ လည်းကောင်း၊ သူ၏ နာရေးကြော်ငြာ၌ လည်းကောင်း သူရသည့် ဘွဲ့ကို သူ့နာမည်နောက်က ရေးတော့မှာ သာ ဖြစ်၏။ထို့ကြောင့် ဘွဲ့ရှိပါက အရှိကို အရှိတိုင်းသာ ဖြစ်၏။

## ကျောင်းသားဈေးကွက်များများ လိုချင်သော်လည်း အလုပ်သမား ဈေးကွက် မပေးလိုသော နိုင်ငံကြီးများ

မြန်မာပြည်က မိန်းကလေးတစ်ယောက်သည် UKနိုင်ငံ က B.Scဘွဲ့ ကိုလိုချင် ၍ UKသို့ လေးနှစ် သွား၍ ကျောင်းတက်ရာတွင် မိဘများက ပေါင်စတာလင်ငွေ သောင်းဂဏာန်းမက ကုန်ပါ၏။ သို့နှင့် B.Sc (London) ဘွဲ့ရသောအခါ UKနိုင်ငံ၌ အလုပ်ရဖို့ မလွယ်ပါ။ နေ့စားအလုပ်တွေသာ လိုက်လုပ်နေရ၏။ အကယ်၍ နှစ်နှစ်အတွင်း အလုပ်မရပါက ဗီဇာ သက်တမ်းကုန်၍ ပြန်လာရမည် ဖြစ်ပါ၏။

ထို့ကြောင့် B.Sc (London) ဆိုသော ဘွဲ့ကို အဓိပ္ပာယ်ပြန်ဆိုရပါသော် စက်မှုနိုင်ငံကြီးများမှ တက္ကသိုလ်ကြီးတွေသည် ကျောင်းလခ လိုချင်ကြပါ၏။ အလုပ်သမားဈေးကွက်မှာ တော့ နေရာမပေးချင်ဟု အဓိပ္ပာယ် ထွက်နေပါသည် ။

## လူငယ်တို့ အတွက် သင်ခန်းစာ အချို့

စက်မှုနိုင်ငံကြီးတွေက တက္ကသိုလ်ကြီးတွေ၏ ဘွဲ့များ သည် ကောင်းပါ၏။ သို့သော် ကျောင်းလခ အဆမတန် ဆိုလျှင်တော့မကောင်းပါ။

မည်သည့် ဘွဲ့မျိုးဖြစ်စေ Something is better than nothing မရှိတာထက် စာလျှင် ကောင်း၏ ဟု သဘောပိုက်၍ အခွင့်အရေးပေးလျှင် ယူသင့်၏။ မိုးရွာတုန်းရေခံသင့်ပါ၏။

မသင်အပ်သောပညာသည် မရှိ။ ရတုန်းမှာ ယူမထားသင့်သော ဘွဲ့ရယ်လို့ မရှိပါ။

ဖွံ့ဖြိုးဆဲနိုင်ငံက လူငယ်တစ်ယောက်သည် စာပေးစာယူဘွဲ့ရသွားပြီး နိုင်ငံကြီးတစ်ခု၌ အလုပ်ကြမ်း လုပ်၏။ ၎င်းနောက် ကုမ္ပဏီတစ်ခု၌ စာရေးလုပ်၏။တစ်စတစ်စနဲ့ Supervisor အဆင့် လုပ်လာနိုင်ပါတယ်။ လုပ်ငန်းကျွမ်းကျင် လာပြီး မန်နေဂျာလုပ်ရန်ပင် တာရူလာပါ၏။ ထိုစဉ် ထိုနိုင်ငံကြီး၏ တက္ကသိုလ်ကြီး ကMBA ဝင်ခွင့်သင်တန်းကို ဝင်ဖြေ၏။ သင်တန်း ဝင်ခွင့်အတွက် မိမိ၏ ဖွံ့ဖြိုးဆဲနိုင်ငံက စာပေးစာယူ ဘွဲ့လက်မှတ်လေးကို ထုတ်ပြသောအခါ တက္ကသိုလ်ကြီး က လက်ခံသည် ဟု ဆိုပါကြောင်း သတင်းကောင်း ပါးလိုက်ပါသည် ။

HR Journal(11-3-2011)

*

# ဘွဲ့ တစ်ခုတည်း ရလို့ မျက်နှာငယ်စရာလား

တစ်နေ့ကျွန်တော် ညနေ ၅နာရီ ရုံးဆင်းတော့ ရုံးနှင့် အိမ်က နီးပါသောကြောင့် လမ်းလျှောက်၍ အိမ်ပြန်လာစဉ် လမ်း၌ မိတ်ဆွေတစ်ဦးနှင့် တွေ့ရာကျွန်တော် နှုတ်ဆက်လိုက်၏။

"ဟာ... ကိုတင်မြင့် (နာမည်လွှဲထား)ပါလား၊ မတွေ့တာကြာပြီ ဒီလမ်းပေါ်မှာ ဘာလုပ်နေတာလဲ"ဟု မေးရာ သူက

"အစ်ကိုထွန်းဝင်းရေ ... တွေ့ချင်လွန်းလို့ စောင့်နေတာ၊ ပြောစရာရှိတာ ပြောချင်လွန်းလို့ ၊ ခင်ဗျားက ရုံးချိန်ကျတော့လည်း ရုံးတက်နေလို့ မအား၊ အိမ်မှာ ကျတော့လည်း စာရေးလိုက်၊ သင်တန်းပေးလိုက်ဆိုတော့ စကားကောင်းကောင်း ပြောရအောင် လမ်းကစောင့်နေတာ"ဟု ဆိုပါ၏။

သို့နှင့် ကျွန်တော်က-

"ကိစ္စကတော့ တော်တော်ဆန်းပုံရတယ်"ဟု ဆို၏။

ထိုအခါသူက "ဒီလိုပါ အစ်ကိုထွန်းဝင်း၊ နိုင်ငံခြားက တက္ကသိုလ်ကြီးတွေက မြန်မာပြည်မှာ ဘွဲ့တွေလာပေးနေပြီ HRဘွဲ့ တွေ၊ ဒီပလိုမာဘွဲ့တွေ ပေးနေတယ်"ဟု ဆို၏။

ကျွန်တော်က "အဲ့ဒါဘာဖြစ်လို့ လဲ"ဟု ဆိုရာ သူက-

"မြန်မာပြည်မှာ ပဲ အဆောက်အအုံငှားပြီး မြန်မာအချင်းချင်း စာသ

င်နိုင်းပြီး ဟိုတက္ကသိုလ်က ဘွဲ့လက်မှတ် လှမ်းပို့ပေးမယ်၊ ကျောင်းလာခကတော့ သိန်းတစ်ရာမပြည့်ပါဘူး"ဟု ဆိုပါ၏။ သူက ဆက်၍ "မဟာဘွဲ့သင်တန်းတစ်ခုမှာ တော့ ဆရာဝန်တွေလည်း လာတက်တယ်" ဟုဆိုပါ၏။ ဒါလည်း ဆန်းတာတော့မဟုတ်။ ယခုခေတ်မှာ ဆရာဝန်များလည်း ဆေးပညာနှင့် သိပ်၍ မသက်ဆိုင်သော ဘွဲ့လွန်သင်တန်းတွေ တက်လေ့ရှိတာလည်း ခေတ်တစ်ခေတ်၏ ပုံရိပ် တစ်ခုသဖွယ်ပင် ဖြစ်ပါ၏။ သို့သော်သူကဆက်ပြန်၏။

"တစ်ချို့ဆရာဝန်တွေက ပြောတယ်ဗျာ၊ ရိုးရိုး ဆရာဝန် ဘွဲ့တစ်ခုတည်းနဲ့ နေရတာ မျက်နှာငယ်လို့ ဘွဲ့လွန်တက်တာ၊ ဘွဲ့လွန်တက်ပြီး အလုပ်ရတာ မရတာ အရေးမကြီးပါဘူးတကယ်စာတတ် မတတ်လည်း သိပ်အရေးမကြီးပါဘူး"ဟု ဆိုရာ ကျွန်တော်က "ဗျာ" ဟု အံ့ဩ သွား၏။ ဒီတစ်ခါတော့ နည်းနည်းဆန်းသလိုရှိသွားပါ၏။ တဖန်သူကဆက်၍ -

"ဆရာဝန်ရယ်လို့ မှ မဟုတ်ပါဘူး၊ ဘယ်သူမဆို အလုပ်လုပ်ဖို့လည်း မဟုတ်၊ စိတ်ဝင်စားလို့ လည်း မဟုတ်ဘဲ နာမည်နောက်မှာ အမြီးရှည်ဖို့ သက်သက် ဘွဲ့လွန်တွေတက်နေရင် ကိုယ့်ငွေနဲ့ ကိုယ် တက်တာဘာဖြစ်လဲလို့ ပြောလို့ ရသလို တစ်ပြည်လုံးအတွက် လူသားအရင်းအမြစ်နယ်ပယ် ရှုထောင့်က ကြည့်ရင်အချိန်ကုန်၊ ငွေကုန်၊ လူပန်းဖြစ်ပြီး ကုန်ထုတ်လုပ်မှု မနှောင့်နှေးဘူးလား၊ ဖွံ့ဖြိုးရေး ရှုထောင့်က စဉ်းစားကြည့်ပါဦး" ဟု သာမာန်ထက် ကြီးကျယ်သောစကားများကိုလည်း ဆိုလာပါ၏။

ပြီးတော့ "ကိုထွန်းဝင်းရဲ့ သုံးသပ်ချက်ကို ဆောင်းပါးလေး ဘာလေး ရေးပါဦး"ဟု ဆို၏။

## အာသာပြေဘွဲ့ ဆိုတာဘာလဲ

၁၉၈၆ ခုနှစ်လောက်ကပါ။အဲ့ဒီခေတ်တုန်းက ဝန်ထမ်း ရွေးချယ်လေ့ကျင့်ရေး အဖွဲ့က နှစ်စဉ် အထက်တန်းရှေ့နေ စာမေးပွဲ (H.G.P) လက်မှတ်အတွက်စာမေးပွဲ စစ်၏။အောင်ပါက အလုပ်သင် ရှေ့နေသင်တန်း တက်ခွင့်ရပြီး အထက်တန်းရှေ့နေ လိုင်စင်အထိ ထုတ်ပေးရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားရုံး အဆင့်အထိ ရှေ့နေလိုက်ခွင့် ရှိပါ၏။ H.G.Pသင်တန်း တစ်ခုတွင် သင်တန်းဆရာက သင်တန်းသားတွေကို မေးပါ၏။

"ခင်ဗျားတို့ ဘာရည်ရွယ်ချက်နဲ့ ဒီသင်တန်းတက်တာလည်း ဗျ"ဟု မေးရာ တစ်ဦးက-

"ရှေ့နေ လုပ်စားချင်လို့ ပါ"ဟု ဆို၏။ နောက်တစ်ဦးကတော့ "ကျွန်တော်ကအမှုသည် ဆရာရဲ့ ၊ အမွေမှု၊ တရားမမှု ဖြစ်နေတယ်၊ တရားမမှုဆိုတာကလည်း ငါးနှစ်၊ ဆယ်နှစ်လောက်ကြာတက်တော့ အမှုတွဲတွေဖတ်ရင်း ဥပဒေစိတ်ဝင်စားလာလို့ လာတက်တာပါ"ဟု ဆိုရာ ဆရာက ခေါင်းညိတ်၏။ နောက်တစ်ဦးက ဒီလို ဆိုပါတယ်။

"ကျွန်တော်က ရဲဝန်ထမ်းပါ၊ ရဲလုပ်ငန်းက ဥပဒေတက်သင့်တယ်လေ၊ အလုပ်အတွက်အထောက်အကူရအောင် လာတက်တာပေါ့" ဟု ဆို၏။ နောက်တစ်ဦးကတော့ -

"ဘာရယ်လို့ တော့ မဟုတ်ပါဘူးဆရာ၊ ကျွန်တော်က BAဘွဲ့လေးတစ်ခုတည်းနဲ့ မျက်နှာ ငယ်လို့ H.G.P လက်မှတ်ကလေး ထပ်ပြီးရအောင် မျက်နှာမငယ်ရအောင် လာတက်တာပါ"ဟု ဆိုရာ ဆရာကသက်ပြင်းချ၏။

ဆရာသည် စေတနာကောင်း၍ ဘွင်းဘွင်းပြောတက်သူ ဖြစ်၏။ ဝို

က်ဆံရရင်ပြီးရော သင်တန်းဆရာမျိုး မဟုတ်ပါ။ မိမိသင်ပေးသော ပညာကိုလည်း တိုင်းပြည်အတွက်၊ တရားစီရင်ရေး မဏ္ဍိုင်အတွက် အကျိုးရှိစေချင်၏။ စေတနာပါပါစာသင်၏။ သင်တန်းဆရာက ယခုလို ညည်းတွားခဲ့ဖူးပါသည် ။

“ကျွန်တော် H.G.P သင်တန်းတွေမှာ သင်တန်းသားတွေရဲ့ H.G.P သင်တန်းတက်တဲ့ ရည်ရွယ်ချက်ကို မေးကြည့်ဖူးတယ်ဗျာ၊ တချို့ကပညာကို အသုံးချဖို့ မဟုတ်ဘူး ၊ နာမည်ရဲ့ နောက်မှာ အမြီးရှည်ချင်လို့ လို့ ပြောတယ်၊ သူတို့ က များ သောအားဖြင့် အသက်၃၀ ကျော် ၄၀ တွေ၊ မင်္ဂလာဆောင်ပြီးပြီ၊ မင်္ဂလာဆောင် ဖိတ်စာရိုက်ပြီးသားလူတွေ ဆိုတော့ဗျာ H.G.P လက်မှတ် ရတော့ မင်္ဂလာဆောင်ဖိတ်စာမှာ H.G.P လို့ ရိုက်ဖို့ အချိန်မမီတော့ဘူး။ အချိန်မီတဲ့ နေရာတစ်ခုတော့ကျန်သေးတယ်၊ အဲ့ဒါကတော့ နာရေးကြော်ငြာ၊ မိမိရဲ့ နာရေးကျတော့မှ H.G.P ရိုက်လို့ ရတော့မယ်၊ နာရေးကြော်ငြာ တစ်ခုအတွက်နဲ့ တော့ H.G.P တက်နေရင် H.G.P ကခက်တယ်ဗျ၊ စာတော်တော်ကျက်ရမယ်၊ အချိန်ကုန်၊ လူပန်း၊ ငွေကုန်ဖြစ်တော့ တိုင်းပြည်အတွက်အလုပ်လုပ်တဲ့ အချိန် နည်းသွားတာပေါ့ဗျာ၊ လူသား အရင်းအမြစ် ဆုံးရှုံးခြင်းတစ်မျိုး ပေါ့”ဟု ညည်းတွားဖူးပါသည် ။

မြန်မာဘုရင်လက်ထက်ကလည်း ဘွဲ့တွေ၊ ဂုဏ်ထူးတွေ ပေးပါ၏။ ဥပမာ စစ်တိုက်တော်လှသောစစ်သူကြီး မောင်ရစ်ကို “မဟာဗန္ဓုလဘွဲ့” ပေး၏။ ထို့ပြင် သာသနာပြု ထူးချွန်သော သံဃာတော်၊ဆရာတော်များအား “အဂ္ဂမဟာပဏ္ဍိတ”ဘွဲ့ ၊ “အဘိဓဇမဟာရဋ္ဌဂုရု”ဘွဲ့ စသဖြင့် ဘွဲ့တံဆိပ်တော်များ ဆက်ကပ်သည် ။ ပညာရေး၌ ထူးချွန်ပါက ပညာရေးဆိုင်ရာဘွဲ့များ ချီးမြှင့်သည် ။ တစ်ခါကတော့ ဘိုးတော်ဘုရားမင်းကြီး၏ ငယ်ကျွန် မောင်ရွှေလေးသည် ဘွဲ့တံဆိပ်လိုချင်နေ၏။ သူက ဘိုး

တော်ဘုရားနှင့် မိဖုရားခေါင်ကြီးတို့ အား မိမိကိုလည်း ဘွဲ့ပေးရန် ခဏ ခဏ ပူဆာ၏။ သို့သော် သူကစာလည်း မတက်၊ စစ်လည်း မတိုက်ဖူးသူ ဖြစ်ရာ ဘာဘွဲ့ပေးရမှန်း မသိ၍ ဘိုးတော်ဘုရား ဦးနှောက်ခြောက်၏။ သို့နှင့် အမတ်ကြီးဦးပေါ်ဦးအား မောင်ရွှေလေးကို ဘယ်လိုဘွဲ့ပေးရင် ကောင်းမလဲ ဆိုတာ ဘုရင်က တိုင်ပင်၏။ ထိုအခါ ဦးပေါ်ဦးက ဘွဲ့တံဆိပ်ပါ တစ်ခါတည်းလုပ်ခဲ့ပါမယ် ဆိုကာ ပန်းထိမ်သို့သွား၍ ကြေးပြားပေါ် "သုဝဏ္ဏခေနွေ" ဆိုသောဘွဲ့ကို ရိုက်၍ မောင်ရွှေလေးသို့ပေးရန် ဘုရင်ထံ ဆက်သ၏။ ဘုရင်ကလည်း ညီလာခံသဘင်၌ မောင်ရွှေလေးအား သုဝဏ္ဏခေနွေ ဘွဲ့တံဆိပ် ချီးမြှင့်ရာ မောင်ရွှေလေး အလွန်ပျော်၏။

တစ်နေ့တော့ မောင်ရွှေလေးသည် နန်းဦးကျောင်းဆရာတော်ဘုရားကြီးထံ ရောက်သွားရာ ဆရာတော်က "ဟဲ့..ငရွှေလေး... မတွေ့တာကြာပါပကော၊ နေကောင်းလား "ဟု နှုတ်ဆက်ရာငရွှေ လေးက "မှန်လှပါ၊ တပည့်တော်ကို ငရွှေလေးလို့ မခေါ်ပါနဲ့ ဘုရား၊ အခုဘွဲ့ရ ပုဂ္ဂိုလ်ဖြစ်နေပါပြီ၊ ဘွဲ့တပ်ပြီး ခေါ်ပါဘုရား"ဟု ဆိုတော့ ဘုန်းကြီးက အံ့ဩ၍ "ဟဲ့ ... နင့်ဘွဲ့က ဘာဘွဲ့လဲ"လို့ မေးပါသည် ။ ငရွှေလေးက သုဝဏ္ဏခေနွေ ဘွဲ့တံဆိပ်ကို ဘုရင်ကိုယ်တိုင်ချီးမြှင့်တာပါဟု လျှောက်ထား၏။ ထိုအခါ ဆရာတော်ကြီးက "ဟဲ့... သုဝဏ္ဏဆိုတာပါဠိစကား "ရွှေ"လို့ အဓိပ္ပာယ်ရတယ်၊ ခေနွေ ဆိုတာ လေး လို့ အဓိပ္ပာယ်ရတယ်။ ဒီတော့ ရွှေလေးပဲပေါ့ဟဲ့" ဟု မိန့် ကြားခဲ့ဖူး၏။

## ပါရဂူတစ်ယောက် မဟုတ်သော်လည်း မျက်နှာမငယ်ခဲ့သောဆရာဝန်တစ်ဦး

တစ်ခါတုန်းက သာမန်ရိုးရိုးဆရာဝန်တစ်ဦးဟာ INGOတစ်ခုမှာ အလုပ်တစ်ခု ရသည် ။ ရသည့် အလုပ်ကတော့ TBရောဂါတိုက်ဖျက်ရေး

မြို့နယ်စီမံကိန်း အရာရှိ။ သည် တော့နယ်၌ စီမံကိန်း ရုံးဖွင့်ရန် မြို့နယ် တစ်ခုသို့ ရောက်သွားပါသည် ။ ထိုအခါ ဆရာမကြီးတစ်ယောက်က မေးဖူးပါ၏။ "ဆရာက တီဘီရောဂါ ပါရဂူလား၊ ဘာဘွဲ့တွေရခဲ့ဖူးလဲ" ဟု မေးဖူးပါ၏။ ဒီတော့ ၎င်းဆရာဝန်က -

"ကျွန်တော်က ပါရဂူတစ်ယောက်မဟုတ်ပါဘူး၊ သာမန်ဆရာဝန်ဘွဲ့ ရတစ်ယောက်ပါ၊ ဒါပေမဲ့ စေတနာအမှန်နဲ့ ရိုးသားကြိုးစားခြင်းက ကျွန် တော့်ရဲ့ ဘွဲ့ပါပဲ" ဟူ၍ ဆိုပါ၏။

သို့ပါ၍ ဘွဲ့မရလို့ မျက်နှာမငယ်၊ ဘွဲ့ရတိုင်းလည်း မျက်နှာမကြီး၊ ရိုး သား၊ကြိုးစား၊ စေတနာမှန်တာကို ဂုဏ်ဟု ယူဆမိပါကြောင်း။

HR Journal (18-2-2011)

*

ပညာဟူသည် ပညာရေးဈေးကွက်၌ လိုက်ရှာ၍ မရ၊
ပညာရှာပမာသူဖုန်းစား ဟူသော ခံယူချက်ဖြင့်လိုက်ရှာသော်
ရ၏

ယနေ့ခေတ် အခါသမယ၌ သင်တန်းတွေများ လွန်းလှ၍ သင်တန်းခေတ် တစ်ခေတ် ဟူ၍ ပင် ဆိုရလောက်အောင် များ လှရာ နိုင်ငံခြားထွက်၍ အလုပ်လုပ်ချင်သူ၊ NGO ၌ အလုပ်ရလိုသူ၊ ကုမ္ပဏီမှာ အလုပ်ရလိုသူ စသဖြင့် သင်တန်းတက်လိုသူတွေကလည်း များ လှပါသည်။

တစ်ဖန် မိမိကုမ္ပဏီ တိုးတက်ရာ တိုးတက်ကြောင်းအတွက် ကုမ္ပဏီဝန်ထမ်းများကို သင်တန်းပေးလိုသော ကုမ္ပဏီပိုင်ရှင်များ လည်း များလှသည်။

ကျွန်တော်သည် ရုံးလုပ်ငန်းတစ်ဖက်၊ စာရေးတာတစ်ဖက်ဖြင့် မအားလပ်သည့် ကြားက ဝါသနာပါ၍ ကိုယ်ပိုင်သင်တန်းတစ်ခု ဖွင့်ထားပါသည်။ ကျွန်တော်က လူသားအရင်းအမြစ် စီမံခန့်ခွဲမှု (HR) ဘာသာနှင့် စီမံခန့်ခွဲမှု (Management) ဘာသာများ သင်ပေးနေပါ၏။တစ်နေ့တော့ ကျွန်တော်၏ အိတ်ဆောင် ဖုန်းကလေး အသံမြည်လာ၍ ကိုင်လိုက်ပါသော်-

"ဟယ်လို၊ ဆရာ ဒေါက်တာထွန်းဝင်းပါလားရှင့်"

"ဟုတ်ကဲ့"

"သင်တန်းအကြောင်းစုံစမ်းတာပါ၊ ဘာတွေသင်ပေးပါလဲရှင်"

"Human Resource ဘာသာ နဲ့ Management ဘာသာပါ"

"ဟုတ်ကဲ့ သမီးက... ကုမ္ပဏီကပါရှင်၊ သမီးတို့ ကုမ္ပဏီမှာ အပြင်က Consultant ငှားပြီး ဝန်ထမ်းတွေကို သင်တန်းပေးဖို့ ရှိပါတယ်၊ အဲ့ဒါ ဆရာနဲ့ ဆွေးနွေးချင်ပါတယ်"

"ဟုတ်ကဲ့ ဆွေးနွေးပါ"

"ဒီလိုလုပ်ပါလား ဆရာ၊ ဆရာ့ရဲ့ သင်တန်းမှာ ဘာတွေသင်ပေးနေပါတယ်ဆိုတဲ့ Module၊ ဘယ်အချိန်သင်ပေးတယ်၊ သင်တန်းကြေး၊ ကုမ္ပဏီမှာ လိုက်သင်ပေး မပေး စတာတွေကို ပြည့်ပြည့်စုံစုံ စာရေးပြီး သင်တန်းပေးလိုကြောင်း အဆိုပြုလွှာ Proposal တင်ဖို့ သမီးတို့ ကုမ္ပဏီက ဒါရိုက်တာအဖွဲ့ဝင်ကို တွေ့ခွင့်တောင်းပြီးလာတွေ့ပါလား၊ ဒါရိုက်တာအဖွဲ့က အခုလောလောဆယ်တော့ မန္တလေးသွားနေတယ် ဆရာ၊ သူတို့ မန္တလေးကပြန်လာရင်လာတွေ့ပါလား" ဟု ဆိုရာ "ဗျာ" ဟု အံ့သြခဲ့ရပါ၏။

တကယ်တော့ Proposal (အဆိုပြုလွှာ) တင်တယ်ဆိုတာ ကမ်းလှမ်းတာပါ၊ သင်တန်းဆရာတစ်ယောက်က ကျွန်တော်ဒါတွေသင်နိုင်ပါတယ်၊ သင်ပေးမယ်လေ၊ သင်မှာ လားလို့ ပြောတာ၊ သင်ပေးပါရစေလို့ ပြောတာပါ။

အမှန်တော့ သင်လိုသူတပည့်က "ကျွန်တော်တို့ ကို သင်ပေးပါ ဆရာ"လို့ ကမ်းလှမ်းသင့်ပြီ ဆရာ "ကျွန်တော်သင်ပေးပါရစေ ကွယ်" လို့ ဆိုတာကတော့ သိပ်ပြီးသဘာဝမကျသော်လည်း ဒီလိုအဖြစ်မျိုး ခေတ်ရေစီးကြောင်းလို့ ပဲ ယူဆလိုက်ပါသည် ။

## သင်တန်းသား နှစ်မျိုး

ပထမတစ်မျိုးကတော့ မိမိတို့ မုန့်ဖိုးလေးတွေစုပြီး သင်တန်းကြေး ပေး၍ လာတက်သော လူငယ်များကို တွေ့ဖူးပါသည် ။ သူတို့ က တက် လိုစိတ်ရှိသည် ။ ကြိုးစားသည် ။ ဒါကြောင့် လည်း ပိုက်ဆံပေးပြီးတက် တာ ဖြစ်၏။ ဒုတိယ တစ်မျိုးက ကုမ္ပဏီသင်တန်းတက်ခိုင်း၍ တက် သော ဝန်ထမ်းတွေဖြစ်သည် ။ ကြိုးစားပြီး လိုချင်စိတ်ရှိသူလည်း ရှိပါသ ည် မလိုချင်ဘဲ ခိုင်းလို့ သာလာတက်ရတယ် ဆိုသည့် လူမျိုးလည်း ရှိပါ သည် ။

ကျွန်တော် INGO မှာ အလုပ်လုပ်တုန်းက နိုင်ငံခြားသားက ခိုင်း၍ မိ မိလက် အောက်ငယ်သားများကို စီမံကိန်းဆိုင်ရာ သင်တန်းပေးဖူးသည် ။ ကျွန်တော်ကစာသင်နေစဉ် Write board ဘက် လှည့်နေချိန်တွေမှာ သင်တန်းသားတွေက တစ်ယောက်နဲ့ တစ်ယောက် မဲ့ပြလိုက်၊ လက်ခါပြ လိုက်၊ မျက်စိတစ်ဖက်မှိတ်ပြလိုက် လုပ်နေကြ၍ ကျွဲပါးစောင်းတီး ဖြစ် ခဲ့ဖူးပါသည် ။

သို့ပါ၍ ကုမ္ပဏီပိုင်ရှင်တွေ၊ ဒါရိုက်တာအဖွဲ့တွေ မိမိတို့ ၏ ဝန်ထမ်း တွေကို Consultant ငှားပြီး သင်တန်းပေးလိုပါက သူတို့ မှာ လိုချင်စိတ် (Desire) ရှိပါရဲ့ လား ဆိုတာ ဦးစွာဆန်းစစ်ရပါမည်။ ဒါရိုက်တာ အဖွဲ့ က ဝန်ထမ်းတွေကို မင်းတို့ သင်တန်းတက်ကြကွာ၊ ငါတို့ သင်တန်းကြေးထုတ်ပေးမယ် ဆိုတာမျိုးက သဘာဝမကျပါ။ ဝန်ထမ်း က ဒါရိုက်တာအဖွဲ့ကို ပြောရမည်။ ကျွန်တော်တို့ သင်တန်းတက်ပါရစေ ခင်ဗျား၊ ကျွန်တော်တို့ ကြိုးစားပါမယ်၊ သင်တန်းကရလာမယ့် ဗဟု သု တဟာ ကုမ္ပဏီအတွက်အကျိုးရှိမှာ သေချာပါတယ်၊ ကျွန်တော်တို့ ကိုသ င်တန်း စရိတ်ထုတ်ပေးပါ ဆိုပြီးတောင်းရမည်။ အဲ့ဒါကို ပညာရှာပမာ

သူဖုန်းစား ဟူ၍ ခေါ်ပါ၏။ အဲသည် လိုကျင့်ကြံအားထုတ်မည့် ဝန်ထမ်းမျိုးမှ တကယ်တတ်မှာ ဖြစ်သည် ။ မလုပ်မရှုပ် မပြုတ် ဝန်ထမ်းမျိုးကို သင်တန်းပေးလျှင် သဲထဲရေသွန်ဖြစ်ပါမည်။

## သင်တန်း သင်ရိုးညွှန်းတမ်း (Module)ကိစ္စ

တုမ္ပဏီဒါရိုက်တာ တွေက သင်တန်း၏ မိုးဂျူးခေါ် သင်ရိုးကိုသိချင်သည် ဟု ဆိုပါသည် ။ သင်တန်းဆရာအမျိုးမျိုးတို့ ၏ Module ကို လိုက်ကြည့်မည်။ သင်တန်းကြေးဈေးနှုန်း နှိုင်းယှဉ်သည် ဆိုတာက Market ခေါ် ဈေးကွက်ထဲမှာ ပညာကုန်ပစ္စည်း (Product) လိုက်ရှာသလို ဖြစ်နေသည် ။

ဒါနှင့် ပတ်သက်၍ သင်တန်းပေးနေသောဆရာတစ်ဦး အနေဖြင့် ပြောရမည်ဆိုရလျှင် လျှို့ဝှက်ထားသည့် Module ဆိုတာမရှိပါ။ သင်ရိုးညွှန်းတမ်းက လေယာဉ်ပျံ ထုတ်လုပ်သော နည်းပညာလို High Tech မဟုတ်ပါ။ အင်တာနက်ထဲမှာ ကြိုက်သည့် Module ရှာလို့ ရပါသည် ။

သို့ပေမဲ့ အဲ့ဒါတွေက တကယ့် Module စစ်စစ် မဟုတ်ပါ။ နောက်ဆုံးပေါ် Training အမျိုးအစားက Training Workshop ဟု ခေါ်သည် ။ Workshop ခေါ် အလုပ်ရုံဆွေးနွေးပွဲ လုပ်ရင်းသင်တန်းပေးတာ ဖြစ်သည် ။ Module ၏ Basic Knowledgeကို အခြေပြု၍ သင်တန်းသားတို့ ၏ Thinking, Idea, Opinion ဆိုသော စဉ်းစားပုံတွေ၊ အတွေးအခေါ်တွေ။Decision ခေါ် ဆုံးဖြတ်ချက်တွေ ဖြစ်သည် ။

Training Workshop တစ်ခုနှင့် တစ်ခု သင်တန်းခေါင်းစဉ်ချင်းတူသော်လည်း လုပ်ဆောင်သွားပုံ (Module)နှင့် အဖြေထွက်သွားပုံ (Result )ခြင်း မတူပါ။ ထို့ကြောင့် ပညာ Moduleကို ဈေးကွက်(Market) ထဲမှာ

ရှာ၍ မရပါ။

ပညာရှင်ကြီး တစ်ယောက်ကပြောသည် မှာ မိမိနေထိုင်ရာကမ္ဘာကြီး သည် မိမိ၏ ပညာရှာရာတက္ကသိုလ်ကြီးဟု ဆိုသည် ။ ပညာရှာသောန ည်းက ကိုတေးရှင်း (Quotation) ခေါ် ဈေးနှုန်းနှိုင်းယှဉ်ချက် မဟုတ်ပါ ။ Quotation ကဈေးဝယ်နည်း ဖြစ်သည် ။ ပညာရှာသည့် နည်းက "ပ ညာရှာ ပမာသူဖုန်းစား" နည်းပင် ဖြစ်သည် ။

ကုမ္ပဏီတစ်ခု ပို့ချသည့် Marketing သင်တန်း Module နှင့် တခြား နောက်ထပ် ကုမ္ပဏီတစ်ခုကို ပို့ချသော Marketing Module တူချင်မှ တူ မည်။ ဘာကြောင့် လည်း ဆိုလျှင် ကုမ္ပဏီတစ်ခု နှင့် တစ်ခု Vision ခေါ် အနာဂတ်မြင်ကွင်း၊ Mission ခေါ် လမ်းစဉ်တွေ၊ Objective ခေါ် ရည်ရွ ယ်ချက်တွေ၊ ရည်မှန်းချက်(Target) တွေ မတူပါ။ သို့အတွက် ပြဿနာ တွေလည်း မတူပေ။ သည် တော့Module မတူပါ။ ပုံနှိပ် စာလုံးတွေကို ကူးယူဖော်ပြသော Module သည် Module အစစ်မဟုတ်သေးပါ။ကုမ္ပဏီ ၏ ရည်မှန်းချက် (Objective) ကို ရောက်အောင် ပို့ဆောင်ပေးနိုင်မှ သာ Module အစစ်ဖြစ်သည် ။

သို့ပါ၍ ပညာ Module ကိုဈေးကွက်ထဲမှာ ရှာရင် Module အတုသာ တွေ့နိုင်ပါမည်။ Module အစစ်ကိုလိုချင်လျှင် ပညာရှာပမာသူဖုန်းစားန ည်းဖြင့် ကမ္ဘာကြီးဆိုသော တက္ကသိုလ် မှာ ရှာပြီး ၊ Workshop လုပ်ပြီး တက်ရောက်သူတွေ၏ ဦးနှောက်ထဲတွင် ရှာရမှာ ဖြစ်သည် ။ အလုပ်လု ပ်မည့် သူတွေ၏ Planning , Thinking, Decision, Promise တို့ သည် ကု မ္ပဏီ၏ Objective ကို အကောင်အထည် ဖော်နိုင်လျှင် ၎င်းတို့ သည် Mo dule များ ပင် ဟု ဆိုချင်ပါကြောင်း။

HR Journal (19-11-2010)

## ဖွံ့ဖြိုးဆဲနိုင်ငံသားတို့ ၏ ဝပ်ရှော့၊ ဆီမီနာများ ၌ လုပ်ပိုင်ခွင့်ဆိုတာဘာလဲ

ဝပ်ရှော့အကြောင်းဟူသည် HR Development ၌ အရေးပါလှပါ၏။ သင်တန်းပေး ခြင်းဖြင့်လည်း HR ဖွံ့ဖြိုးရေး လုပ်ကြရာတွင် နောက်ပိုင်း ကာလများ ၌ သင်တန်းတို့ ၏ နေရာအချို့၌ Workshop တို့ ဖြင့် အစား ထိုး ကျင့်သုံးလာပါသည် ။ တဖန် ဝပ်ရှော့ထက် ပိုမိုကျယ်ပြန့်လာသော အခါ Seminar တို့ ကို ကျင့်သုံးလာကြပါသည် ။

ကျွန်တော်တို့ ငယ်ငယ်က သင်ကြားနည်းကတော့ Lecture ခေါ် ဆ ရာက ဟောပြောပို့ချခြင်းသာဖြစ်ပါ၏။ တဖန် သင်တန်းခေါ် Training လုပ်ရာ၌ သင်တန်း စစ်လာပါက လေ့ကျင့်ခြင်း (Practice) ပါရမည်။ ဥ ပမာ - ရေကူးသင်တန်း၌ ရေကူးတာကို လက်ချာပေးလို့ မရပါ။ ရေကူး ကန်ထဲ၌ လေ့ကျင့်ရပါမည်။တချို့ကလည်း ထင်ကြပါသည် ။ ဝပ်ရှော့ ဟူသည် ကား UN တို့ INGO တို့ မှာ အလုပ်လုပ်ဖူး သူတို့ သာ အတွေ့အ ကြုံရှိသည် ဟု ထင်ကြ၏။ တကယ်တော့ လည်း မဟုတ်ပါ။ INGO စီမံ ကိန်း နယ်မြေလုံးဝမဟုတ်သော ကျေးလက်တောသားများ လည်း ဝပ် ရှော့ လုပ်တက်ကြောင်းကို ဤဆောင်းပါး နောက်ပိုင်း၌ ဖော်ပြပါအံ့။ သို့သော် ယခုလောလောဆယ်၌ ဝပ်ရှော့ အတွေ့အကြုံများ လှပါသည် ဆိုသော INGO ဝန်ထမ်းတို့ ၏ လုပ်ပိုင်ခွင့်များ ကန့်သတ်ခံရပုံကို ဦးစွာ တင်ပြပါရစေ ။ ဝပ်ရှော့ လုပ်ရာ၌ အစိတ်အပိုင်းများ စွာပါဝင် ပါသည် ။ သို့သော် အဓိက အစိတ်အပိုင်းတို့ မှာ -

-အုပ်စုငယ်များ ဖွဲ့၍ ဆွေးနွေးခြင်း၊

-အုပ်စုငယ်များ တွင် စဉ်းစားခြင်း၊

-စဉ်းစား၍ အချက်အလတ်များကို မှတ်တမ်းတင်ခြင်း၊

-အဖွဲ့ငယ် တစ်ခုက မိမိတို့ စဉ်းစားပုံ မှတ်တမ်းကို တင်ပြခြင်း(Presentation)၊

-ဝပ်ရှော့ တစ်ခုလုံးက စုပေါင်းဆွေးနွေးခြင်း၊

-ဆုံးဖြတ်ချက်များ ချခြင်း၊

-ဝပ်ရှော့ကိုအကဲဖြတ်ခြင်း(Workshop Evaluation) စသည် တို့ ဖြစ်ပါသည် ။

စာရေးသူကျွန်တော်သည် တစ်ခါက INGO တစ်ခုကို ကိုယ်စားပြု၍ ဝပ်ရှော့တစ်ခုကို သွားတက်ဖူးပါသည် ။၎င်းဝပ်ရှော့၌ နိုင်ငံခြားသားတွေ တော်တော်များ ပြီး ၎င်းတို့ သည် Country Director အဆင့်ရှိသူများ ဖြစ်ကြ၏။ ဝပ်ရှော့ကို တဖြည်းဖြည်းကျင်းပလာရာ စီမံကိန်းကြီးတစ်ခုကို INGO နှစ်ခု၊ သုံးခုလောက်က ပေါင်းပြီးလုပ်ကြမလားဟု မေးခွန်းထုတ်၍ ဆုံးဖြတ်ချက်ချခြင်း (Decision) အဆင့်သို့ ရောက်လာပါသည် ။ ထိုအခါ G-20 နိုင်ငံသားများ ဖြစ်သော Country Director တို့ ကဘယ်သူ့ INGO က ဒေါ်လာ ဘယ်နှသိန်း ထည့်မည်၊ ငါကဘယ်လောက်၊ သူကဘယ်လောက် ထည့်မည် စသဖြင့် သူတို့ ၏ ဆုံးဖြတ်ချက်ကို ပြော၏။ ဖွံ့ဖြိုးဆဲနိုင်ငံက အရာရှိဝန်ထမ်းများ (ကျွန်တော်အပါအဝင်) ကတော့ "ဟုတ်ကဲ့၊ ကျုပ်ကလည်း ဒေါ်လာဘယ်နှသိန်းထည့် ပါမယ်"ဟု ဘယ်သို့ပြောရမည်နည်း။ ထိုအခါ အသာလေးငြိမ်နေရပါသည် ။ ထိုအခါ သိလိုက်ရသည် ကတော့ ဖွံ့ဖြိုးဆဲနိုင်ငံသားတို့ သည် ဝပ်ရှော့၊

ဆီမီနာတို့ တွင် -

-ဆွေးနွေးပိုင်ခွင့်ရှိပါသည် ။ ကြိုက်သလောက်ဆွေးနွေးပါ။ ဘယ်သူကမှ မိမိပါးစပ်ကို လာမပိတ်ပါ။

-စဉ်းစားပိုင်ခွင့်ရှိပါသည် ။ ကြိုက်သလောက်စဉ်းစားပါ။ စဉ်းစားတာ ပိုက်ဆံမပေးရပါ။

-အကြံပြု တင်ပြပိုင်ခွင့်ရှိပါသည် ။ အကြံပြုပါက အားလုံးဂရုစိုက်နားထောင်ကြပါ၏။

-ပိုက်ဆံ ကုန်မည့် ဆုံးဖြတ်ပိုင်ခွင့်မရှိပါ။ (ခြွင်းချက်၊ နိုင်ငံခြားသားက မိမိလက်အောက်ဒေသခံ နိုင်ငံသားအား ဒေါ်လာ ဘယ်လောက်အထဆုံးဖြတ်ပိုင်ခွင့် ရှိသည် ဟု အာဏာပေးလိုက်လျှင်တော့ ဆုံးဖြတ်လို့ရပါ၏။

သည် တော့ဖွံ့ဖြိုးဆဲနိုင်ငံ၏ နိုင်ငံသားတွေက ပိုက်ဆံ ထည့်ဝင်ရန်ဆုံးဖြတ်ချက်ကတော့ ကန့်သတ်ခံရပါ၏။ မိမိတို့ ကလည်း G-20 နိုင်ငံသားမှ မဟုတ်တာကိုး။

သို့သော် နိုင်ငံခြားသားတွေနှင့် နည်းနာခံယူဖူးမှ မဟုတ်ပါ။ မြန်မာစင်စစ်တွေလည်း ဆီမီနာ၊ ဝပ်ရှော့အတွေ့အကြုံတွေ ရှိပါ၏။

ကျေးလက်ဒေသတွင် လည်း Workshop ဆိုတာ ရှိပါသည် ။ ဥပမာ- စပေါင်းကထိန်၊ စပေါင်းရှင်ပြု စသည် တို့ တွင် အလှူရှင်တို့ သည် Discussion လုပ်ရ၏။ ဘယ်အလှူရှင်က အလှူငွေ ဘယ်လောက် ထည့်မလဲဆုံးဖြတ်၏။ အလှူမှာ ဘာကျွေးမှာ လဲ၊ ဒံပေါက်လား၊ အုန်းထမင်းလားစပေါင်းဆုံးဖြတ်၏။ စပေါင်းစဉ်းစားကြပါသည် ။

သို့သော်လည်း ဒီလိုလုပ်တာက ဝပ်ရှော့ တစ်ခုဖြစ်သွားသည် ဆိုတာ

ကျေးလက်တောသား တောင်သူတွေက မသိပါ။ တချို့ထင်ကြသည် မှာ ဝပ်ရှော့ဆိုသည် မှာ ဆီဒိုးနားဟိုတယ်မှာ နိုင်ငံခြားသားတွေနှင့် လုပ်မှ ဝပ်ရှော့ဟု ထင်ကြ၏။ ဆီမီနာဆိုတာက ဘန်ကောက်က ကြယ်ငါးပွင့် ဟော်တယ်မှာ နိုင်ငံတကာက ကိုယ်စလှယ်တွေတက်မှ ဆီမီနာဟု ထင်ကြ၏။တကယ်တော့ ကျေးလက်ဒေသတွေမှာ လည်း ဝပ်ရှော့၊ ဆီမီနာတွေ ရှိပါသည် ။ ဝပ်ရှော့၊ ဆီမီနာတို့ ၏ အနှစ်သာရများမှာ စဉ်းစားခြင်း (Thinking)၊စုပေါင်းဆွေးနွေး အဖြေရှာခြင်း(Discussion)၊ ကောင်းမွန်သော ဆုံးဖြတ်ချက်များကို ချနိုင်ခြင်း(Decision Making) တို့ ဖြစ်ပါသည် ။

ဝပ်ရှော့လုပ်ရန် ဟိုတယ်ခန်းမကို ငှားရန်မလိုပါ။ ဘုန်းကြီးကျောင်း၊ ဓမ္မာရုံမှာ လည်း လုပ်လို့ ရပါသည် ။

အင်္ဂလိပ် စကားပြောမှ ဝပ်ရှော့မဟုတ်၊ မြန်မာလိုပြောလည်း ဝပ်ရှော့ဖြစ်နိုင်ပါသည် ။ ဝပ်ရှော့လုပ်တက်ရန် မိမိတို့ ၏ အရင်းအမြစ်များ ၊ မိမိတို့ ၏ လုပ်ပိုင်ခွင့်များကို

မိမိတို့ နားလည်ရန်လိုပါသည် ။ မိမိ၏ စဉ်းစားပုံ အကြံဉာဏ်ကို သူများကို ပြောပြ၊ တင်ပြနိုင်ရမည်။ ၎င်းမှ တဆင့် ပိုမိုကောင်းမွန်သော သဘောတရား (အိုင်ဒီယာ) များ ရရှိနိုင်ရပါမည်။

ဒါဆိုလျှင် လူသားအရင်းအမြစ်တွေ ဖွံ့ဖြိုးတိုးတက်လာမည်ဟု ဆိုချင်ပါကြောင်း။

HR Journal (2-9-2011)

*

## ပညာရှာပမာသူဖုန်းစား

တစ်ခါတုန်းကဖြစ်ပါ၏။ ကျွန်တော်သည် NGO တစ်ခုတွင် အရာရှိ အဖြစ် အမှုထမ်းနေစဉ် ကွန်ပျူတာနည်း (Method) တစ်ခုနှင့် စပ်လျဉ်း၍ ကွန်ပျူတာကိုင်သော စာရေးမလေး တစ်ဦးကို မသိတာ မေးလိုက်ပါ၏ "ဟဲ့... သမီး၊ ဆရာ ဒါလေးတစ်ခု မသိလို့ ပြပေးစမ်း" ဟု ပြောမိ၏။ ထိုကွန်ပျူတာ စာရေးမလေးက သင်ပေး၏။ထိုနောက်ဝယ် နောက်မှ ပြန်ကြားရတာကတော့ အရာရှိက စာရေးကို ပြန်မေးရလားဟု ဆိုကာ "ဟား" ကြသည် ဟု ဆိုပါ၏။

တစ်ခါတုန်းကတော့ ကျွန်တော်သည် မိမိထက် ဂျူနီယာကျသော ဆရာဝန်မတစ်ဦးကို စီမံကိန်းပညာနှင့် စပ်လျဉ်း၍ မသိတာ တစ်ခုကို မေးလိုက်ပါသည် ။ မေးရသည့် အကြောင်းကလည်း ၎င်း ဆရာဝန်မသည် ပေ့ါသေးသေး မဟုတ်။ တခြားနာမည်ကြီး INGO များ တွင် လုပ်ဖူးရာသူ၏ သမ္ဘာကလည်း မသေးတာမှန်ပါ၏။ ဤသို့ မေးမြန်းရာတွင် ၎င်း ဆရာဝန်မက ဂုဏ်ယူဝင့်ကြွား ဈေးကိုင်စွာ ပြုံးလိုက်ပြီး "ဆရာရေ ... အလကားတော့ ဘယ်ရမလဲ ဒီပညာတွေက ရွှေတွေလေ" ဟု ဆိုရာ ကျွန်တော်က " "ရပါတယ်ဗျာ...၊ သင်ကြားတဲ့ သူကို ကျေးဇူးဆပ်သင့်တာပေ့ါ၊ ဘယ်ဟိုတယ်မှာ စားချင်လည်း ပြောပါ"ဟု ပြောရ၏။ သို့သော် တကယ်တမ်း သင်သောအခါ သူက ပညာလျှိုပြီ ဆိုတာ ရိပ်မိ၍ တခြားဆရာ နှစ်ဦး၊ သုံးဦးထံ သွားသင် လိုက်ရပါသည် ။

တစ်ခါတုန်းကဖြစ်ပါ၏။ INGO တစ်ခုရဲ့ နာမည်ကိုတော့ ထုတ်မပြောချင်တော့ပါ။ ၎င်း INGO ၌ ကျွန်တော်သည် အမျိုးသား စီမံကိန်းအရာရှိအဖြစ် အမှုထမ်းစဉ် Project Design ဆွဲရ၏။ ဆွဲနေစဉ် မတက်တာတစ်ခု ပေါ်လာ၍ ဘယ်သူ့သွားမေးရမှန်းမသိပါ။ သို့နှင့် ကျွန်တော်က National Consultant ငှားလိုကြောင်း Country Director နိုင်ငံခြားသားထံ တင်ပြတော့ သူကသဘောတူ၍ သက်ကြီး၊ ဝါကြီး၊ လုပ်သက်၊ သမ္မာရင့်သော ဆရာဝန်ကြီးတစ်ဦးကို short Term Consultant အဖြစ် ငှားလိုက်၏။ ကျွန်တော်တို့ က ကျိုးနွံစွာ သင်ယူပါသည် ။

ရက်နည်းနည်းကြာတော့ ကျွန်တော် ရိပ်မိသည် မှာ ၎င်းဆရာဝန်ကြီးသည် စာသင်စားပွဲ၌ ကျွန်တော် ရှိနေလျှင် ကောင်းကောင်း မသင်ပါ။ ကျွန်တော်ကိစ္စတစ်ခုနှင့် အပြင်သွားလျှင် ကျွန်တော်ပြန်လာတော့ တော်တော်လေး သင်ထား၏။ ဘာကြောင့် လည်း လို့ တော့ ကျွန်တော် သေသေချာချာ မသိပါ။ သို့သော် ကျွန်တော်သည် ဝါရင့် ဆရာဝန်တစ်ယောက်ဖြစ်၍ တစ်နေ့နေ့ သူ့ကို ကျွန်တော် ခွာရာတိုင်းမှာ လား ဟု သူ တွေးတာလား မပြောတတ်ပါ။ သို့နှင့် ကျွန်တော်သည် ကျွန်တော်၏ လက်အောက်က အရာရှိ ဆရာဝန်မကို ဤသို့ ပြောလိုက်သည် ။

"ကဲ... ငါ့ညီမရေ ဒီသင်တန်းကို ဆရာမတက်ဘူး၊ နင်တို့ သေချာကြိုးစားသင်ပါ၊ ပြီးရင်ငါ့ကို ပြန်သင်ပေးပါ" ဟု ပြောပြီး တခြား အလုပ်လုပ်နေလိုက်၏။ ရက်အနည်းငယ်ကြာတော့ သူတို့ သင်တန်းပြီးသွားပါသည် ။ ဆရာဝန်ကြီးကိုလည်း INGO က တော်တော်များ ပြားသော FEC များ ကန်တော့လိုက်ပါ၏။ ထို့နောက် ကျွန်တော်က ကျွန်တော့်လက်အောက်က ဆရာဝန်မကို ဤသို့ ပြောသည် ။

"ကဲ...ငါ့ညီမရေ၊ နင်တို့ တော့တက်သွားပြီ၊ ငါ့ကိုပြန်သင်တော့" ဟု

ဆိုရာ ထိုဆရာဝန်မက ကျွန်တော့်ကို သင်ပေး၏။ သို့သော် ကျွန်တော် ရိပ်မိသည် မှာ ၎င်း ဆရာဝန်မငယ်ကလည်း ကျွန်တော်တတ်မှာ စိုးသည့် အလား ဆရာစားချန် ပြန်ပါသည် ။ သို့နှင့် ကျွန်တော်လည်း မတက်တတတ် ဖြစ်နေရာ မတတ်တာကို မေးတော့လည်း ကောင်းကောင်း မဖြေချင်ပါ။ နိုင်ငံခြားသား Country Director ရှေ့ဝယ် သူက ကျွန်တော့်ထက် တတ်ကြောင်း ပြချင်ဟန်ရှိပါ၏။ ကျွန်တော်ကတော့ အလုပ်လုပ်ရန် အတွက်တတ်ချင်တာ ဖြစ်၏။

သို့နှင့် ဌာနဆိုင်ရာတွင် အလုပ်လုပ်နေသော မိတ်ဆွေဆရာဝန် တစ်ယောက်ထံ သွားသင်ရာ တနင်္ဂနွေများ ၌ သင်ပေး၍ ကျွန်တော်တတ်ခဲ့ရ၏။ အပိုတတ်သွားသော ကိစ္စတစ်ခုကတော့ လူတွေ၏ ဆရာစားချန်တတ်သော စိတ်သန္တာန် (Attitude) ကို နားလည်သွားခြင်း ဖြစ်ပါ၏။

လွန်ခဲ့သောနှစ်အတန်ကြာက ကျွန်တော်သည် ရွှေသွေး ကာတွန်းဂျာနယ် ဖတ်၏။ ဂျာနယ်တွင် ကာတွန်းဆရာ (အမည်မမှတ်မိ) က ဆွဲထားသည် မှာ ပုံပြင်တစ်ပုဒ်။ ကျီးကန်းတစ်ကောင်သည် သစ်ကိုင်း၌ နားနေစဉ် ၌ နွားကျောင်းသားတစ်ယောက်က လောက်လေးဖြင့် ပစ်ရာ ကျီးကန်း၏ စအိုထဲ လောက်စလုံးဝင်သွားပြီး ဝမ်းချုပ်ပြီး သေမလို ဖြစ်နေ၍ ကျီးသည် ခွဲစိတ် ဆရာဝန် ဇီးကွက်ထံ သွား၏။ ဇီးကွက်က ခွဲစိတ်မပေးပါ။ ခွဲစိတ်ပြီး လောက်စလုံးကို ထုတ်ယူလျှင်လည်း ရ၏။ သို့သော် ဇီးကွက်က အကြံပြုသည် ကတော့ ကျီးကန်းကို စမ်းချောင်းတစ်ခု ရှိရာသို့ ပျံသွားစေပြီး ခြေမျက်စိခန့် နက်သော စမ်းရေ၌ စအိုကို ရေစိမ်ပါက စမ်းရေများ သည် ကျီးကန်း၏ စအိုထဲဝင်၍ လောက်စလုံးအရည်ပျော်သွားမည်။ ခွဲစိတ်ရန် မလိုဟု ပြော၏။ ဒီပုံလေးကို ကျွန်တော် မှတ်ထား၏။

နောင်အခါ ခွဲစိတ်ဆရာဝန်များ သည် မလိုအပ်ဘဲ မခွဲစိတ်သင့်ကြောင်း ဂျာနယ်တစ်စောင် ၌ ကျွန်တော် ဆောင်းပါးရေးရာ ကျွန်တော့်ဆောင်းပါးကို ဖတ်မိသူကတော့ ယခုကာလ ဆေးတက္ကသိုလ်(၂)မှ သားဖွားမီးယပ် ပါမောက္ခ ဒေါက်တာမြသီတာက ပုံပြင်ကိုသဘောကျ၍ ဆောင်းပါးကို ပလတ်စတစ်လောင်းထားပြီး သူ၏ တပည့်ဆရာဝန်များကို ဆောင်းပါးပြ၍ မလိုအပ်ဘဲ မခွဲရန် ဆုံးမသည် ဟု ဆို၏။ ဒေါက်တာမြသီတာက ကျွန်တော်၏ စိတ်ကူးယဉ် (Idea) ဟု ထင်၍ ကျွန်တော်ကို လေးစားနေ၏။ တကယ်တော့ ကျွန်တော်ရဲ့ ဆရာသည် ရွှေသွေး ဂျာနယ်က ကာတွန်းဆရာတစ်ယောက်ပါ။

ကျွန်တော်သည် ကျေးလက်ဒေသ၌ လည်း ဆေးခန်းဖွင့်ဖူးရာ မြစ်သားမြို့နယ် သပြေသား ကျေးရွာအုပ်စု၌ ဖြစ်ပါ၏။ ကျွန်တော်သည် တစ်လလျှင် မြွေကိုက်လူနာ ၁၀ ဦးလောက်ကို ဆေးကုပေးခဲ့ရာ ၉၉ ရာခိုင်နှုန်း အသက်ရှင်၏။ ထိုသို့ အသက်ရှင်ရသည့် အကြောင်းကတော့ ရွာသားတွေက မြွေပွေးတို့ ၏ အမူအကျင့် (Snake Behavior) ကို ကျွန်တော့်အား ပြောပြပါ၏။ ဥပမာ- မြွေတို့ သည် အစာရှာချိန်ညဘက်၌ ပို၍ အဆိပ်ပြင်းကြောင်း၊ မြွေအစာဝနေစဉ် အကိုက်ခံရပါက အဆိပ်ပြင်းလေ့မရှိ၊ ခွေ၍ အိပ်နေသောမြွေပွေးကို နင်းမိ၍ အကိုက်ခံရသော် အဆိပ်နည်း၏။ မိတ်လိုက်နေသော မြွေကို နင်းမိ၍ အကိုက်ခံရသော် အလွန်အဆိပ်ပြင်းကြောင်း စသည် ဖြင့် များ လှသောအမူအကျင့်တွေကို ၎င်းတို့ ၏ အတွေ့အကြုံအရ ပြောပြပါသည် ။

ထို့ကြောင့် ရွာသားတွေသည် ကျွန်တော်၏ ဆရာ ဖြစ်၏။ သူတို့ကပြောပြသဖြင့် မြွေကိုက်လူနာကို ထိုးရန် မြွေဆိပ်ဖြေဆေး ပမာဏကို ချိန်ဆရာ၌ အသုံးဝင်ပါသည် ။နောင်အခါ ဝယ် ကျွန်တော်သည် ဩစတြေးလျ ဆေးပညာဂျာနယ်၌ Snake Behavior ဟူသော

ခေါင်းစဉ်ဖြင့် ဆောင်းပါးရေးရာ ကျွန်တော် ရေးသောစာစောင်ကို ဩစတြေးလျ အပါအဝင် ကမ္ဘာ့နိုင်ငံ ၇၀ သို့ဖြန့်ချီသည် ဟု ဆိုပါ၏။ ထို အခါကမ္ဘာ့နိုင်ငံ ၇၀ တို့ က အပူပိုင်းဆေးပညာ ဘာသာရပ်ဆိုင်ရာ ဆ ရာဝန်များက Snjake Behavior ကို ဖတ်ကြရာ မြန်မာပြည် သပြေတော င်းရွာက ရွာသားတွေက ကမ္ဘာ့နိုင်ငံ ၇၀ က ဆရာဝန်တို့ ၏ ဆရာတွေ ဖြစ်ကုန်ပါတော့သည် ။

ကျွန်တော်သည် တစ်ခါက လက်ဖက်ရည်ဆိုင် ထိုင်နေစဉ် လက်ဖ က်ရည်ဆိုင်က နံရံကပ်စာစောင်တွင် ရေးထားသော ဆုံးမစာကို ဖတ်မိ လိုက်သည် ။

"လူချင်းတူရင် ဉာဏ်ချင်းမတူ

ဉာဏ်ချင်းတူရင် ဝီရိယချင်းမတူ

ဝီရိယချင်းတူရင် အတိတ်ချင်း မတူ"

ဟု ရေးထား၏။ ၎င်း ဆုံးမစာကို အကြောင်းပြု၍ လူဆိုတာ တစ် ယောက်နှင့် တစ်ယောက် ပြိုင်လို့ မရကြောင်းကို "မနာလိုစိတ်ကိုဖျော က်ခြင်း" ဆိုပြီး ဆောင်းပါးရေးရာ ၎င်းနံရံကပ် စာစောင်သည် ကျွန် တော်၏ ဆရာ ဖြစ်ပါတော့သည် ။

ကျွန်တော် ဂျာနယ်တို့ ကို ဖတ်ရာတွင် ဂျာနယ်ဆောင်းပါးများကိုလ ည်း ဖတ်၍ ဆောင်းပါးရှင် စာရေးဆရာအားလုံးမှာ ကျွန်တော်၏ ဆရာ တွေဖြစ်ပါ၏။ ကျွန်တော်သည် ရန်ကုန်မြို့တွင် Management ဘာသာရ ပ် သင်တန်းဖွင့်ထား၏။ မန်နေဂျာ သင်တန်းသားတွေ လာတတ်ရာ တ စ်ခါတစ်ရံ ကျွန်တော်သည် ၎င်းတို့ ထံက ပြန်သင်၏။ ကျွန်တော်သည် ပ ညာကုန်သင်ပေးလေ့ရှိပြီး မကြာမီကာလမှာ ကျွန်တော့်ထက် ကျွန် တော့်တပည့်များက ပိုတော်အောင် ဆက်လက်ကြိုးစားရန် အမြဲ မှာ

ကြားခဲ့ပါ၏။

ကျွန်တော်တပည့်တွေက ထင်ကြပါသည် ။ ကျွန်တော်သည် UN နှင့် INGO တို့ တွင် ဆယ်နှစ် လုပ်ဖူးပြီး Workshop ခေါ် အလုပ်ရုံဆွေးနွေးပွဲ၊ Seminars နှင့် International Seminar ပေါင်း ၁၀၀ ကျော် တက်လာခဲ့၍ ပညာတတ်နေသည် ဟု ထင်ကြ၏။ ထိုသို့ ထင်ကြရာ ထိုထင်မြင်ချက်သည် မှန်သင့်သလောက်မှန်သော်လည်း ရာနှုန်းပြည့်တော့ မမှန်ပါ။ ကျွန်တော်၏ ဆရာများမှာ ရွှေသွေး၊ လက်ဖက်ရည်ဆိုင်က နံရံကပ်စာစောင်၊ မြင့်မြင့်သမျှ၊ ကြားကြားသမျှအားလုံး၊ ဂျာနယ်သတင်း၊ အင်တာနက်စာရေးဆရာအားလုံးတို့ သည် ကျွန်တော်၏ ဆရာတွေ ဖြစ်ကြပါ၏။

## ထူးထူးဆန်းဆန်း ဆက်သွယ်လာသော လူတစ်ယောက်

တစ်နေ့တော့ ကျွန်တော်၏ လက်ကိုင်ဖုန်းလေး အသံမြည်လာ၏။ ကောက်ကိုင် လိုက်သောအခါ ကျွန်တော်နှင့် အတူ UN နှင့် INGO တို့ တွင် အတူအလုပ်လုပ်ဖူးသော အစ်ကိုကြီး တစ်ယောက်ပါ။ သူက သက်ကြီး၊ ဝါကြီး၊ ပညာကြီးသော ပညာရှင် တစ်ယောက်ပါ။ အောက်စဖို့ဒ် တက္ကသိုလ်၊ ဟားဗတ်တက္ကသိုလ်တို့ ၌ သင်တန်းတက်ဖူး၏။ သူသည် ကုမ္ပဏီကြီးတစ်ခုတွင် ယခုအခါ Training Manager လုပ်နေ၏။ သူလုပ်သော ကုမ္ပဏီကပေါ့သေးသေးမဟုတ်။ မြန်မာနိုင်ငံတွင် ထိပ်တန်းကုမ္ပဏီ လေးခု၊ ငါးခုလောက်၌ စာရင်းဝင်သော လူတိုင်း သိသည့် ဧရာမ ကုမ္ပဏီကြီးဖြစ်ပြီး သူက ကုမ္ပဏီ ဝန်ထမ်းအားလုံး၏ သင်တန်းဆရာဖြစ်၏။ သူသည် ညွှန်ကြားရေးမှူး အဆင့်အထိ နိုင်ငံတာဝန် ထမ်းဆောင်ခဲ့ဖူးပြီး Management ဘာသာရပ်၏ အစိတ်အပိုင်းတစ်ခု၊ Speciality တစ်ခု၌ အလွန်ကျွမ်းကျင်သူ ဖြစ်၏။ သို့သော် နောက်ထပ် အထူးပြုဘာသာ(Speciality) တစ်ခု၌ သိပ်မကျွမ်းကျင်ပါ။ သို့နှင့် ကျွန်တော့်ထံ၌ သ

င်တန်းတက်လိုကြောင်း ဆက်သွယ်လာပါ၏။ ကျွန်တော်က ပြောရသည် မှာ "ဟာ … အစ်ကိုကြီး၊ တကူးတက သင်တန်းတက်စရာမလိုပါဘူး ၊ ကျွန်တော်ပြင်ဆင်ထားတဲ့ Slide တွေ၊ Outline တွေကို အစ်ကိုကြီးတစ်ခေါက် ဖတ်ရင် အားလုံး ခဏလေး တတ်သွားမှာ ပါ။" ဟု ပြော၍ မခြင်းမချန်၊ ဆရာစားမချန် ပေးလိုက်၏။ သူက ကျေးဇူးတင်ကြောင်းပြောတော့ ကျွန်တော်က-

"ဟာ … အစ်ကိုကြီး၊ ကျွန်တော်ဟာ အစ်ကိုကြီးရဲ့ Teacher မဟုတ်ပါဘူး၊ သတင်းအချက်အလက် မျှဝေသူ (Message Sharing) လုပ်တာပါ၊ ကျွန်တော်ရဲ့ စိတ်စေတနာ (Attitude) ကို အခု အခွင့်အရေး ရတုန်း ပြခွင့်မရရင်တစ်သက်လုံး ပြခွင့်ရမှာ မဟုတ်ပါဘူး" ဟု ပြောလိုက်ပါ၏။ တကယ်တော့လည်း ကျွန်တော်ပေးလိုက်သော Message များကို မြန်မာပြည်တွင် တတ်သူတွေရှိက်သတ်၍ မကုန်ပါ။ ကျွန်တော်ကလည်း ဈေးကိုင်နေစရာ ဘာအကြောင်းမှ မရှိပါ။ သူမသိတာကိုယ် သိပြီး ကိုယ်မသိတာ သူသိတာမျိုးတွေက ဆန်းတာမဟုတ်ပါ။

ကမ္ဘာပေါ်မှာ ကျွန်တော်တို့ မသိသော အရာတွေက ကမ္ဘာကြီးလောက် ရှိမည်ဆိုလျှင် ကျွန်တော်တို့ သိတာတွေက လက်တစ်ဆုပ်စာသာ ရှိပါလိမ့်မည်။ ဥပမာ ကျွန်တော်သည် ဂျာမန်ဘာသာစကားနှင့် စပ်လျဉ်း၍ ကကြီး၊ ခခွေး အဆင့်ပင် မတတ်ပါ။ ထို့ကြောင့် ပညာတတ်များ သည် ပညာမာနရှင် မဖြစ်သင့်ဘဲ ပညာသူဖုန်းစားသာ ဖြစ်သင့်ပါ၏။

သို့သော် သူဖုန်းစား ဆိုသည် မှာ ပေါ့သေးသေး မဟုတ်။ သူဖုန်းစားသည် ငါးပါးသီလ လုံလျှင် သူခိုးထက်မြတ်၏။ မြင့်မြတ်သော သူဖုန်းစားသည် မိမိလောက်မချမ်းသာသော တခြားသူဖုန်းစားကို ခွဲကျွေးသင့်၏။ ပညာကိုမလျှိုသင့်ပါ။ ပူးပေါင်းဆောင်ရွက်ရန်သာ လိုပါ၏။

“ပညာရှာပမာသူဖုန်းစား” ဟု ဆိုရာ ကျွန်တော်သည် သူဖုန်းစား တစ်ယောက်အဖြစ် ဂုဏ်ယူလိုပါကြောင်း။

HR Journal (13-5-2011)

*

ကမ္ဘာပေါ်တွင် အကောင်းဆုံးကျောင်းသားသည် ကမ္ဘာ့အကောင်းဆုံးတက္ကသိုလ်တက်ရောက်သူ ဟုတ်ချင်မှ ဟုတ်မည်

ဂျာနယ်တို့ တွင် မကြာခဏတွေ့ရှိရသော သတင်းတစ်ပုဒ်သည်ကား ကမ္ဘာ့တက္ကသိုလ်များ ၏ အဆင့်သတ်မှတ်ချက် ဖြစ်၏။ ဟားဗတ်တက္ကသိုလ်သည် ကမ္ဘာ့အဆင့် (၁) တက္ကသိုလ်အဖြစ် ရပ်တည်ပြီး အောက်စ်ဖို့ ဒ်တက္ကသိုလ်၊ London School of Economic စသည် တို့ က ထိပ်တန်း အဆင့်မြင့် တက္ကသိုလ်များ ဖြစ်ကြပါ၏။ လက်တွေ့တွင် လည်း ၎င်းတက္ကသိုလ်တို့ ၏ ဂုဏ်သိက္ခာ၊ သင်ကြားရေးနည်းစနစ်၊ သင်ကြားရေး အထောက်အကူပြုပစ္စည်းပြည့်စုံမှု၊ ၎င်းတက္ကသိုလ်တို့ က ဘွဲ့ရပြီး အလုပ်အကိုင်ရရှိမှုအခြေအနေစသည် တို့ ကို လေ့လာ၍ တက္ကသိုလ်အဆင့်အတန်းကို သတ်မှတ်လိုက်သည် ဟု ဆိုပါ၏။ ဤသတင်းသည် မမှားသောသတင်းတစ်ပုဒ်သာလျှင် ဖြစ်ပါ၏။ ကိစ္စမရှိပါ။

## ကိစ္စရှိသွားသော ဖြစ်ရပ်တချို့

မြန်မာနိုင်ငံတွင် အချို့ကလေးငယ် ကျောင်းသား၊ ကျောင်းသူများသည် အမေရိကန်၊ အင်္ဂလန်တို့ က တက္ကသိုလ်တွေက ပေးသောဘွဲ့များကိုသာ အထင်ကြီးပြီး ဆယ်တန်းအောင် သောအခါ မြန်မာနိုင်ငံတွင်းက တက္ကသိုလ်များမှာ မတက်ကြတော့ဘဲ IELTS, TOEFL စသော နိုင်ငံခြား တက္ကသိုလ်ဝင်ခွင့် အင်္ဂလိပ်စာ အရည်အချင်းစစ် စာမေးပွဲများ

ကို ဖြေနိုင်ရန် သင်တန်းကိုသာ တက်ကြပါတော့၏။ အချို့မှာ TOEFL, IELTS တို့ အောင်ပြီးသောအခါ UK , USA တို့ ၌ ကျောင်းသွားတက်ရာ ဘွဲ့ရဖို့ လေးနှစ် သွားနေသောအခါ မိဘများက ပေါင်စတာလင် တစ်သိန်းလောက် ကုန်တာ ကြားဖူးပါ၏။ B.Sc (London) ဘွဲ့ရပြီးသောအခါ လန်ဒန်၌ အလုပ်ရဖို့ မသေချာတော့ပါ။ ထိုအခါနေ့စားအလုပ်များ ဝင်လုပ်ရ၏။ UK အစိုးရက အလုပ်ရှာရန် ဗီဇာ နှစ်နှစ် ခွင့်ပြုထားပါ၏။ နှစ်နှစ်အတွင်း အမြဲတမ်းအလုပ်တစ်ခုကို မရခဲ့လျှင် မြန်မာပြည်သို့ ပြန်ရမည်ဖြစ်ပါ၏။ ထိုအခါ အရင်းအနှီး လုပ်ထားရသော ပေါင်တစ်သိန်းကတော့ ပြန်ရှာရန် သိပ်မလွယ်တော့ပါ။

## ကမ္ဘာကြီးသည် ပညာရှာရန် အလွန်ကောင်းသော တက္ကသိုလ်ကြီးဟု တင်စားခဲ့သူတစ်ဦး

ကမ္ဘာကြီးသည် ပညာရှာရန် အကောင်းဆုံး တက္ကသိုလ်ကြီးဟု တင်စားခဲ့သူ တစ်ဦးကတော့ ကျွန်တော်တို့ မြန်မာနိုင်ငံ၏ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ဖြစ်ပါသည် ။ ကျွန်တော်တို့ ၏ ပတ်ဝန်းကျင်ဝယ် နေ့စဉ်နှင့် အမျှ မြင်တွေ့ရသမျှ၊ ကြားသိရသမျှ အချက်အလက်တွေသည် ကမ္ဘာကြီးထံက ရတာဖြစ်ပါသည် ။ ဆရာဟူသည် မှာ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ ဟူ၍ ရှိပါ၏။ ဟားဗတ်တက္ကသိုလ်၊ အောက်စ်ဖို့ တက္ကသိုလ် တို့ သည် သင်ဆရာ ဟု ဆိုလျှင် ကမ္ဘာကြီးကတော့ မြင်ဆရာနှင့် ကြားဆရာ ဖြစ်ပါ၏။

တရုတ်ပြည်၏ ခေါင်းဆောင်ကြီး ဥက္ကဋ္ဌ မော်စီတုန်းသည် တက္ကသိုလ်ဘွဲ့ရတစ်ဦးမဟုတ်ပါ။ သူသည် အလတ်စားမြေပိုင်ရှင် တစ်ဦး၏ သား ဖြစ်ပြီး သူ့အသက် ၁၃နှစ် လူပျို ဖြစ်ခါစမှာ သူ၏ ဖခင်က သူ့အား အသက် ၁၉နှစ် ရှိ မိန်းကလေးနှင့် အိမ်ထောင်ချပေးရန် အတင်းအကျပ်

စီစဉ်ပါတော့၏။ ထိုအခါ မော်စီတုန်းသည် အိမ်မှ ထွက်ပြေးရသောကြောင့် ပညာ မပြီးဆုံးခဲ့ပါ။

သို့သော်နောင်အခါ ကွန်မြူနစ်ပါတီနှင့် နိုင်ငံရေးလောကသို့ ဝင်ရောက်ပြီး တရုတ်ပြည်ကို ဂုဏ်ရှိသော တိုင်းပြည်ကြီး တစ်ခုဖြစ်အောင ထူထောင်ပေးနိုင်ခဲ့ရာတွင် မော်စီတုန်းသည် အနောက်နိုင်ငံတက္ကသိုလ်တို့ က အုပ်ချုပ်မှုဆိုင်ရာ မဟာဘွဲ့ (Master of Public Administration) ရခဲ့သူ မဟုတ်ပါ။ တစ်ဖန် အာဏာရှင် ချန်ကေရှိတ်အား တော်လှန်ရာတွင် မော်စီတုန်းသည် ကွန်မြူနစ်တပ်မတော်ကို ဦးစီးခဲ့ရာ သူသည် ကမ္ဘာကျော် ဝက်စ်ပွိုင့် တက္ကသိုလ်မှ စစ်ပညာဘွဲ့ရ တစ်ယောက်မဟုတ်ခဲ့ပါ။ သူသည် ပညာကို ကမ္ဘာကြီးပေါ်က ရှာသူ ဖြစ်၏။

အမေရိကန်၏ (၁၆) ဦးမြောက် သမ္မတကြီး အေဗရာဟင် လင်ကွန်းသည် တက္ကသိုလ်၌ နေခဲ့ရသူ မဟုတ်။ သူ ငယ်စဉ်ကရှေ့နေကြီး တစ်ဦး၏ အိမ်၌ အစေခံ ဝင်ခံလုပ်ရ၏။ ထိုစဉ်ရှေ့နေကြီးထံက ဥပဒေစာအုပ်များ ငှားဖတ်ရ၏။ ၎င်းနောက် အလွတ်တန်း ရှေ့နေစာမေးပွဲကို ပြင်ပက ဝင်ဖြေပြီး ရှေ့နေလိုင်စင် ယူခဲ့ရပါသည် ။ သမ္မတကြီး အေဗရာဟင် လင်ကွန်း တက်ခဲ့သော တက္ကသိုလ်ကတော့ ကမ္ဘာကြီး ဖြစ်ပါ၏။

သို့ပါ၍ ကမ္ဘာပေါ်၌ အကောင်းဆုံးကျောင်းများ ဟု သတ်မှတ်ခြင်း ခံရသင့်သော မော်စီတုန်း၊ အေဗရာဟင်လင်ကွန်းတို့ ကဲ့သို့သော အထင်ကရ ကြီးကျယ်သော သမိုင်းဝင် လူသားပုဂ္ဂိုလ်တို့ သည် ဂျာနယ်တို့ က အကောင်းဆုံးဟု သတ်မှတ်ပေးသော ဟားဗတ်၊ အောက်စဖို့ တို့ ကဲ့သို့သော တက္ကသိုလ် ကျောင်းဆင်းတော့ မဟုတ်ပါ။

ကမ္ဘာ့အကောင်းဆုံး တက္ကသိုလ်ကြီးတို့ ၏ ရည်ရွယ်ချက်အကြော

င်း တစေ့တစောင်း

တစ်ဖက်သား၏ စိတ်ထဲ၌ ရှိသော ရည်ရွယ်ချက်ကိုတော့ တိတိကျကျ သိရန်မလွယ်ပါ။ သို့သော် တစေ့တစောင်း အကဲခတ်ရမည် ဆိုပါက UK , USA စသောနိုင်ငံများ တွင် နိုင်ငံခြားတိုင်း ပြည်များက ကျောင်းလာတက်ကြသော ကျောင်းသားဦးရေမှာ သန်းဂဏန်း အထက်၌ ရှိပါ၏။ ဥပမာ ကျောင်းသား တစ်ဦးလျှင် ကျောင်းလခ ပေါင်တစ်သိန်းတောင်းပါက စုစုပေါင်းခန့်မှန်းချက် ပေါင် စတာလင် သန်းပေါင်း တစ်သိန်းလောက် ရနိုင်၏။

ထိုအခါ Education ဟူသော ပညာရေးသည် Business ဟူသော စီးပွားရေးလုပ်ငန်း ဖြစ်သွားပါပြီ။ သို့သော် အထက်ပါ နိုင်တကာကျောင်းသား တစ်သန်းသည် UK, USA ဘွဲ့များ ရပါက ၎င်းလူတစ်သန်းအား မည်ကဲ့သို့သောနည်းဖြင့် UK, USA တို့ တွင် လစာကောင်းသော အရာရှိများ ခန့်ထားပါမည်နည်း။ ထို့ကြောင့် သူတို့ ၏ ရည်ရွယ်ချက်မှာ ပိုက်ဆံယူ၊ ပညာသင်၊ ဘွဲ့လက်မှတ် ပေး၍ အလုပ်မပေးဘဲ မိမိနေရပ်သို့ ပြန်လွှတ်ရန်သာ ဖြစ်၏။ ထိုအခါ နိုင်ငံတကာ ကျောင်းသားတို့ သည် UK, USA ဘွဲ့များ ပိုက်ပြီး အမိနိုင်ငံဖြစ်သော ဖွံ့ဖြိုးဆဲ နိုင်ငံများ သို့ ပြန်ရပါသော် မိမိတို့ ဖွံ့ဖြိုးဆဲနိုင်ငံ၌ ကုမ္ပဏီများ တွင် ပြန်၍ အလုပ်လုပ်ပါက ဖွံ့ဖြိုးဆဲကုမ္ပဏီများက ပေးသော လခသည် မိမိတို့ ကုန်ထားသော ပညာသင်စရိတ်ကို ပြန်ရရန် ဘယ်နှနှစ်စောင့်ရမလဲ ဆိုတာ မေးခွန်းထုတ်စရာ ဖြစ်ပါတော့သည် ။

ကမ္ဘာ့အကောင်းဆုံး တက္ကသိုလ်တစ်ခုက ပီအိပ်ချ်ဒီ အမြင့်ဆုံးဘွဲ့ရလျှင် အတော်ဆုံးလားသို့မဟုတ် ရာနှုန်းပြည့်မသေချာသော အကောင်းဆုံး တက္ကသိုလ် တစ်ခု၏ ဂုဏ်သိက္ခာ

လစ်ဗျားနိုင်ငံ ဗိုလ်မှူးကြီး မွမ်မာ ကဒါဖီ၏ သားဖြစ်သူသည် London School of Economics က Ph.D ဘွဲ့ ရ၏။ နောက်မှ ပေါ်လာသည် မှာ သူ စာခိုးချထားတာကို သိလျက်နှင့် Ph.D ဘွဲ့ ပေးထားတာဖြစ်သည် ။ ကဒါဖီ၏ သားကလည်း ၎င်းတက္ကသိုလ်ကို ဒေါ်လာတစ်သန်းခွဲ လှူထားပါသည် ။ ထို့ကြောင့် ကဒါဖီ၏ သားသည် Ph.D အဆင့် ရှိမရှိ မသေချာသလို London School of Economics ကလည်း ဂုဏ်သိက္ခာ ရှိ မရှိ မသေချာတွေ ဖြစ်ကုန်ပါတော့သည် ။

## ကမ္ဘာ့အကောင်းဆုံး တက္ကသိုလ်ဆိုတာ ပညာကုန်သင်ပေးမှာ သေချာလား

ဗြိတိသျှ ကိုလိုနီခေတ်တုန်းက အင်္ဂလိပ်တို့ သည် မြန်မာတို့ ကို ပညာသင်ပေးခဲ့၏။ ရန်ကုန်တက္ကသိုလ်က B.A.B.Sc ဘွဲ့ရတွေကို အုပ်ချုပ်ရေးပညာ ICS, B.C.S စသော သင်တန်းများ ပေးခဲ့၏။ သို့သော် ၎င်းသင်တန်းဆင်းများကို မြို့အုပ်၊ ဝန်ထောက်လောက် လုပ်တက်ရန်သာ သင်ပေးထားတာ ဖြစ်ပါသည် ။ ဆိုလိုသည် မှာ အင်္ဂလိပ်မြို့အုပ်မင်းသည် မြန်မာသူကြီးတွေကို အုပ်ချုပ်တတ်ရန်နှင့် ဥပဒေရေးရာအားဖြင့် ရာဇသတ်ကြီးစတာတွေလောက် သင်ပေးတာဖြစ်ပါသည် ။ ကိုလိုနီနိုင်ငံသားတွေကို ဘုရင်ခံလုပ်နည်းသင်မပေးပါ။ အင်္ဂလိပ်ဘုရင်ခံက နိုင်းရင် ဘယ်လိုအကောင်အထည် ဖော်ရမည် ဆိုသောနည်း (Implemention) ကို သင်တာ ဖြစ်၏။

ဘုရင်ခံလုပ်နည်းကိုတော့ အင်္ဂလိပ်နိုင်ငံသား စစ်စစ်ကို သင်ပေးတာဖြစ်ပါ၏။ ဥပမာ- ကိုလိုနီနိုင်ငံကို သွေးခွဲ အုပ်ချုပ်နည်းတို့ ၊ ကိုလိုနီနိုင်ငံက သယံဇာတတွေ အင်္ဂလန်ကို သယ်သောနည်း စတာတွေကျတော့ I.C.S, B.C.S သင်တန်းတွေ၌ မပါဝင်ပါ။ ထို့ကြောင့် ဆရာစားချန်

သည် ဟု ဆိုနိုင်၏။

တရုတ်နိုင်ငံက Ph.D အခင်ဂျင်နီယာ ကျောင်းသားများ သည် အမေရိကန်နိုင်ငံ၌ သင်တန်းတက်ပါသော် နောက်ဆုံးပေါ် ဓိမ်ခံကား ဒီဇိုင်းဆွဲသောနည်း သင်ကောင်းသင်မည်။ ကိုယ်ပျောက် တိုက်လေယာဉ် တည်ဆောက်နည်းကိုတော့ သင်မှာ မဟုတ်ပါ။ အာကာသကို စိုးမိုးရန် အာကာသ နည်းပညာကိုတော့ သင်မှာ မဟုတ်ပါ။

## အနုစ်သာရပညာကို လိုချင်ရင် ကမ္ဘာကြီး ဆိုတဲ့ တက္ကသိုလ်မှာ ရှာရမည်

မြောက်ကိုရီးယားနိုင်ငံသည် အဏုမြူဗုံး လုပ်တတ်သွားပါပြီ။ ကျွန်တော်သည် လူသား တစ်ယောက်အနေဖြင့် တစ်ဦးတစ်ယောက်ချင်း ပုဂ္ဂလိက အမြင်ကို ပြောရလျှင်တော့ အဏုမြူဗုံး လုပ်တာကိုတော့ လက်ခံမတီးလိုပါ။ သို့သော် မြောက်ကိုရီးယား၏ ပညာရှာပုံကိုတော့ အတုယူရမည်။

မြောက်ကိုရီးယားသည် အဏုမြူဗုံး လုပ်နည်းကို အမေရိကန်ထံက သင်တာမဟုတ်ပါ။ သူ့ဘာသာသူ ကမ္ဘာကြီးပေါ်က ရအောင်ရှာတာပါ။ မြောက်ကိုရီးယားကို အမေရိကန်က အဏုမြူဗုံး မလုပ်တတ်စေလိုပါ။ ဒါကြောင့် သင်ပေးဖို့ ဆိုတာ ဝေးလာဝေးပါ။ သို့သော် မြောက်ကိုရီးယားကလည်း အဏုမြူဗုံး လုပ်နည်းကို အင်္ဂလိပ်ပေါ်မှာ သွားသင်တာမဟုတ်ပါ။ ကမ္ဘာပေါ်မှာ သင်တာပါ၊ မြောက်ကိုရီးယားအတွက်တော့ ကမ္ဘာကြီးသည် အကောင်းဆုံး တက္ကသိုလ် ဖြစ်ပါ၏။

## ယနေ့ မြန်မာကျောင်းသား လူငယ်များ ယူသင့်သော သင်ခန်းစာ

များ သို့မဟုတ် ဟားဗတ် တက္ကသိုလ်ကို မသွားရတော့ဘူးလား

ဟားဗတ်တို့ ၊ အောက်စ်ဖို့ ဒ်တို့ ဆိုသည် က အရည်အချင်းရှိသော တက္ကသိုလ်ကြီးများ ဖြစ်၍ အခွင့်အရေး ရပါလျှင် သွားရောက်ပညာသင် သင့်ပါ၏။ သို့သော် ကျောင်းလခနှင့် စရိတ်တွေက ပေါင်စတာလင် တစ် သိန်းလောက် ဆိုလျှင်တော့ စဉ်းစားသင့်ပါ၏။ စကောလားရှစ် ရမည် ဆိုလျှင်တော့ စဉ်းစားစရာမလိုဘဲ အပြေးကလေး သွားသင့်ပါ၏။ စ ကောလားရှစ် မရသော်လည်း မိဘက ပေါင်စတာလင် တစ်သန်းလော က် ချမ်းသာနေလျှင်မူ မိမိတို့ ဆန္ဒအတိုင်းသာ ဖြစ်သင့်ပါ၏။ ကမ္ဘာ့အ ကောင်းဆုံး တက္ကသိုလ်ကြီးတွေသည် ကမ္ဘာ့တက္ကသိုလ်ကြီး၏ အစိတ်အ ပိုင်းတစ်ခု ဖြစ်ပါ၏။ ထို့ကြောင့် လေ့လာသင်ယူထိုက်၏။ သို့သော် ထို သို့သော တက္ကသိုလ်တို့ ကို ရောက်မှ လူတော် ဖြစ်ရမည်လို့ တော့ မဟု တ်ပါ။ ကမ္ဘာအကောင်းဆုံး တက္ကသိုလ်တွေမှာ ဆရာတွေက သင်ပေး တာကို တစ်ထွာပြလျှင် တစ်တောင် မြင်ရန်လိုပါသည် ။

၄င်းတက္ကသိုလ်ကြီးတွေမှ ဘွဲ့ရပြီး ပြန်လာပါက ပညာစုံပြီဟု ယူဆ လျှင် မှားပါလိမ့်မည်။ ကမ္ဘာကြီးဟူသော တက္ကသိုလ်ကြီးမှာ မသေမချင်း ဆက်လက် ပညာဆည်းပူးရမှာ ဖြစ်ပါ၏။

တစ်ဖန် ကမ္ဘာ့အကောင်းဆုံးသော UK, USA တို့ ၌ ပညာဆည်းပူးခွင့် မရသော ကျောင်းသားများကလည်း သိမ်ငယ်စရာမလိုပါ။ မည်သည့် တက္ကသိုလ်က ဘွဲ့ရသည် ဖြစ်စေ ကမ္ဘာကြီးဟူသော တက္ကသိုလ်ကြီး၌ မ သေမချင်း ဆက်လက် ပညာဆည်းပူးရပါမည်။

မိမိ တက်ရောက်သော တက္ကသိုလ်သည် ကမ္ဘာပေါ်မှ ထူးချွန်အဆင့် ဘယ်လောက်ရှိသည် ဆိုတာ နည်းနည်းပဲ အရေးကြီးပါ၏။ မိမိကိုယ်တို င် ကမ္ဘာပေါ်မှာ ဘယ်လောက် ထူးချွန်သလဲ ဆိုပြီး ထူးချွန်အောင် ကြိုး

စားဖို့ လိုပါ၏။

တက္ကသိုလ်တွေ ထူးချွန်ဖို့ ထက် ကျောင်းသား ထူးချွန်ဖို့ လိုသည် ဟု ဆိုချင်ပါကြောင်း။

HOT NEWS Journal (29 April-5 May 2011)

*

# ယနေ့လူငယ်တို့ သိအပ်သော အလုပ်ရုံဆွေးနွေးပွဲ (Workshop) နှင့် စဉ်းစားခြင်းအနုပညာ (Art of Thinking)

ဖွံ့ဖြိုးဆဲနိုင်ငံများ ၏ စာသင်ကျောင်းတို့ တွင် သင်ကြားရေးပုံသဏ္ဌာန်မှာ လက်ချာပေးခြင်း (Lecture Type) ဖြစ်၏။ (အားလုံးကိုတော့ မဆိုလိုပါ) ဖွံ့ဖြိုးပြီး နိုင်ငံများ ၏ စာသင်ကျောင်းများ တွင် Workshop Type ကို သေသေချာချာသုံးနေပါပြီ။ မြန်မာနိုင်ငံတွင် Workshop ခေါ် အလုပ်ရုံဆွေးနွေးပွဲနှင့် ယဉ်ပါးနေကြသူများမှာ INGO နှင့် UN စီမံကိန်း ဝန်ထမ်းများ ဖြစ်ပြီး နိုင်ငံတကာနှင့် ထိတွေ့ဆက်ဆံခွင့်ရသော နိုင်ငံ့ဝန်ထမ်းများ သည် Workshop နှင့် ယဉ်ပါးနေကြသည် ။ INGO စီမံကိန်း လုပ်သော ကျေးရွာများမှ ရွာသားများ သည် Workshop နှင့် ယဉ်ပါးကြသည် ။ Workshop(အလုပ်ရုံဆွေးနွေးပွဲ) နှင့် စာသင်ခြင်း (Lecture) တို့ ၏ ကွာခြားချက်တစ်ခုမှာ Workshop တွင် စုပေါင်းစဉ်းစားခြင်း (Group Thining) ပါဝင်ပါသည် ။

ထို့ကြောင့် Thinking (စဉ်းစားခြင်း) သည် နိုင်ငံတကာ ပညာရေးစနစ်တွင် အထူးအရေးပါသည် ။ စာရေးသူ ကျွန်တော်သည် တစ်ခါက UN စီမံကိန်း တစ်ခုတွင် အလုပ်လုပ်နေရာ သစ်တော INGO တစ်ခုက ပြုလုပ်သော Workshop တစ်ခုကို သွားတက်ဖူး၏။ သစ်တောကြိုးဝိုင်း အနီးရှိ ကျေးရွာများမှ ရွာသားများကို Workshop သို့ ဖိတ်၏။ တိုက်ဆိုင်မှု တစ်ခုမှာ သစ်တောအရာရှိ တစ်ဦးသည် Workshop သို့ လာတက်ရာ သူသည် နိုင်ငံတကာ သစ်တောညီလာခံ တစ်ခုက ပြန်ရောက်ခါစ ဖြစ်၏။

ၒင်း သစ်တောအရာရှိက ပြောသည် မှာ မြန်မာနိုင်ငံ ကျေးရွာသား များ ၏ Workshop ၌ စဉ်းစားပုံသည် နိုင်ငံတကာ ညီလာခံအဆင့်ကို မီ သည် ဟု ဆို၏။ သို့သော် ကျေးရွာတိုင်းတွင် နိုင်ငံတကာ အဆင့်ကို မကျင့်သုံးနိုင်သေး၍ စဉ်းစားခြင်းအနုပညာကို ပေါ့ပေါ့တန်တန် သ ဘောထားကြသူတွေ ရှိနေသေး၏။

စာရေးသူ ကျွန်တော်သည် ပင်လျှင် ဆေးတက္ကသိုလ် တက်ရောက်၍ ဆရာဝန် ဖြစ်လာခဲ့သည် ဆိုရာဝယ် Lecture Type နှင့် လေ့လာခဲ့ရ၏ သို့သော် Thinking မလုပ်မီ စဉ်းစားရန်အချက်အလက်များ စုဆောင်းခြ င်း (Data absorption) လုပ်ရာတွင် Lecture ကလည်း အသုံးတည့်ပါ၏။ စဉ်းစားမည့် လူတစ်ယောက်သည် သုတကြွယ်ရမည်။ သို့သော် သုတကြွ ယ် ရုံလောက်နှင့် စဉ်းစားတတ်ဦးမည် မဟုတ်ပါ။ အလွတ်ကျက်ထား တာတွေ ပြန်ရွတ်ပြရုံဖြင့် စဉ်းစားခြင်း မပီပြင်ပါ။ ယနေ့ လူငယ်များ စ ဉ်းစား ခြင်း အလေ့အကျင့် လိုပါပြီ။

တစ်လောက ဂျာနယ်တစ်စောင်၏ မျက်နှာဖုံး သတင်းတစ်ခုတွင် ဖ တ်ရသည် မှာ နိုင်ငံခြားကုမ္ပဏီ၊ INGO တို့ တွင် နိုင်ငံခြားသားများ နှင့် မြန်မာတို့ အတူတကွ အလုပ်လုပ်သောအခါ ထိပ်ပိုင်းရာထူးနေရာ ဟူ သမျှ နိုင်ငံခြားသားများက ယူထားပြီး မြန်မာလူမျိုးများ သည် ကား အ လယ်အလတ်တန်းရာထူးနှင့် အောက်ခြေရာထူးများ သာ ရသည် ဟု ဆိုပါ၏။ အဲဒီမှာ အကြောင်းပြချက် တစ်ခုကတော့ နိုင်ငံခြားသား ဘွဲ့ရ တစ်ယောက်ကို ပြုစုပျိုးထောင်လာတဲ့ ပတ်ဝန်းကျင်နှင့် မြန်မာဘွဲ့ရ တ စ်ယောက်ကို ပြုစုပျိုးထောင်လာသော ပတ်ဝန်းကျင်က မတူဟု ဆိုပါ၏ ။

အနာဂတ်တွင် ဖွံ့ဖြိုးဆဲ နိုင်ငံသားများ သည် နိုင်ငံတကာနှင့် ယှဉ်

လျှင် အောက်မကျရေးအတွက် Thinking Practice ခေါ် စဉ်းစားခြင်း အလေ့အထသည် အရေးပါသဖြင့် စဉ်းစားခြင်း အကြောင်း တစေ့တစောင်း တင်ပြလိုပါသည် ။ နိုင်ငံခြားသားတွေ စဉ်းစားသည့် အလေ့အကျင့်ရနေသည် မှာ သူတို့ သည် မူလတန်း၊ အလယ်တန်းတွေမှာ ကတည်းက Workshop တွေ တက်ခဲ့ရ၍ ဖြစ်သည် ။ ကျွန်တော်တို့ တစ်တွေက စာကို အလွတ်ကျက်ရသည် ။ ပြီးလျှင် ပြန်ရွတ်ပြရသည် ။ သူတို့ ဆီမှာ အလွတ်မကျက်ခိုင်းပါ။ ဖတ်ခိုင်းသည် ။ ပြီးလျှင် စဉ်းစားခိုင်းသည် ။

## စဉ်းစားခြင်း အမျိုးမျိုး

စဉ်းစားခြင်းများ စွာ ရှိသည့် အနက် အဓိက နှစ်ခုမှာ Creative Thinking (တီထွင်ကြံဆ စဉ်းစားခြင်း) နှင့် Critical Thinking ရှုပ်ထွေးအချက်အလက်များ စွာကို စဉ်းစားခြင်း ဖြစ်ပါသည် ။

Creative Thinking သည် ထည့်သွင်းစဉ်းစားခြင်း ဖြစ်၍ ဥပမာ- ၂၀၁၀ မိုဒယ် တိုယိုတာ ကားကို ဘယ်လိုတည်ဆောက်မလဲဟု စဉ်းစားတာ ဖြစ်သည် ။

### Creative Thinkingဥပမာ - (၁)

တစ်ခါက မြို့ငယ်ကလေး တစ်ခုမှာ အသက် ၇၀ ခန့် လင်မယား နှစ်ယောက် ရွှေဆိုင်ဖွင့် သည် ။ သူတို့ မှာ သားငါးယောက် ရှိသည် ။ ငါးယောက်စလုံး ဆရာဝန်များ ဖြစ်ပါသည် ။ အကြီးဆုံးသားက မြို့နယ်ဆရာဝန် ဖြစ်ပြီး တခြားဝေးလံသောအရပ်မှာ အလုပ်လုပ် ရပါသည် ။ကျန်သည့် သားတွေကလည်း မိဘနှင့် အတူ မနေနိုင်၍ ရွှေဆိုင်ဖွင့်သော လ

င်မယားက ကူဖော်လောင်ဖက် ကလေးတစ်ယောက်ကို အလုပ်သမား အဖြစ် ခေါ်ထားရပါသည်။

တစ်နေ့ အဲ့ဒီအလုပ်သမားလေးက ရွှေဂဝသားထုပ်ကို ယူပြီး ထွက်ပြေးသည်။ အစအနတောင် ရှာ၍ မရတော့ပါ ခင်ဗျာ။ အဘွားကြီး က နတ်မေးလိုက်၊ ဗေဒင်မေးလိုက် လုပ်ရင်းဖြင့် တစ်နှစ်လောက်ကြာ တော့ ငိုလိုက်၊ ရယ်လိုက်၊ တစ်ယောက်တည်း စကားတွေပြောလိုက် ဖြ စ်ကုန်သည်။ ဒီတော့ လင်ယောက်ျားလုပ်သူက အဘွားကြီး ရူးပြီဆိုပြီး အဝေးရောက်သား ငါးဦးကို လှမ်းခေါ်လိုက်သည်။ သားအငယ် လေးဦး က အရင်ရောက်ပြီးအကြီးဆုံး သားကြီး မြို့နယ် ဆရာဝန်ကြီးက ချက်ချ င်းမလာနိုင်ပါ။ ညီငယ်ဆရာဝန်တွေက ၎င်းတို့ ၏ မိခင်ကို စိတ်ကျန်း မာရေး အထူးကုဆေးရုံသို့ ပို့ရန် စီစဉ်ကြပါသည်။

အထုပ်အပိုး ပြင်ကြသည်။ သို့သော် အစ်ကို အကြီးဆုံးကြီး ရောက် မလာသေး၍ စောင့်နေရာ တစ်ရက်၊ နှစ်ရက် ကြာသော် အစ်ကို အကြီး ဆုံး မြို့နယ်ဆရာဝန်ကြီး ရောက်လာပါသည်။ အစ်ကိုကြီးက ညီငယ်ဆ ရာဝန်တွေကို-

“ဟေ့ ... မင်းတို့ က အထုပ်အပိုးတွေ ပြင်ထားတာ ဘာလုပ်ဖို့ လဲ” ဟု မေးတယ်။ ညီငယ်တွေပြန်ဖြေတာ “အမေ့ကို စိတ်ကျန်းမာရေး ဆေးရုံပို့မယ်လေ” ဟု ဖြေရာ မြို့နယ်ဆရာဝန်ကြီးက “နေစမ်းပါဦးကွာ၊ ငါ စဉ်းစားပါဦးမယ်” ဆိုပြီး လက်နှစ်ဖက်ကိုနောက်ပစ်၍ ခေါက်တုံ့ခေါ က်ပြန် လမ်းလျှောက်ပါတော့သည်။

တစ်နာရီလောက် စဉ်းစားပြီး အစ်ကိုကြီးက ညီငယ်တွေကို ဒီလိုခေါ် ပြောသည်။ “အမေ့ကို စိတ်ရောဂါဆေးရုံ မတင်နဲ့ ကွာ၊ မင်းတို့ အားလုံးပြန်ပြီး တစ်ယောက်ကို ရွှေ ၁၄ ကျပ်သား ယူခဲ့ကွာ” ဟု ပြော့သ

ည်။

ဒီတော့ ညီငယ်တွေက နားမလည်ပါ။ "အစ်ကိုကြီးက ဘာလုပ်ဖို့ လဲ" ဟု မေးသည် ။ အစ်ကိုကြီးက "ငါတို့ တစ်ယောက်ကို ရွှေ ၁၄ကျပ်သား စီစုရင် ၇၀ သားရမယ်၊ အဲ့ဒါကိုအရည်ကျိုပြီး ရွှေ၇၀သားတုန်းကို အမေ့ကိုပေးလိုက်ကွာ၊ သူနိုးလက်ကပြန်ရတာလို့ ပြောရင် အမေ့ရောဂါပျောက်မယ်၊ ဆေးရုံတင်စရာ မလိုဘူး" ဟု ပြောသဖြင့် ဆရာဝန် ငါးယောက်သည် တစ်ယောက်ကို ရွှေ ၁၄ ကျပ်သား စုပြီး မိခင်ကြီးကို ရွှေ၇၀သား သူနိုးလက်က ပြန်ရတာဟု ပြော ရာ မိခင်က ဝမ်းသာပြီး ရောဂါပျောက်သွား၏။ မိခင်ကြီးကပြောသည် မှာ အမေက ရွှေကိုမမက်ပါဘူး။ သားတို့ ကိုပေးဖို့ စုထားတဲ့ ရွှေပါဟု ပြောပြီး အမွေပေးသည့် အနေဖြင့် ချက်ချင်းပဲ တယောက်ကို ၁၄ကျပ်သားစီ ခွဲပေးလိုက်ရာ ဆရာဝန် ငါးယောက်သည် မိမိတို့ ၏ ရွှေကို မိမိတို့ အမွေအဖြစ် ပြန်ရခဲ့ပါကြောင်း။

Critical Thinking ဥပမာ-(၂)

တစ်ခါကကျွန်တော်သည် ရွာကြီးတစ်ရွာမှာ အတွင်းလူနာ ဆေးခန်းဖွင့်ခဲ့ပါသည် ။ ဝမ်းအလွန်အကျွံ ဖောသော မိန်းကလေးတစ်ယောက် ဆေးခန်းသို့ ရောက်လာရာ မိန်းကလေး လူနာမှာ အသက် ၂၁ နှစ်ဖြစ်ပြီး သတိလစ်လျက် ရှိပါသည် ။ သွေးပေါင်ချိန်ကြည့်တော့ သုညပါ။

သို့နှင့် အရေးပေါ် ဒရစ်ပုလင်းတွေ သွင်းရပါသည် ။ ထိုဆေးတွေ သုံးရတာ မနည်းပါ။ အတန်ကြာသော် မိန်းကလေးက သွေးပေါင်တက်ပြီး ပြန်လည် သတိရလာပါသည် ။ ဝမ်းသွားတာလည်း ရပ်သွားပါသည် ။ သို့ပေမဲ့ အလွန်အားနည်း နုံးချည့်နေပြီး အစားအသောက် မစားနိုင်ပါ။ သို့ဖြင့် ဗိုရီယာမင်း အားဆေးတွေ သွင်းပြန်သည်

။

လူနာက အပြင်ပန်းက အကောင်းကြီးပါ။ သို့သော် တမှိုင်မှိုင် တတွေတွေဖြင့် အစာမစားတာ ခုနစ်ရက်လောက် ကြာတော့ လူနာရှင်တွမျက်နှာပျက်လာပါသည် ။ "ဆရာရေ ... ကယ်ပါဦး" "ဟုတ်မှ ဟုတ်ပါ့မလား ဆရာရယ်" ဆိုတာတွေပြောလာကြပါသည် ။ ကျွန်တော်ကလည်း ရောဂါရှာမရပါ။ ဦးနှောက်ခြောက်ပြီ။ သို့နှင့် တခြားမြို့ပေါ်ရှိ ခရိုင်အထူးကု ဆေးရုံကြီးသို့ သွားရန်လူနာကို လွှဲလိုက်ပါ၏။ သို့သော် လူနာက အထူးကုဆေးရုံကို အလျင်မသွားဘဲ ဗေဒင်ဆရာဆီ အလျင်သွားပါသည် ။ ဗေဒင်ဆရာကပြောသည် မှာ စနေသားဒေါက်တာထွန်းဝင်းနှင့် ပင်ဆက်ကုပါ။ ဆေးရုံသွားလျှင် နဂါးလှည့်မသင့်ဘူးဟု ဆိုပါသည် ။ သည်တော့ ဒီကိစ္စက ကျွန်တော့်ခေါင်းပေါ်ပဲ ပြန်ရောက်လာပါသည် ။ သို့နှင့် ကျွန်တော်လည်း လက်နှစ်ဖက်ကိုနောက်ပစ်ပြီး ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ကာ စဉ်းစားခန်းဝင်ရပါသည် ။ သို့သော်အကြံအိုက်နေပါ၏။ သို့နှင့် လူနာရှင်ကို စပ်စုကြည့်မိပါသည် ။

"ဒီမိန်းကလေးက ဘာစားမိပြီး ဝမ်းလျှောတာလည်း ဗျာ" ဟု မေးမိပါ၏။ သူတို့ က "ဘာမှ မစားဘူး" ဟု ဆိုပါ၏။ ကျွန်တော်က "အပြင်သရေစာလေးဘာလေး မစားဘူးလားဗျာ" ဟု မေးရာ "ဘယာကြော တစ်ခုတစ်ကျပ်ခွဲကနေ နှစ်ကျပ်ဖြစ်သွားကတည်းက ဘာမှ မစားဘူး" ဟု ဆို၏။ ဒါဆိုလျှင်ကျွန်တော် သိလိုက်ပြီ။ ဒီမိန်းကလေးက ကပ်စေးနှဲ၊ နှမြောတက်သူ ဖြစ်၏။ ယခု သူ နေမကောင်းတော့ ဆေးတွဝေးယ်နိုင်းတာ တော်တော်ကုန်မှာ ပါ။ ထိုအခါ နှမြောလွန်း၍ စိတ်ထိခိုက်ပြီး အစာမစားနိုင်ခြင်း ဖြစ်၏။ ကျွန်တော်၏ Thinking က အဖြေရပြီ၊ သို့နှင့် ကျွန်တော်က လူနာရှင်ကို မေးရ၏။ "ခင်ဗျားတို့ ဆွေမျိုးထဲမှာ ချဲကစားတာ ဝါသနာပါတဲ့ သူ ရှိလား" ဟု မေးရာ သူတို့ က "ရှိတာပေါ့ ဆရာ၊

လူနာကလေးမရဲ့ ဦးလေးအရင်းက အရမ်းချဲထိုးတာ" ဟု ဖြေ၏။

ကျွန်တော်က "ဒါဆိုရင် အဲ့ဒီချဲသမား ဦးလေးကို နက်ဖြန်လာခဲ့ဖို့ ခေါ်လိုက်ပါ။ ငွေသုံးသောင်းလောက် ယူခဲ့ခိုင်း" ဟု ပြော၏။ (မှတ်ချက်- အဲဒီခေတ်က ရွှေတစ်ကျပ်သား နှစ်သောင်းကျပ်ပါ ) သူတို့ က "ဘာလုပ်ဖို့ လဲ ဆရာ" ဟု မေးတော့ ကျွန်တော်က "ကောင်မလေးက ဆေးကုသစရိတ်ငွေကုန်တာများ လို့ နှမြောပြီး စိတ်ကျရောဂါ ဖြစ်နေတာ၊ သူ့ဦးလေးက ငွေတစ်သိန်း ချဲပေါက်လို့ သုံးသောင်းမုန့်ဖိုးပေးတယ်လို့ ပြော" ဟု မှာ လိုက်၏။ သို့နှင့် ပေ့ါဗျာ။ နောက်နေ့လည်း ကျရော သူ့ရဲ့ ဦးလေးဆိုသူ လေကလေးတချွန်ချွန်နဲ့ ဆေးခန်းကို ရောက်လာပါသည် ။

"ဟေ့ … ငါ့တူမကြီး နေမကောင်းလို့ ဒေါက်တာထွန်းဝင်းရဲ့ ဆေးခန်းကို ရောက်နေတယ် ဆိုလို့ ဦးလေး လာခဲ့တာ၊ ဦးလေး မနေ့က ငွေတစ်သိန်း ချဲပေါက်တယ်၊ ရော့ ဟေ့ …. ငါ့တူမကို မုန့်ဖိုးသုံးသောင်း" ဟု ပေး၏။ လူနာ ကလေးမလေး၏ မျက်နှာပြုံးသွားသည် ။

ငွေသုံးသောင်းကို ခပ်မြန်မြန် လှမ်းယူ၏။ ပြီးတော့ သူ့အမေကို "အမေ သမီး ဆာတယ်" ဟု ပြော၏။ သူ့မိခင်က ဆန်ပြုတ်တိုက်မယ် လုပ်တော့ ထမင်းပဲစားမယ်ဟု ပြောပြီး စားလိုက်သည် မှာ တစ်ဇလုံ ကုန်ပါသည် ။ နာလန်ထတာ ချက်ချင်းပါပေ။ ခရိုင် အထူးကုဆေးရုံကြီးကိုလည်း သွားစရာ မလိုတော့ပါ။

အထက်ပါ ကိစ္စကတော့ Thinking ဆိုတာ အရေးပါကြောင်း တင်ပြချက်ပါ။

**စဉ်းစားတတ်ဖို့ ပြင်ဆင်ကြ၊ ပဋ္ဌိသန္ဓေကာစ**

**ကိုယ်ဝန်ဆောင် မိခင်တိုင်း အိုင်အိုဒင်းဆား စားလျှင် ကလေးဉာဏ်**

ရည် ဖွံ့ဖြိုး၏။ ကလေးဘဝမှာ အိုင်အိုဒင်း အာဟာရ လုံလောက်ဖို့ အရေးကြီးပါသည်။ ဖွံ့ဖြိုးပြီး နိုင်ငံတို့ ၏ ကျန်းမာရေး ရာဇဝင်တွင် Universal Iodide Salt Utilization Programဆိုတာ ရှိသည်။ တိုင်းပြည်တစ်ပြည်လုံး အိုင်အိုဒင်းဆား စားသုံးရေးအစီအစဉ်ကို ရေးဆွဲခဲ့သည်။

ဥပမာ- အမေရိကန်မှာ ထိုအစီအစဉ်ကို ခရစ်နှစ် ၁၈၅၀ လောက်ကတည်းက စတင်ခဲ့သည်။ ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ ၁၉၅၀ လောက်ကမှ စသည်။ သည် တော့ ဖွံ့ဖြိုးပြီးနိုင်ငံကြီးတွေ၏ နိုင်ငံသားတွေက အိုင်အိုဒင်းဆား စားတာ နှစ် ၁၀၀ လောက် စောနေသည်။

သူတို့ နိုင်ငံတွေမှာ မူလတန်း၊ အလယ်တန်း လောက်မှာ ကတည်းက Workshop တို့၊ Group Thinking တို့၊Group Discussion တို့ နှင့် ယဉ်ပါးနေပြီ။ ကျွန်တော်တို့ တစ်တွေသူတို့ ကိုအမီလိုက်ဖို့ လိုပါသည်။ကျွန်တော်တို့ တစ်တွေ စာများများ ဖတ်၊ များများ တွေး၊များများ စဉ်စားရပါမည်။

ဖွံ့ဖြိုးခြင်းအစ စဉ်းစားခြင်းက ဟု တင်ပြလိုက်ပါကြောင်း။

TRUE NEWS Journal (21 December 2010)

*

# သင်တန်းတစ်ခု၏ အရေးကြီးသည့် အရာ

တစ်ခါက ရန်ကုန်မြို့ရှိ ဈေးရောင်းသော ကုမ္ပဏီတစ်ခုတွင် Training Manager က ဈေးရောင်းနည်း (Sales Method) သင်တန်းပေး၏။ သင်တန်း ပို့ချမှုက လွယ်ပါတယ်။ ဈေးဝယ်သူကို ချိုချိုသာသာ ဆက်ဆံရန် သဘောတရားများ ဖြစ်၏။ Customer always right ဟူသော သဘောတရားလည်း ပါ၏။ သင်တန်းအပြီး၌ နားလည်လားဟု မေးရာ အားလုံးက နားလည်ကြပါသည် ဟု ဖြေကြသည် ။ နားမလည်စရာလည်း အကြောင်းမရှိပါ။ မြန်မာဘာသာဖြင့် သင်တာပါ။ သင်တန်းတက်သူ အရောင်းစာရေးမလေး ၂၀ ခန့် ရှိပါ၏။ အားလုံးက နားလည်သဘောပေါက်၍ Training Manager က ကျေနပ်သွား၏။ သင်တန်းပြီးနောက် တစ်ရက်၌ Training Manager ရုံးထိုင်နေစဉ် စားပွဲခုံပေါ်က ဖုန်းမြည်လာ၏။

"ကလင် ကလင် ကလင်"

ဖုန်းကိုကောက်ကိုင်လိုက်၏။

"ပြောပါ ခင်ဗျာ"

"… ကုမ္ပဏီကပါလား ခင်ဗျာ၊ ကျွန်တော်က Customer ပါ၊ နာမည်က … ခေါ်ပါတယ်၊ မနေ့က ခင်ဗျားတို့ ဆီမှာ ဈေးဝယ်တာ အရောင်းစာရေးမက မချေမငံ ဆက်ဆံလို့ တိုင်ချင်လို့ ပါ။"

"ဟုတ်ကဲ့ ပြောပါ ခင်ဗျာ"

သို့နှင့် ဝယ်သူက စီကာပတ်ကုံး တိုင်သွား၏။ အရင်းစစ်သော် အတို
င်ခံရသူကလေးမှာ ယမန်နေ့ကမှ ချိုသာစွာ ဈေးရောင်းနည်း သင်တန်း
တတ်ထားသူကလေး ဖြစ်နေ၏။ သင်တန်းတက်စဉ်က ပို့ချချက်များကို
ဖောင်တိန်တစ်ချောင်းကိုင်၍ ဟိတ်နှင့် ဟန်နှင့် လိုက်မှတ်နေပါသည် ။
နောက်နေ့လည်း ကျရော ဝယ်သူကို မထိမ့်မြင် လုပ်၍ အတိုင်ခံရပါသ
ည် ။ အဘယ်ကြောင့် နည်း ။

နောက်အဖြစ်အပျက်တစ်ခုမှာ ရန်ကုန်မြို့ရှိဘတ်စ်ကား ပိုင်ရှင် တစ်
ယောက်ထံသို့ ကားဒရိုင်ဘာက ယာဉ်စည်းကမ်းသင်တန်းတက်ရမည်
ဖြစ်၍ ခွင့်သုံးရက်ယူ၏။ ၎င်းသင်တန်းကို ဘတ်စ်ကားပိုင်ရှင် ဦး..... ကို
ယ်တိုင် တက်ဖူး၏။ သင်တန်းဆရာများ အသင်အပြကောင်းကြပါ၏။
သင်တန်းပြီးတော့ဒရိုင်ဘာ ပြန် လာပြီး ကား စမောင်းပါသည် ။ တစ်ရ
က်လောက်မောင်းပြီးတော့ နောက်နေ့မောင်းလို့ မရတော့ပါ။
အဘယ်ကြောင့် ဆိုသော် ပူပူနွေးနွေး သင်တန်းဆင်း ဒရိုင်ဘာသည် ခ
ရီးသည် လုသည့် အနေဖြင့် ဘတ်စ်ကားအချင်းချင်း အပြိုင်မောင်းရာ
အ ရ ို န ် လ ွ န ် ပြ ီး မီးနီဖြတ်မိ၍ ယာဉ်ထိန်းရဲက
လိုင်စင်သိမ်းတာခံလိုက်ရပြီး ကားထွက်လို့ မရတော့ပါ။ ပြစ်ဒဏ်ကြေး
ဆောင်ရန် အုံနာထံက ငွေ ၆၀၀၀၀ ချေးလိုက်ရ၏။ ထိုဒရိုင်ဘာသည်
ယာဉ်စည်းကမ်း နားလည်သူ ဖြစ်၏။ သို့သော်လုပ်တော့ တလွဲ ဖြစ်၏။
အဘယ့်ကြောင့် နည်း။

ကျွန်တော်သည် NGO, UN တို့ ၌ ၁၀ နှစ်လုပ်ကိုင်ခဲ့ရာ တက်ရသည့်
သင်တန်းတွေ မမှတ်မိတော့ပါ။ သင်တန်းဆရာ (Trainer) များက နိုင်ငံ
ခြားသားများ ဖြစ်ပါသည် ။ သူတို့ ၏ လုပ်ထုံးလုပ်နည်း သင်တန်းပြီးလျှ
င် Training Evaluation လုပ်ခိုင်းပါသည် ။ သင်တန်းကို
တန်ဖိုးဖြတ်ခိုင်းတာပါ။ Evaluation Format ခေါ် ပုံစံလေးများ ပေးပါ၏

ဥပမာ-

သင်တန်း၌ အစားအသောက်ကျွေးပုံ

•ကောင်း

•သင့်

•ညံ့။

နေရာအခင်းအကျင်း

•ကောင်း

•သင့်

•ညံ့။

သင်တန်းဆရာ၏ ပို့ချမှု

•ကောင်း

•သင့်

•ညံ့။

နားလည်မှု

•ကောင်း

•သင့်

•ညံ့။

Role Play များ

•ကောင်း

•သင့်

•ညံ့။

စသည် ဖြင့် ကဏ္ဍတော်များများကို ကောင်း၊ သင့်၊ ညံ့ တန်ဖိုးဖြတ်နိုင်းပါသည် ။ ထိုသို့ သင်တန်းသားများက Evaluation (အကဲဖြတ်) တာကို သူတို့ က တန်ဖိုးထားသည် ။ Next Training, Next Workshop အတွက် အလွန်အသုံးဝင်သည် ဟု ဆိုပါသည် ။

သို့ပေမဲ့ Training တစ်ခုမှာ လည်းကောင်း၊ Workshop တစ်ခုမှာ လည်းကောင်း၊ Lecture တစ်ခု မှာ လည်းကောင်း အကဲဖြတ်ဖို့ အလွန်ခက်ခဲသော အရာတစ်ခု ရှိပါသည် ။ အဲဒါကတော့ သင်တန်းသားတွေ၏ ခံယူချက် (Attitude of trainess) ပဲ ဖြစ်ပါသည် ။ ကျွန်တော်ကတော့ ဘယ်သင်တန်းပဲ တက်တက် ခံယူချက်နှစ်မျိုး အမြဲထားပါသည် ။ အဲဒါတွေကတော့ -

(၁)ရလာသောနည်းပညာ၊ သုတဖြင့် အများ အကျိုး ပြုရန်၊

(၂)ရလာသောနည်းပညာ၊ သုတဖြင့် အလုပ်လုပ်ပြီး သမာအာဇီဝနည်းဖြင့် မိမိအတွက် ထမင်းတစ်လုတ် ရှာစားရန်ပဲ ဖြစ်သည် ။

အချိန်ကာလကတော့ ၂၀၀၃ ခုနှစ် လောက်က ထင်ပါသည် ။ ကျွန်တော်သည် NGOတစ်ခု၌ တာဝန်ထမ်းဆောင်နေစဉ် သင်တန်းတစ်ခု တက်ခဲ့၏။ “Training on HIV Counselling” (အိပ်ချ်အိုင်ဗွီ ဝေဒနာ နှစ်သိမ့်ဆွေးနွေးခြင်း အတတ်သင်တန်း) ဖြစ်ပါသည် ။ HIV ဝေဒနာသည် ရောဂ

စိတ်ဓာတ်ကျ မသွားအောင် ဆွေးနွေးသည့် သင်တန်းဖြစ်ပါသည် ။ သင်တန်းဆရာမက ဥရောပသူ ဒေါက်တာရှောက်ကီဇေလ် စထရာ ဆိုသူဖြစ်ပါသည် ။ ရှောက်ကီဟု အတိုကောက် ခေါ်ကြတယ်။ ကျွန်မနာမည်ကို မှတ်ရတာ ခက်ရင် မြန်မာဆန်ဆန် "ရှောက်သီး"လို့ ခေါ်နိုင်ပါတယ်ရှင် ဟု ပြောသောပညာမာန မရှိသူ မိန်းမသား တစ်ဦးပါ။ နောက်ပိုင်း ကျွန်တော် HIV စီမံကိန်းမှာ လုပ်တော့ ဝေဒနာသည် ၁၀၀ကျော် ၂၀၀နီးပါးကို Counselling လုပ်ခဲ့ရပါသည် ။ သူတို့ တတွေ မိမိကိုယ်ကိုယ် သတ်သေ ချင်စိတ် ပျောက်သွားပြီး လောကကြီးနှင့် အံဝင်ခွင်ကျ နေတတ်သွားကြပါ၏။ အဲ့ဒီလို နှစ်သိမ့်ဆွေးနွေးဖို့ ကျွန်တော်တို့ကို FEC ဖြင့် လခပေးပါ၏။

သို့သော် နောက်ပိုင်း NGO ၌ မလုပ်တော့ဘဲ ကိုယ်ပိုင်လုပ်ငန်းလုပ်တော့ HIV ဝေဒနာသည် တွေကို နှစ်သိမ့်ဆွေးနွေးပေးခဲ့ဖူးပါ၏။ ကြုံကြိုက်သည့် အခါပေါ့။ သို့သော် အဲ့ဒီလို လုပ်ဖို့ ကျွန်တော့်ကို ဘယ်သူကမှ FEC ဖြင့် လည်း ကောင်း၊ ကျပ်ငွေဖြင့် လည်းကောင်း လခမပေးပါ။ ကိုယ့်အသိစိတ်နှင့် ကိုယ်လုပ်ခြင်းပါ။ HIV ဝေဒနာသည် တွေ အားငယ်စိတ်တွေ ပျောက်ကုန်ပါသည် ။

ဒီတော့ ၂၀၀၃ ခုနှစ်လောက်က ကျွန်တော်တက်ခဲ့သည့် HIV Counselling သင်တန်းက ယခု ၂၀၁၀ အထိ နိုင်ငံသားတွေကို အကျိုးပြုတုန်းပါ ။ ယခုရက်ပိုင်းလေးတင် အပျော်အပါး လိုက်စားသည့် ညီငယ်တစ်ယောက် ကျွန်တော်နှင့် လာပြီး ဆွေးနွေးပါသည် ။ကျွန်တော် သူကို စိတ် ချမ်းသာအောင် လုပ်ပေးပါသည် ။ ဒီတော့ ၂၀၀၃မှာ ကျွန်တော်တက်ခဲ့သည့် HIV Counselling သင်တန်းကို ဘယ်လို Evaluate လုပ်မလဲ။ ဘယ်လိုတန်ဖိုးဖြတ်မလဲ ။ ၂၀၀၃ ခုနှစ်မှာ သင်တန်း ပေးခဲ့သော ဒေါက်တာရှောက်ကီက သူ့နိုင်ငံ ပြန်သွားပြီ။ ဒါပေမဲ့ သူ ပေးခဲ့သည့် သင်တန်းက

ယနေ့တိုင် အကျိုးပြုဆဲ ဖြစ်၏။

အဲဒါက သင်တန်းဆရာ ဘယ်လောက်တော်သလဲနှင့် မဆိုင်ပါ။ သင်တန်းသားတွေ၏ ခံယူချက် (Attitude) နှင့် ဆိုင်ပါ၏။ ကျွန်တော်က ငါ့ကိုဘယ်သူကမှ HIV နဲ့ ပတ်သက်လို့ FEC နဲ့ လခမပေးတော့ဘူး၊ ငါ့စီးပွားရေးပဲငါဖောက်ချလုပ်တော့မယ်၊ လေကုန်မခံတော့ဘူး၊အချိန်မပေးနိုင်ဟု ဆိုပါလျှင် ဒီရလဒ်မထွက်ပေါ်နိုင်ပါ။ ထို့ကြောင့် သင်တန်းတစ်ခု၏ တန်ဖိုးနှင့် ပတ်သတ်၍ သင်တန်းသား၏ ခံယူချက်က အရေးကြီးကြောင်း တင်ပြလိုပါ၏။

ကျွန်တော် NGO ၌ လုပ်ကိုင်စဉ် ကျွန်တော်သည် မိမိလက်အောက် ငယ်သားများကို ပြန်လည် သင်ပြသော Trainer လည်း လုပ်ခဲ့ဖူးပါ၏။

အဲ့ဒီအချိန်မှာ ကျွန်တော်သည် ဘယ်လို ခံယူချက်မျိုးဖြင့် သင်တန်းပို့ချခဲ့ဖူးသလဲ ဆိုလျှင်-

-သင်တန်းသားတွေဟာ တစ်နေ့မှာ ငါ့ထက် တော်ရမယ်။

-ဆရာစား ချန်စရာ မလိုဘူး။

-တတ်ကြောင်း ပြတာမဟုတ်၊ Knowledge Sharing သာ ဖြစ်တယ်။

-ငါ မသိတာတွေလည်း အများကြီးပဲ။ ငါ မသိဘဲ သင်တန်းသားတွေ သိတာလည်း ရှိနေမှာ ပဲ

ဟူသော ခံယူချက်များ ဖြင့် ပို့ချခဲ့ဖူးပါ၏။ ကျွန်တော် NGO တစ်ခုမှ အလုပ်လုပ်တုန်းက ကျွန်တော်က လုပ်သက်ရင့်နေပြီ ဆိုတာကို သိတဲ့ နိုင်ငံခြားသား အထက်အရာရှိက ကျွန်တော်ကို သင်တန်းပေးရန် ပြော၍ ပေးခဲ့ဖူးသည် ။

Village Health Promotor ခေါ် ကျေးလက် ကျန်းမာရေး ဝန်ထမ်းအ

ချို့ကို သင်တန်းပေးခဲ့သည် ။ ဒါပေမဲ့ သူတို့ က ပညာမလိုချင်ပါ။ ကျွန်တော်က White Board ဘက် လှည့်ပြီး စာရေးနေတုန်း သူတို့ ထဲက တချို့က တစ်ယောက်နှင့် တစ်ယောက် မျက်စပစ်ပြီး လက်ခါပြလိုက်၊ လျှာထုတ်ပြလိုက်၊ မဲ့လိုက်ရွဲ့လိုက် လုပ်နေကြသည် ။ ကျွန်တော် ပြန်ကြားရသော အခါကျတော့ ရှေးတုန်းက စကားပုံတစ်ခု "ကျွဲပါးစောင်းတီး" ဆိုတာ ဒါကြောင့် ရှိခဲ့ဖူးတာကိုး ဆိုပြီး ဆင်ခြင်လိုက်ဖူးပါ၏။ တချို့တွေခံယူချက် ကောင်းပေမဲ့ တချို့ကမကောင်းကြပါ။ ခံယူချက် မကောင်းကြရာမှာ အောက်ပါသဘောထားများ တွေ့ရသည် ။

-တချို့က တာဝန်အရသာ လာတတ်ရတယ်။ လုံးဝစိတ်မဝင်စားဘူး။

-တချို့က နိုင်ငံခြားသား Chief Technical Advisor ခေါ် အကြံပေးအရာရှိချုပ်က လွဲလို့ ဘယ်သူ့ကိုမှ ဆရာ မတင်နိုင်ဘူးလို့ ခံယူချက်တွေလည်း ရှိတယ်။

-တချို့က Trainer ကို ဆရာကြီးလုပ်တယ်လို့ ထင်တယ်။ တတ်ကြောင်း ပြတယ်ထင်တယ်။

-တချို့က ပညာစမ်းတယ်။

-တချို့က မင်သေသေနဲ့ လိုက်မှတ်ပြီး ငါလုပ်ချင်တာ လုပ်မယ်၊ သူလည်း ပြောချင်ရာပြော၊ သင်ချင်ရာသင် ဆိုတဲ့ လူမျိုးလည်း ရှိတယ်။

-တချို့က Small Training လေးတွေကို စိတ်မဝင်စားဘဲ နိုင်ငံခြားထွက်ပြီး NGO စရိတ်နဲ့ Master Degree Program တက်ခိုင်းပါလား ဆိုတဲ့ လူမျိုးလည်း ရှိတယ်။

-တချို့ကလည်း Training က ရမယ့် အသိပညာထက် ထိုက်ထိုက်တန်တန် အဖွဲ့တစ်ခုက ပေးတဲ့ Certification, Diploma ကို ဝိုပြီး စိတ်ဝင်

စားတယ်။

သင်တန်းတစ်ခု ထိရောက်ရန်အတွက် သင်တန်းသားတို့ ၏ Attitude (ခံယူချက်) က အလွန်အရေးကြီးလှပါသည် ။ မိမိက စတင်၍ ပညာလိုသောအခါ Desire ရှိရပါမည်။ အခကြေးငွေ ယူ၍ ပို့ချသော သင်တန်းကျောင်းတွေမှာ တော့ ပြဿနာသိပ်မရှိပါ။အဘယ်ကြောင့် ဆိုသော် သူတို့ က ပိုက်ဆံပေးရကျိုးနပ်အောင် ပညာပြန်ယူမှာ ပါ။ ပညာ မလိုချင်လျှင်လည်း သင်တန်းကျောင်း (Training School) ဘက်ကပြဿနာ မရှိပါ။ သင်တန်းကြေး(Training Fee) ရပြီးပြီပဲ။ ကုမ္ပဏီစရိတ်ဖြင့် အကုန်ကျခံပြီး သင်တန်းပေးရသော သင်တန်းသား စိစစ်ရန် အလွန်အရေးကြီး ပါသည် ကုမ္ပဏီတွေက မိမိလူတွေအကြောင်း မိမိသိပြီး ဖြစ်ရပါမည်။ ခံယူချက်ကောင်းသူကို စရိတ်အကုန်ခံ၍ သင်တန်းပေးတာ ကောင်းပေမဲ့ ခံယူချက်မကောင်းသူကို စရိတ်အကုန်ခံမိလျှင် သဲထဲရေသွန်သလို ဖြစ်ပါမည်။

INGO တွေကပေးသည့် Training တချို့မှာ သင်တန်းသားက သင်တန်းကြေး မပေးရပါ။ သူတို့ ကို နေ့တွက်စရိတ် (Perdiem) ဆိုပြီးပြန်ပေးသည် ။ အဲ့ဒီနေ့တွက်ကလည်း တော်တော် များ တော့ သင်တန်းတွေက လူပြည့်နေပါတယ်။ ဒါပေမဲ့ ဘယ်လောက် စိတ်ဝင်စားမှုရှိလဲ ဆိုတာတော့ တိုင်းတာရတာ ခက်သည် ။ တချို့ NGO တွေက Perdiem ခေါ် သင်တန်းသားသို့ ပေးသော နေ့တွက်စရိတ်ကို လျော့သော် သင်တန်းသားအရေအတွက် နည်းသွားပါသည် ။သို့သော် တကယ်စိတ်ဝင်စားသူတွေ၊ ပညာလိုချင်သူတွေကတော့ နေ့တွက်ကို ဂရုမစိုက်ပါ။ ပေးသည် ဖြစ်စေ၊ မပေးသည် ဖြစ်စေ လာကြသည် ။ ဒီတော့ လူနည်းပေမဲ့ ထိရောက်သည် ။

USAမှာ ဆိုလျှင်လည်း Humphrey Program ဆိုသော တစ်နှစ် ကြာသည့် ဖွံ့ဖြိုးရေးသင်တန်း တစ်ခုအတွက် NGO က Staff တွေကို Scholarship ပေးပြီး တစ်နှစ်တစ်ယောက် သင်တန်းတက်စေ၏။ အဲ့ဒီမှာ Diploma တို့ ၊ Master တို့ စသောဘွဲ့တွေမပေးပါ။ သင်တန်းပြီးလျှင် ဒီအတိုင်းပြန်လွှတ်လိုက်သည် ။ ဒီတော့ နာမည်နောက်မှာ Master ဘွဲ့ တပ်ချင်သူတွေက မလျှောက်ကြတော့ပါ။ လူကို စစ်ပြီး ဆန်ခါတင်ပြီး သား ဖြစ်သွားပါသည် ။

သင်တန်းသားတွေမှာ လည်း မူလ ပါရမီ အရင်းခံဆိုတာ ရှိပါသည် ။သူတို့ ၏ ခံယူချက်။ နားလည်နိုင်စွမ်းမှာ တစ်ဦးနှင့် တစ်ဦး မတူပါ။ တချို့က တစ်ထွာပြလျှင် တစ်တောင်မြင်သည် ။ တချို့က တစ်တောင်ပြတာတောင် ဘာမှ မမြင်ပါ။ တချို့က နည်းနည်းလေး ပြတာနှင့် တအားတိုးတက်မည့် လူမျိုးကို Development Potential ရှိသည် ဟု ခေါ်ပါသည် ။

သင်တန်းဆရာသည် သင်တန်းသားတို့ တစ်ဦးစီ၏ Development Potential အနေအထားကို သိရပါမည်။ သူတို့ ၏ သင်တန်းတက်သော ရည်ရွယ်ချက်ကို သိရပါမည်။ သင်တန်းသား တစ်ဦးစီ၏ ပညာအရည်အချင်း၊ အတွေ့အကြုံများကို သိထားရပါမည်။ ဥပမာ- ငှက်ဖျားကာကွယ်ရေးသင်တန်းပေးပါသော်-

-ငှက်ဖျားဒေသက ရွာသားကို ပေးမည့် သင်တန်း၊

-သူနာပြုတွေကို ပေးမည့် သင်တန်း ၊

-ဘွဲ့လွန်သင်တန်းသား ဆရာဝန်ကို ပေးမည့် သင်တန်းတို့ သည် ပုံစံမတူပါ။

သူတို့ ၏ ရှိပြီး ပညာအဆင့်ကို လိုက်၍ သင့်လျော်သလို သင်ပေးနိုင်

ခြင်းသည် လည်း သင်တန်းဆရာ၏ ကျွမ်းကျင်မှု တစ်ခုပင် ဖြစ်ပါ၏။
ထို့ကြောင့် သင်တန်းတွင် အရေးကြီးသည် ကတော့-

သင်တန်းဆရာ၏ -

-စေတနာ၊

-ခံယူချက်၊

-ကျွမ်းကျင်မှု၊

-ရည်ရွယ်ချက်၊

သင်တန်းသားတို့ ၏ -

-ခံယူချက်၊

-ပညာလိုချင်စိတ်၊

-စေတနာ၊

-ရည်ရွယ်ချက်၊

-Development Potential

တို့ သည် အရေးပါသည် ဟု ဆိုချင်ပါကြောင်း၊

HR Journal (12-3-2010)

*

# နှင်းဦးရည်စု ပညာရှာနည်း သို့မဟုတ် တက္ကသိုလ်ကျောင်းသားများ လေ့လာအပ်ပါသော ပညာရှာဖွေခြင်း နည်းလမ်း သို့မဟုတ် (Learn How To Learn)

ယခုအခါ ကျွန်တော်တို့ မြန်မာနိုင်ငံသည် ဒီမိုကရေစီ ဖွံ့ဖြိုးရေး လမ်းကြောင်းပေါ်၌ လျှောက်လှမ်းလျက် ရှိနေပါသည် ။ တိုင်းပြည်တိုးတက်ရေး၏ အစိတ်အပိုင်း တစ်ခုအဖြစ် ပညာရေးကဏ္ဍကိုလည်း မြှင့်တင်ရန် ကြိုးစားလျက် ရှိနေပါသည် ။

ဆေးပညာရေး အဆင့်အတန်းကို မြှင့်တင်ရန်လည်း ကြိုးစားလျက် ရှိနေသည် ကို ဝမ်းသာစွာ တွေ့ရှိပါသည် ။

ကျွန်တော်သည် ဆေးဝါးကုသခြင်း လုပ်ငန်းကို မလုပ်သော ဆရာဝန် စာရေးဆရာတစ်ဦး ဖြစ်ရာ ကျွန်တော့်ဘဝမှာ များ သောအားဖြင့် အချိန်တွေ ပိုနေပါသည် ။ ဒီတော့ ကျွန်တော်သည် ထွက်သမျှ ဂျာနယ်တွေ ဖတ်ပြီး အချိန်ဖြုန်းလေ့ ရှိပါသည် ။ ထိုအခါ ဂျာနယ်တို့ ၌ တွေ့ရှိချက်မှာ ဆေးပညာ သင်ကြားရေး တာဝန်ရှိသူ ဆရာ၊ ဆရာမများ နှင့် ကမ္ဘာ့နာမည်ကျော် ဝွန်ဟော့ကင်းတက္ကသိုလ် တာဝန်ရှိသူတို့ သည် မြန်မာ့ဆေးပညာအဆင့်အတန်း မြှင့်မားလာရန် ဝပ်ရှော့ လုပ်သောသတင်း တွေ့ရှိရပါသည် ။

ဒါက လုပ်သင့်သည့် အလုပ်ဖြစ်၍ သာဓု ခေါ်မိပါ၏။ သင်ကြားရေးနှင့် စပ်လျဉ်း၍ ဝပ်ရှော့ တက်သော ပုဂ္ဂိုလ်တို့ သည် အပြန်အလှန် လေ့လာဆည်းပူးကြသည် ဆိုလျှင် ဘယ်လိုသင်မလဲ (Learn How To Teach ) ဆည်းပူးကြသည် ဟု ဆိုချင်ပါသည် ။ Workshop on How to Teach ဟု လည်း ဆိုချင်ပါသည် ။

ဌာန် ဟော့ကင်း တက္ကသိုလ်၌ ပြုလုပ်သော ဝပ်ရှော့သတင်းကို ကျွန်တော်သည် လမ်းဘေး ပလက်ဖောင်းပေါ်၌ မတ်တတ်ရပ်ပြီး ဖတ်ရှုခြင်း ဖြစ်ပါသည် ။ ဌာန်ဟော့ကင်း တက္ကသိုလ်နှင့် ဝပ်ရှော့ သတင်းသည် လုပ်သင့်လုပ်ထိုက်သော ပထမခြေလှမ်း ဖြစ်ပါသည် ။

ပလက်ဖောင်း ဂျာနယ်ဆိုင်တွေက ဂျာနယ်နှင့် ယှဉ်တွဲ၍ တန်ဖိုးနည်းစာအုပ်များကို တွဲရောင်းလေ့ ရှိပါသည် ။ ဂျာနယ်ဗန်းဘေးတွင် ရောင်းသောစာအုပ် တစ်အုပ်ကို ကောက်ကိုင်လိုက်တော့ စာအုပ်တစ်အုပ်တွေ့၍ ဝယ်လာခဲ့ပြီး အိမ်မှာ ဖတ်ကြည့်မိပါသည် ။ စာအုပ်ကတော့ ဦးကောင်းထူးရေးသော "ဗန်မော်ဆရာတော်နှင့် သင်္ဂဇာ ဆရာတော်တို့ ၏ ဟာသမြောက် ပုံတိုပတ်စများ " စာအုပ် ဖြစ်ပါသည် ။ ၎င်း စာအုပ်၌ ဖတ်ရှုရသည် မှာ မင်းတုန်းမင်းကြီးလက်ထက်၌ မင်းတုန်းမင်းကြီးက ဗန်မော်ဆရာတော်ကြီးအား လျှောက်ထားသည် မှာ လောက၌ ဆရာတစ်ဦးတည်း၏ သင်ယူမှုကို ခံယူကြရာ၌ အချို့တပည့်ကလူတော်တွေဖြစ်ပြီး တချို့တပည့်တွေက လူညံ့တွေ ဖြစ်နေကြတာဘာကြောင့် ပါလဲ ဘုရားဟု လျှောက်ထားခဲ့ရာတွင် ဗန်မော်ဆရာတော်ကြီးက မင်းတုန်းမင်းကြီးအား ပုံပြင်တစ်ပုဒ် ပြောပြသည် မှာ အောက်ပါအတိုင်း ဖြစ်ပါသည် ။

ပုံပြင်

တစ်ခါက ဒိသာပါမောက္ခ ဆရာကြီးထံတွင် သူငယ်ချင်းနှစ်ဦး သွား ရောက်၍ ပညာသင်ခဲ့ကြသည် ။ သင်ယူသောဘာသာရပ်မှာ ဗေဒင်ပ ညာ ဖြစ်၏။ တပည့်နှစ်ဦး ပညာစုံသော အခါ နေရပ်သို့ ပြန်လာကြ၏။ လမ်းတွင် ရွာတစ်ရွာ၌ အိမ်တစ်အိမ်တွင် ခေတ္တတည်းခို တစ်ညအိပ်၏။ အိမ်ရှင်ကတော့ မိန်းမသားဖြစ်ပြီး အိမ်ရှင်မက အကူအညီတောင်းသည် ကတော့ သူ့ယောကျ်ား တစ်ရပ်တစ်ကျေးသို့ ကုန်ရောင်းကုန်ဝယ်သွား တာ ကြာလှပြီ၊ ပြန်မလာ၍ စိတ်ပူနေပါသည် ၊ ဘာဖြစ်နေလဲ ဗေဒင်တွ က်ပေးပါဟု အကူအညီတောင်း၏။

ပထမဗေဒင်ဆရာက ဗေဒင်တွက်တာကတော့ အိမ်ရှင်မ၏ ယော ကျ်ားသည် အနိစ္စရောက်ပါပြီဟု ဗေဒင်တွက်၏။

ဒုတိယ ဗေဒင်ဆရာက ဗေဒင်တွက်ပြတာကတော့ အိမ်ရှင်မယော ကျ်ားကသေပါပြီ၊ မနေ့ကသေပါသည် ၊ ဒီရွာစပ်က တောထဲမှာ ကျားကို က်၍ သေပါသည် ၊ သွားကြည့်လျှင် အလောင်းကို တွေ့နိုင်ပါသေးသည် ဟု ဗေဒင်ဟောရာ ပိုမိုတိကျပါသည် ။ သို့နှင့် ရွာထဲကလူတွေ ရွာစပ် တောထဲသွားကြည့်တော့ လူသေအလောင်းကိုတွေ့ရာ ဗေင်က သွေးထွ က်အောင် မှန်ကန်တိကျလှပါတယ်။

ဒုတိယ ဗေဒင်ဆရာက ပိုပြီးတိကျအောင် ဟောနိုင်လို့ ဗေဒင်ပိုတတ် သလို ဖြစ်နေပါသည် ။ ဒါကို ပထမဗေဒင်ဆရာက မကျေနပ်ပါ။ ဒိသာ ပါမောက္ခကြီးက ဒုတိယ ဗေဒင်ဆရာကို ပညာပိုသင်ပေးတယ်ဟု ယူဆ သည် ။

ဘာကြောင့် တပည့်ချင်းအတူတူ တစ်ယောက်ကို ပိုပြီး ပညာသင် ပေးရတာလဲ ဆိုတာကို မေးရန် ဗေဒင်ဆရာသူငယ်ချင်းနှစ်ယောက် ဒိ သာပါမောက္ခကြီးဆီ ပြန်သွားပြီး မေးကြည့်ပါသည် ။ ဒီတော့ ဒိသာပါ

မောက္ခကြီးက စကားဖြင့် မဖြေပါ။ လက်တွေ့ပြမည်ဟု ပြောသည် ။ သူ့တပည့် ဗေဒင်ဆရာနှစ်ဦးကိုသူ့အိမ်မှ တစ်ညတည်းခိုစေပါတယ်။ နောက်နေ့နံနက်စောစောမှာ ဆီးနှင်းတွေ ကျနေပြီး မြက်ပင်တွေပေါ်မှာ ဆီးနှင်းတွေ ဖုံးလွှမ်းနေပါသည် ။ ဆီးနှင်းခဲလေးတွေ အရည်ပျော်ပြီး မြေကြီးပေါ်မကျခင် ကောက်ယူ၍ နှင်းရည်များကို စုဆောင်းပါက နှင်းဦးရည်ဟု ခေါ်ပါသည် ။ ဒိသာပါမောက္ခ ဆရာကြီးက တပည့်နှစ်ဦးကို အိုးတစ်ယောက်တစ်လုံးစီ ပေးလိုက်ပြီး နှင်းတောထဲထွက်၍ နှင်းဦးရည်များကို စုဆောင်းစေပါသည် ။ ပထမ တပည့်က မြက်ရွက်လေးများ နုတ်ယူ၍ မြက်ရွက်မှာ ကပ်နေသော နှင်းများကို အိုးထဲထည့်ရာ နှင်းဦးရည်နည်းနည်းပဲ ရပါသည် ။

ဒုတိယ တစ်ယောက်သည် သူ့ခေါင်းပေါင်း မျက်နှာသုတ်ပုဝါကိုဖြန့်၍ မြက်တွေပေါ် အုပ်လိုက်ပါသည် ။မြက်ပေါ်မှ ဆီးနှင်းတွေ ပုဝါထဲကိုစိမ့်ဝင်၍ ပုဝါကနှင်းရည်တို့ ဖြင့် ရွှဲရွှဲစိုသောအခါ ပုဝါကို ညှစ်၍ နှင်းသီးရည်တို့ ကို အိုးထဲဝင်စေပါတယ်။ ဒီလို ခဏ ခဏ လုပ်သဖြင့် အိုးသည် နှင်းရည်များ စွာဖြင့် ပြည့်လျှံသွားပါသည် ။

ဒီတော့ ပထမတပည့်က နှင်းဦးရည် နည်းနည်းပဲ ခံယူနိုင်ပြီး ဒုတိယ တပည့်က နှင်းဦးရည်များများ ခံယူနိုင်ပါသည် ။ ဒီတော့ သင်ပေးတာချင်း အတူတူ ခံယူတတ်သူက ပိုပြီးရသွားပါသည် ဟု ပုံပြင်ကဆိုပါသည် ။

ဒီတော့ ကျွန်တော် တွေးမိတာက ဂျွန်ဟော့ကင်း တက္ကသိုလ်၊ ဟားဗက်တက္ကသိုလ်၊ အောက်စဖို့ တက္ကသိုလ်တို့ သည် ဒိသာပါမောက္ခကြီးတွေနှင့် တူတယ်။ သူတို့ က ဘယ်လောက်ပဲ သင်သင် ခံယူတတ်ဖို့ လိုပါသည် ။ ဒီတော့ဆေးကျောင်းသား၊ တက္ကသိုလ် ကျောင်းသားတွေ ကြိုးစားဖို့

လိုပါသည် ။ ကမ္ဘာ့ထိပ်တန်း တက္ကသိုလ်ကြီးတွေ နာမည်ကျော်ရသော အကြောင်းတစ်ရပ်ကတော့ သူတို့ ဆီက ကျောင်းသားတွေသည် နှင်းဦးရည် ခံယူတက်သူတွေ ဖြစ်တာမျိုးလည်း ဖြစ်နိုင်ပါသည် ။

ကမ္ဘာ့ပေါ်မှာ အလွန်တော်သော တက္ကသိုလ်ကျောင်းသားတွေကို ဖွံ့ဖြိုးဆဲနိုင်ငံတွေဆီ ပင့်ဖိတ်ပြီး ဖွံ့ဖြိုးဆဲနိုင်ငံက တက္ကသိုလ်ကျောင်းသားတွေနှင့် "နှင်းဦးရည် စုဆောင်းခြင်း အလုပ်ရုံဆွေးနွေးပွဲ" (Learn How To Learn Workshop) လုပ်လျှင် ကောင်းမည်ထင်ပါသည် ။

တက္ကသိုလ်ကြီးတွေက တော်ဖို့ နည်းနည်းပဲ အရေးကြီးတယ်။ ကျောင်းသားတွေ တော်ဖို့ များများ အရေးကြီးပါတယ်။

တော်သော ကျောင်းသားတွေ အင်တာနက်မှာ ပညာ ဘယ်လိုရှာသည် ၊ အချိန်ကို ဘယ်လိုအကျိုးရှိရှိ အသုံးချသည် ၊ တော်သော ကျောင်းသားတွေ၏ ခံယူချက်၊ အတွေးအခေါ်၊ စဉ်းစားပုံ၊ စာကြည့်တိုက်ကို ဘယ်လိုသွားသည် ၊ အလုပ်ရုံဆွေးနွေးပွဲတွေမှာ ဘယ်လို ဆွေးနွေးသည် စသည် ဖြင့် လေ့လာသင့်ပါသည် ။

ပညာဆိုသော နှင်းဦးရည်သည် လမ်းဘေး ပလက်ဖောင်းပေါ်မှာ လည်း ရှာဖွေလို့ ရနိုင်ပါသည် ၊ ကျွန်တော်သည် ပလက်ဖောင်းလမ်းဘေးမှာ ကျာနယ်ဖတ်ရင်း ဂျွန်ဟော့ကင်းတက္ကသိုလ် မြန်မာပြည်လာသော သတင်း သိရသည် ။ ပလက်ဖောင်းပေါ်က စာအုပ်ကို ဝယ်ဖတ်ရင်း ဇန်မော်ဆရာတော်ကြီး၏ နှင်းဦးရည် စုဆောင်းပုံကို သိရသည် ။ အသိနှစ်ခုကို ပေါင်းလိုက်တော့ ဆောင်းပါးတစ်ပုဒ် ဖြစ်လာပါသည် ။

ပညာနှင်းဦးရည်ကို စုဆောင်းသည် ဆိုတာက ဘယ်နေရာမှာ မဆို စုဆောင်း သင်ယူလို့ ရပါသည် ၊ ယနေ့လူငယ်များ နှင်းဦးရည် စုဆောင်းနိုင်ကြပါစေဟု ဆန္ဒပြုအပ်ပါကြောင်း၊

# အသိပညာကို စီမံခန့်ခွဲခြင်း
# (Knowledge Management)

ယခုခေတ် အခါသမယသည် Managementဟူသော ဝေါဟာရ ခေတ်စားလာပါသဖြင့် ကဏ္ဍအသီးသီး၌ Management ဗျူဟာများ ပေါ်ပေါက်ခဲ့ရာ Risk Management, Finance Management, Human Resource Management အစရှိသဖြင့် ကဏ္ဍအသီးသီး ပေါ်ပေါက်ခဲ့ပါသည်။

ဖွံ့ဖြိုးပြီးနိုင်ငံများ တွင် တော့ ခေတ်ရှေ့ပြေးပြီး အသိပညာစီမံခန့်ခွဲခြင်း (Knowledge Management) ဟူသောဆောင်းပါးများ ပင် ပေါ်ပေါက်ခဲ့ရာ ကျွန်တော် ဖတ်ရှုရဖူးပါ၏။ Knowledge Management အကြောင်းရေးသူတို့ က Knowledge Application ကို ခေတ်နောက်ကျသွားပြီဟု ဆိုရာ ပြောင်းလဲမှုလျှင်မြန်လှသော အသိပညာခေတ်ကို အမီလိုက်နိုင်ရန် အရေးကြီးလှကြောင်း အသိတရားရခဲ့ပါသည်။

သို့သော် ခေတ်နောက်ကျနေပါသည် ဆိုသော Technology တို့ သည် ခေတ်မီ၊ ခေတ်ရှေ့ပြေး Technology တို့ ၏ အခြေခံ အုတ်မြစ်(Foundation) ပင်ဖြစ်ရာ Knowledge Application အကြောင်းကို သိရန် လိုပါသည်။

အသိပညာကိုအသုံးချခြင်း (Knowledge Application) အကြောင်းကိုဦးစွာ တင်ပြရသော် သူကတော့ ရိုးရိုးစင်းစင်းကြီးပါပင်။ ဥပမာ-အ

ရိုးဆုံးတစ်ခုကို တင်ပြရမည် ဆိုပါသော် လူတစ်ယောက် ဆေးတက္ကသိုလ်၌ ခုနှစ်နှစ် ပညာဆည်းပူးပြီးသော် ဆေးပညာတတ်ပြီး လက်တွေ့ဆရာဝန်အဖြစ် အမှုထမ်းသော် Knowledge Application ပဲ ဖြစ်ပါသည်။ သင်ခဲ့သည့် စာနှင့် လုပ်ငန်းခွင်နှင့် ကွက်တိပဲ ဖြစ်ပါသည်။

အချို့ ပုဂ္ဂိုလ်များ M.B.B.S အောင်ပြီးသော် ဆရာဝန်မလုပ်ဘဲ ကုန်သည် ၊ပွဲစား၊ ကုမ္ပဏီ စသည် တို့ တွင် အလုပ်လုပ်သောအခါ အချို့က Brain Dry ဖြစ်ပါပြီဟု မချိတင်ကဲ နှမြောတသစွာ ဝေဖန်ကြပါ၏။ ထိုသို့ ဝေဖန်ခြင်းသည် Knowledge Application မလုပ်ဘူးဟု ဝေဖန်ခြင်းပင် ဖြစ်ပါ၏။

Knowledge Application မလုပ်ဘူးဟု မချိတင်ကဲ ပြောနေသူများ၏ အပြစ်တင် ဝေဖန်မှု ကို ခံရသည် မှာ စာရေးသူ ကျွန်တော်သည် ပင်ကြိမ်ဖန်များ လှပြီ။ အဘယ်ကြောင့် ဆိုသော် ကျွန်တော်သည် ဆရာဝန်ဘွဲ့ကို ရခဲ့ပြီး ယခုအချိန်၌ နားကြပ်နှင့် ဆေးထိုးအပ်ကို မကိုင်ဘဲ တခြားအလုပ် လုပ်နေ၍ ဖြစ်ပါသည် ။ သို့ပါ၍ Knowledge Application မလုပ်သော်လည်း Knowledge Management တော့လုပ်နေပါသည် ဟု ဖြေရှင်းချက်ပေးရင် Knowledge Management အကြောင်း တင်ပြပါရစေ။

Knowledge Management ဆိုတာ လူငယ်တွေ သိသင့်ပါသည် ။ မသိဘဲနှင့် ပညာတွေ များများ တတ်လာလျှင် ဟိုစပ်စပ် ဒီစပ်စပ်နှင့် တတ်ယောင်ကား ဖြစ်သွားခြင်း (Jack of all trades, master of none) အမှန်ဖြစ်မှာ ပင်။

ထို့ကြောင့် Knowledge Management ကို နည်းနည်းတင်ပြပါရစေ။ ရှေးဦးစွာ ရှင်းလင်းလိုသည် ကတော့ လူတစ်ယောက် ဆေးပညာဘွဲ့ ရ

သော် ဆေးကုရုံတစ်ခုတည်း တတ်သည် ဟု အထင်မှားကြခြင်းပင် ဖြစ်ပါ၏။ ကျောင်းဆရာ တစ်ယောက်ကို စာတစ်ခုတည်း သင်တတ်သည် ဟု ထင်လျှင် မှားပါလိမ့်မည်။

လူတစ်ယောက် Knowledge ကို စတင် ဆည်းပူးသည် မှာ "အူဝဲ" ဆိုသော ငိုတတ်ချိန်က စပါသည် ။ နို့ဆာလျှင် ငိုရကောင်းမှန်းစတင်ဆည်းပူးရပါသည် ။ ပြီးတော့ စကားသင်၊ လမ်းလျှောက်သင် စသဖြင့် မရေမတွက်နိုင်သော သုတမှတ်တိုင်တို့ ကို ဖြတ်သန်းရပါသည် ။

အသက် ၄၀ လောက် M.B.B.S တစ်ယောက်ကို ဆေးတစ်ခုတည်းကုတတ်သည် ဟု ထင်လျှင် မှားမည်။ သူ ဘယ်လောက် ကျယ်ကျယ်ပြန့်ပြန့် တတ်သလဲ ဘယ်သူမှ မသိနိုင်ပါ။

Knowledge Application နှင့် Knowledge Management ကွာခြားတာကတော့ Knowledge Application က တတ်တာ တစ်ခုကို ရိုးရိုးအသုံးချလိုက်တာပါ။ Knowledge Management ကတော့ တတ်တာတွေ အများကြီးပါ။ ဘယ် Knowledge ကို ထုတ်သုံးရမလဲ၊ ဒီနေရာမှာ ဘာထုတ်သုံးရမလဲ ဆိုတာ သိတာပါ။ စကားပုံတစ်ခု ရှိပါသည် ။ အတတ်လွန်တော့ သုံးမရ (Too much knowledge makes a person fool) ဆိုတာက Knowledge Management မတတ်သူတွေအတွက် မှန်ကောင်းမှန်ပါမည်။

ကျွန်တော်တွင် မိတ်ဆွေဆရာဝန်မ တစ်ဦးရှိရာ သူ၏ ပညာအရည်အချင်းက ရန်ကုန်မှ M.B.B.S အောင်ပြီး ဟားဗက်တက္ကသိုလ်မှ ပညာရေး အထူးပြုဖြင့် MPAခေါ် ပြည်သူ့ရေးရာစီမံခန့်ခွဲမှု မဟာဘွဲ့ ရခဲ့ပါသည် ။

သူနှင့် ကျွန်တော် တစ်ချိန်က ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) Projec

t မှာ အတူတူအလုပ်လုပ်ဖူးသည် ။ အဲ့ဒီတုန်းကကျန်းမာရေးကိစ္စ လုပ်ရတော့ ကျွန်တော်တို့ ၏ M.B.B.S Knowledge ကို Apply လုပ်ခဲ့ရပါသည် ။

Project ပြီးသွားတော့ သူက UNICEF Education ဌာနမှာ အလုပ်လုပ်ရပါသည် ။ ဒါကျတော့ သူ၏ M.P.A (Education)(Harvard) ကို Apply လုပ်ရပြန်ပါသည် ။ Education ဌာနမှာ အလုပ်လုပ်တော့ M.B.B.S Knowledge ကို သိမ်းဆည်းခြင်း (Archive) လုပ်ရပါသည် ။ Not apply ဆိုတာနှင့် Archive ဆိုတာမတူပါ။ Not apply ဆိုတာ အသုံးမချတာ ။ Archive ဆိုတာ လိုတဲ့ အခါသုံးဖို့ သိမ်းထားတာပါ။ ဘယ်အခါ Apply လုပ်ပြီး ဘယ်အခါ Archive လုပ်မလဲ စီမံခန့်ခွဲတာက Management ပါ။

ဒီနေရာမှာ အဲ့ဒီဆရာဝန်မနှင့် ပတ်သက်၍ မေးစရာတစ်ခုရှိပါသည် ။ Educationနှင့် MPA ယူမယ့် အတူတူ မူလတုန်းက ပညာရေးဘွဲ့ B.Ed ဘာလို့ မတက်လဲ မေးနိုင်ပါသည် ။

ဖွံ့ဖြိုးပြီး နိုင်ငံတွေမှာ ဝါသနာပါသော ပညာ ဝါသနာပါသော အလုပ်ကို လုပ်လို့ ရသည် ။ ဖွံ့ဖြိုးဆဲနိုင်ငံမှာ တော့ မရပါ။ ဥပမာ- ကဗျာစပ်တာ ဝါသနာပါ၍ အမြဲတမ်း ကဗျာစပ်နေလျှင် ဘယ်သူက လာပြီး ထမင်းကျွေးမလဲ။ ဝါသနာပါသော အလုပ်ဆိုတာ ထမင်းစားဖို့ မပူရသည့် လူတွေအတွက်ဆိုလျှင် မှန်ပါမည်။ဖွံ့ဖြိုးဆဲ နိုင်ငံတွေမှာ တော့ ဘယ်ပညာရပ်က မိမိကိုအရင် ထမင်းကျွေးမလဲ ဆိုတာ တွက်ချက်ရပါသည် ။

လောကမှာ မကျင့်အပ်တဲ့ တရားပဲ ရှိသည် ။ မသင်အပ်သောပညာ မရှိဟု ဆိုပါသည် ။ ဘယ်ပညာမဆို အခွင့်အရေးရလျှင် လေ့လာလိုက်စားထားသည် ကတော့ ဗဟု သုတ စုဆောင်းခြင်း (Knowledge gathering) ပဲ ဖြစ်ပါသည် ။ များများ စုဆောင်းထားလေလေ အသုံးချဖို့ အခွင့်

အလမ်း များ လေလေ ဖြစ်ပါ၏။

ပညာရှင် ဂျက်ဝဲလ်ချ်က Management ကို အဓိပ္ပာယ်ဖွင့်ရာ၌ ပက တိ အရှိတရားကို ရင်ဆိုင်ခြင်း (Facing reality) ဟု ဆိုပါ၏။

ဒါကြောင့် ပြောင်းလဲလာသော ခေတ်တစ်ခေတ်၏ မျက်မှောက်အခြေအနေတစ်ခုကို အလိုက်သင့်၊ အလျားသင့် ရင်ဆိုင်ရ တာမျိုးလည်း ရှိပါသည် ။ တစ်ခါတစ်လေကျတော့လည်း တတ်တာတွေ အများကြီးကို တစ်ခုချင်း ထုတ်သုံးရတာမျိုး ရှိသည် ။ ဥပမာ-လူတစ် ယောက်သည် ထီးပြင်သောအတတ်၊ ဆိုက်ကားနင်းသောအတတ်၊ ရေစ ည်လှည်းတွန်းသော အတတ်ကို တတ်သည် ဆိုပါစို့။ မိုးတွင်းအခါ ထီးပြ င်၊နွေအခါ ရေစည်လှည်းတွန်း၊ ဆောင်းအခါ ဆိုက်ကားနင်းရပါသည် ။ တစ်ခါတစ်လေကျတော့လည်း တတ်တာလေးတစ်ခုတည်းကို အချိန်အ ခါ မျိုးစုံမှာ အသုံးချပြနေတာလည်း ရှိပါသည် ။

ကျွန်တော် တတ်ခဲ့ဖူးသော တစ်ကြောင်းတည်းသော စာ၊ တစ်ခွန်း တည်းသော စကားတစ်ခုကို အမျိုးမျိုး အသုံးချခဲ့ရပုံမှာ လည်း Knowled ge Management ပါ။

အခွင့်အလမ်းဂျာနယ် (၇-၇-၂၀၀၉)

*

## သိတာလေးတစ်ခုတည်းကို အမျိုးမျိုး အသုံးချခြင်း သို့မဟုတ် Knowledge Management အကြောင်း

ကျွန်တော့်မှာ ဗဟု သုတ အသိကလေးတစ်ခု ရှိခဲ့ပါတယ်။ အဲ့ဒီအသိလေးက စာဖြင့် ရေးပြရလျှင် တစ်ကြောင်းတည်းပါ။ ဘာလည်း ဆိုတော ၃ "လူတစ်ယောက်ကို ကောင်းမွန်တဲ့ အမူအကျင့်တွေဖြစ်လာစေချင်ရင် အဲဒီလူ မူလတန်းဘ၀ကတည်းက ကောင်းသော အမူအကျင့်တွေ ရှိအောင် လေ့ကျင့်တည်ဆောက်ပေးရမယ်" ဆိုတာပါ။

အဲဒါလေးတစ်ခုတည်းတတ်သော ကျွန်တော်သည် အဲဒါလေး တစ်ခုတည်းကို ကိစ္စတော်တော်များများမှာ အသုံးချနိုင်အောင် စီမံခဲ့ရဖူးပါ၏။

တစ်ချိန်တုန်းက ကျွန်တော် စီမံကိန်းတစ်ခုမှာ အမှုထမ်းဖူးသည် ။ အဲဒီမှာ မျက်နှာဖြူ အကြံပေးအရာရှိ မစ္စတာအိုဝင် ဆိုတာနှင့် တွေ့ခဲ့ရဖူးသည် ။ သူက ကျွန်တော်ကို ပြောသည် ။ ရောဂါတွေကို ကာကွယ်ရာမှာ ကျွန်တော့်မိတ်ဆွေ အိုဝင် ဆိုသော နိုင်ငံခြားသားတစ်ယောက်က ပြောဖူးသည် ကတော့ အသိပညာ (Knowledge) ပေးရုံနှင့် မရ။ အမူအကျင့် ပြောင်းလဲတဲ့ အထိ လုပ်ပေးရမည်။ ဥပမာ- အဆုတ်ကင်ဆာ တိုက်ဖျက်ရေးလုပ်လျှင် ဆေးလိပ် မကောင်းကြောင်း ပြောရုံနှင့် မရ။ ဆေးလိပ်ပြတ်အောင် လုပ်နိုင်ရမည်တဲ့ ။

ဟုတ်သားပဲ။ ဆရာဝန်တစ်ယောက်သည် မိမိလူနာကို ဆေးလိပ်ဖြ

တ်ဖို့ ပြောရတာ လွယ်သည် ။ ဆေးလိပ်ပြတ်အောင် လုပ်ရတာ ခက်သည် ။ ဒီတော့ ကျွန်တော်က အိုဝင်ကို မေးသည် ။ အမူအကျင့် ပြောင်းလဲအောင် ဘယ်လိုလုပ်ရမလဲ (How to do to obtain behavior change) ဟု ဆိုတော့ အိုဝင် ဖြေသည် ။

If we went to change behavior of community, entry point to commute is primary school children လို့ ဆိုပါသည် ။လူထု၏ အမူအကျင့်ကို တိုးတက်စေချင်လျှင် မူလတန်း ကျောင်းသားလေးတွေက စတင်ဆောင်ရွက်ရမည်ဟု ဆိုပါသည် ။ ကလေးတွေကို ကောင်းသော အမူအကျင့် တည်ဆောက်ရတာ လွယ်သည် ။ လူကြီးဆိုလျှင် ခက်ပြီ။ အဲဒီ အသိလေးကို ကျွန်တော် အိုဝင်ဆီက ရလိုက်ပါသည် ။

သည် လိုနှင့် နောက်နှစ်နှစ်လောက်ကြာတော့ ကျွန်တော်က အမျိုးသားစီမံကိန်း အရာရှိအဖြစ် ကုလသမဂ္ဂ ဖွံ့ဖြိုးမှု အစီအစဉ်၏ စီမံကိန်း နောက်တစ်ခုမှာ ပဲ တာဝန်ထမ်းဆောင်ရပါသည် ။အဲဒီတော့ ကျန်းမာရေး စီမံကိန်းအပြင် ရေကောင်းရေသန့် စီမံကိန်း၊ ပညာရေး စီမံကိန်း၊ သစ်တောစီမံကိန်း အစရှိသဖြင့် စီမံကိန်းခုနှစ်ခုအကြား ဆက်သွယ်ညှိနှိုင်း ဆောင်ရွက်ရပါသည် ။ တာဝန်ထမ်းဆောင်ရသော နေရာက ရှမ်းပြည်နယ်တောင်ပိုင်း အင်းလေးဒေသပါ။

တစ်နေ့တော့ သစ်တောစီမံကိန်းက ကျွန်တော့်အား ဖိတ်စာတစ်စောင် ပေးသည် ။ ဖိတ်စာကတော့ အင်းလေးဒေသ သစ်တောများ ထိန်းသိမ်းရေးအတွက် Planning Meeting ဖြစ်ပါသည် ။ ကျွန်တော်လည်း သစ်တောဘာသာရပ် (Forestry) နှင့် ပတ်သက်၍ ဘာမှ မတတ်ဘဲနဲ့ တောင်ကြီးဟော်တယ်မှာ ပြုလုပ်သော သစ်တောအစည်းအဝေးကို သွားတက်ရပါသည် ။ အစည်းအဝေးရောက်တော့ မြန်မာသစ်တောအ

ရာရှိတွေအပြင် ထိုင်းနိုင်ငံ ဘန်ကောက်မှာ ရုံးထိုင်သော ဂျပန်နိုင်ငံသား ဒေါက်တာကာစီယို ဆိုတာ လာတက်တာတွေ့ရပါသည် ။ သူက သစ်တောသိပ္ပံ ဘာသာရပ်ဖြင့် Ph.D ဘွဲ့ရပြီး ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့၏ အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူးပါ။

ဒေါက်တာ ကာစီယိုက အစည်းအဝေး တက်သူ စာရင်းမှာ ဒေါက်တာထွန်းဝင်း ဆိုတာ တွေ့တော့ ဘာဒေါက်တာလဲဟု စူးစမ်းရာ ကျွန်တော်က Doctorate တစ်ယောက်၊ Ph.D တစ်ယောက် မဟုတ်။Medical Doctor ဖြစ်တာ တွေ့သည် ။ သစ်တော အရာရှိတွေကြားထဲ ကန့်လန့်ကန့်လန့် ပါနေသော ဆရာဝန်တစ်ယောက်ကို ဒေါက်တာကာစီယိုက ပစ်ပယ်မထားပါ။ အရေးတယူ လာနှုတ်ဆက်ပြီး သူ့ထိုင်ခုံဘေးမှာ ထိုင်စေပါတယ်။ အဖွဲ့ငယ်လေးတွေဖွဲ့ပြီး ဆွေးနွေးရတော့ ကျွန်တော်က ဒေါက်တာကာစီယိုနှင့် အဖွဲ့တစ်ဖွဲ့တည်း ဆွေးနွေးရသည် ။ ကျွန်တော့်ကိုလည်း ဒေါက်တာကာစီယိုက သူ့ကို အကြံပေးဖို့ ဖိတ်ပါသည် ။

ခက်တာက ကျွန်တော်က ဘာမှ မတတ်။ ဒေါက်တာကာစီယိုက သစ်တောဘာသာကို တက်မှ တတ်တာ မဟုတ်ပါဘူး။ မည်သူမဆို အရည်အသွေးဆိုတာ ကိုယ်စီ ရှိပါတယ် ပြော၍ ကျွန်တော်လည်း ဖျစ်ညှစ်ပြီး အကြံထုတ်ရပါသည် ။ ကျွန်တော် တတ်တာ တစ်ခုတည်းက အိုးဝင်သင်ပေးလိုက်သော "အမူအကျင့် တိုးတက်စေချင်လျှင် မူလတန်းကလေးကတည်းက ဆောင်ရွက်ပါ" ဆိုတာ ဖြစ်သည် ။ ဒီတော့ကျွန်တော်ပြောသည် ။

"ကာစီယိုရေ.... တကယ်တော့ သစ်တောဖွံ့ဖြိုးမှု ဆိုတာသစ်ပင်တွေတိုးတက်လာတာ မဟုတ်ဘူး ၊ သစ်တောဘေးမှာ ရှိတဲ့ ရွာတွေကလူသားတွေက ဒါ ငါတို့ နိုင်ငံရဲ့ သစ်တော၊ ငါတို့ ဥစ္စာ၊ ငါတို့ ထိန်းသိမ်းမ

ယ် ဆိုပြီး တရားမဝင် ထင်ခုတ်တဲ့ အမှုအကျင့် ပပျောက်ပြီး သစ်တော တိုးတက်ရေးကို ပူးပေါင်းဆောင်ရွက်တဲ့ ခံယူချက်တွေ တိုးတက်မှ တကယ့် "Foresty Development" လို့ ဆိုချင်တယ်"

ဒေါက်တာ ကာစီယိုက ခေါင်းညိတ်၍ "ဟုတ်တာပေါ့၊ ဆက်ပြောပါ" ဆိုတော့ ကျွန်တော်က-

"လူကြီးတွေကိုတော့ သစ်တောကို စောင့်ရှောက်ပါဆိုရင် သူတို့ က စိတ်ဝင်စားချင်မှ စိတ်ဝင်စားမယ်။ ကလေးတွေကို သစ်တော၊ သစ်ပင်ရဲ့ အသုံးဝင်ပုံကို ပြောပြပြီး သစ်ပင် ချစ်တဲ့ စိတ်ဖြစ်လာအောင် ပျိုးထောင်ရမယ်။ မူလတန်းကျောင်းတွေမှာ ပန်းခြံ၊ ပျိုးခင်းတွေလုပ်ပေးပြီး ကလေးတွေကို သစ်ပင် ထိန်းသိမ်းတဲ့ စရိုက်ဖြစ်အောင် ပျိုးထောင်ပါ" လို့ ပြောတော့ ကာစီယိုက Good Idea လို့ ဆိုပါတယ်။ ဒါနဲ့ ပေါ့ဗျာ။ အင်းလေးကန်အနီး မူလတန်းကျောင်းတွေမှာ ပန်းခြံလုပ်ဖို့ ပျိုးပင်တွေ ဝေငှဖို့ ဒေါက်တာကာစီယိုက ကမ္ဘာ့စားနပ်ရိက္ခာ အဖွဲ့ထဲက ဘတ်ဂျက် ချပေးပါသည် ။ အဲဒါ သစ်တောအကြောင်း နားမလည်သော ကျွန်တော်၏ သစ်တောဆိုင်ရာ အကြံပြုချက်ပါ။အဲဒါ အိုဝင် ပြောဖူးသော စကားကို အသုံးချလိုက်တာပါ။

ဒီလိုနှင့် နောက်ခြောက်လ ကြာတော့ ပညာရေးစီမံကိန်းက ကျွန်တော့်ကို ဖိတ်စာတစ်စောင် ပေးပြန်တယ်။ ကုလသမဂ္ဂအစီအစဉ်နှင့် ဆောင်ရွက်သော ပညာရေးစီမံကိန်းက တည်ဆောက်သော မူလတန်းကျောင်းဆောင်သစ် တစ်ခုကို ပညာရေးဌာနသို့ လွှဲအပ်သော အခမ်းအနားသို့ တက်ရောက်ရန်တဲ့ ။ ဒါနှင့် ကျွန်တော် သွားတက်တော့ အဲဒီမှာ ပညာရေးအရာရှိ တော်တော်များများ နှင့် ဆရာ၊ ဆရာမတွေ စုံစုံညီညီပါပဲ။ကျွန်တော့်ကို အဲဒီအခမ်းအနားမှာ အမှာ စကားပြောပါဆိုပြီး အခ

မ်းအနားစိစဉ်မှာ ထည့်ထားသည် ။ ခက်တာက ကျွန်တော်က B.Ed မဟုတ်သလို M.Ed လည်း မဟုတ်။ ပညာရေး သဘောတရားဘာမှ သိပ်သိတာမဟုတ်။ ဒီတော့ ဖျစ်ညှစ်အကြံထုတ်ရတော့သည် ။ ဒီမှာ တင် ကျေးဇူးရှင် အိုဝင်ပြောခဲ့သော စကားလေးက ခေါင်းထဲ ဝင်လာတယ်။ "အမူအကျင့် တိုးတက်စေချင်ရင် ကလေးနဲ့ စတင်ဆောင်ရွက်ပါ" ဆိုတာပင်။ ဒီတော့ ကျွန်တော်က အမှာ စကားပြောရတော့သည် ။

"တကယ်တော့ ဒီလို မူလတန်းကျောင်းလေးတွေဟာ စာသင်ရုံသက်သက် မဟုတ်ပါဘူး။ ကလေးတွေရဲ့ စာရိတ္တ၊ ခံယူချက်၊ အမူအကျင့် စရိုက်တွေကို လိုသလို ပုံသွင်းနိုင်တဲ့ နေရာပါ။ စာရိတ္တ ပြုပြင်ဖို့ ကလေးလောက် မလွယ်ဘူး။ ဒါကြောင့် မူလတန်းကျောင်းရဲ့ တန်ဖိုးဟာ ကြီးလှတယ်။" ဟု ပြောခဲ့သည် ။ အခမ်းအနား ပြီးတော့ မူလတန်းဆရာမလေးတစ်ယောက် ကျွန်တော့်ကို ကျေးဇူးတင်ကြောင်း လာနှုတ်ဆက်ပါသည် ။ သူက-

"ကျေးဇူးတင်ပါတယ် ဆရာ။ ကျွန်မတို့ က အရင်က သင်ကြားရေးမှာ ပဲ အာရုံပိုများ တယ်။ အမူအကျင့်ကို ပုံသွင်းဖို့ အမှတ်တမဲ့ပဲ။ ဆရာပြောလို့ ကျွန်မတို့ အတွက် အသိတစ်ခု၊ သတိတစ်ခု ပေးသလိုပါပဲ။ ဆရာက စာတွေ အများကြီး ဖတ်ထားတာကိုး" တဲ့ ။

ကျွန်တော် စိတ်ထဲကနေ ပြန်ပြောမိသည် ။ စိတ်ထဲကပါ။ "ကျွန်တော် ဘာစာမှ သိပ်မဖတ်ပါ ဘူး။ ကျွန်တော် တတ်တာလည်း အဲဒါလေး တစ်ခုတည်းပါ ဆရာမရေ" ဟူ၍ ရယ်ပါ။ အဲဒါက အိုဝင် ပြောခဲ့သောစကားကို Apply လုပ်တာပါ။

ကုလသမဂ္ဂ စီမံကိန်း ပြီးခါနီးတော့ ဂျပန်နိုင်ငံက ကလေးကျန်းမာရေး အဖွဲ့တစ်ဖွဲ့ ရန်ကုန် မှာ ရုံးလာဖွင့်ပါတယ်။ အမျိုးသားရေးစီမံကိန်

ညှိနှိုင်းရေးမှူး နေရာအတွက် အဲဒီအဖွဲ့က အလုပ်ခေါ်၍ ကျွန်တော်လျှောက်လိုက်တယ်။ ဒါနှင့် မြန်မာနိုင်ငံမှာ ဌာနေ ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်မည့် အရာရှိ Mr.Miho Wada (မမမိဟို) က ကျွန်တော့်အား ဖိတ်၍ အင်တာဗျူးပါ တယ်။ သူက "ဟယ်လို ကျွန်မက မိဟိုဝါဒပါ။ ဂျပန်ပြည် အိုဆာကာမြို့ကပါ။ တွေ့ရတာ ဝမ်းသာပါတယ်" ဟု နှုတ်ဆက်ရာ ကျွန်တော်ကလည်း "ဟုတ်ကဲ့ ကျွန်တော်ကလည်း ဝမ်းသာပါတယ်။ ကျွန်တော်က ထွန်းဝင်းပါ" ဟု နှုတ်ဆက်ပါသည် ။ သူက နည်းပညာဆိုင်ရာ မေးခွန်းတွေနှင့် အင်တာဗျူးတာ နှစ်နာရီလောက် ကြာပါသည် ။ အင်တာဗျူးပြီးခါနီးတော့ စကားတစ်ခွန်းမေးသည် ။

"ကျွန်မ တစ်ခုမေးပါရစေ ဒေါက်တာ။ ကျွန်မတို့ ရဲ့ ကလေးကျန်းမာရေးစီမံကိန်းမှာ ဘာကြောင့် အလုပ်လုပ်ချင်ပါသလဲ" တဲ့ ။ ကျွန်တော်ကျေးဇူးရှင် အိုဝင်သင်ပေးထားသည့် တစ်ခုတည်းသော Knowledge လေးကို အသုံးချပြီး ဒီလိုဖြေရသည် ။

"ဒီလိုပါ မမိဟိုရေ၊ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးရေးအတွက် အချို့က ကျန်းမာရေးက အရေးကြီးတယ်။ အချို့က ပညာရေး၊ အချို့က စိုက်ပျိုးရေး အရေးကြီးတယ် စသဖြင့် အသီးသီး ယူဆကြတယ်။ ကျွန်တော့် အယူအဆကတော့ တစ်မျိုးပါ"

မိဟိုက-

"ဟုတ်ကဲ့ ဆက်ပြောပါ" ဟု ပြောတော့ ကျွန်တော်က

"တကယ်တော့ နိုင်ငံအတွက် အရေးကြီးတာဟာနိုင်ငံသားတွေရဲ့ စာရိတ္တ၊ စရိုက်၊ အမူအကျင့် ခံယူချက်တွေပါ။ အဲဒါတွေကို ကလေးတွေနဲ့ သာ တည်ဆောက်နိုင်တယ်။ ဒါကြောင့် ကလေးနဲ့ လုပ်ရတဲ့ အလုပ်

တစ်ခုမှာ ကျွန်တော် လုပ်ချင်ပါတယ်" လို့ ပြောလိုက်ပါတယ်။

အဲဒီစကားနဲ့ ပဲ ကျွန်တော်က ဂျပန် NGO မှာ အမျိုးသားစီမံကိန်း ညှိနှိုင်းရေးမှူး ဖြစ်လာပါ တယ်။ ကျွန်တော် တတ်တာလည်း အဲဒါလေး တစ်ခုတည်းရယ်ပါ။ တချို့လေး၊ ငါးတန်းလောက်ပဲ တတ်သူတွေ အောင်မြင်တဲ့ လုပ်ငန်းရှင်တွေ ဖြစ်နေကြတာဟာ Knowledge Management ကြောင့် ပါ။

ဒါတင်လားဆိုတော့ မပြီးသေးပါ။ တစ်နေ့တော့ ကျွန်တော့် သတင်းစာဖတ်နေတုန်း သတင်းစာထဲမှာ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း (ဗဟို) က ကြော်ငြာဖိတ်စာတစ်ခု ဖတ်ရပါသည် ။ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းက ထုတ်ဝေးမည် နှစ်ပတ်လည ် မဂ္ဂဇင်းအတွက်စာမူဖိတ်ခေါ်ကြော်ငြာပါသည် ။ သူတို့ ကမူကြိုကျောင်းတွေ တည်ဆောက်နေသည် ။

ဒါနှင့် ကျွန်တော်၏ ကလောင်ခွဲတစ်ခုဖြစ်သော "ကျင့်ဝတ်ဆရာဝန်" ဆိုသည့် ကလောင် ဖြင့် ကျွန်တော် ဆောင်းပါးတစ်ပုဒ်ကို စာတိုက်ကနေ ပို့လိုက်ပါသည် ။ ဆောင်းပါးအကြောင်းအရာ ကတော့ "နိုင်ငံသားတွေအတွက် ကောင်းသော အကျင့်၊ ကောင်းသာ စရိုက် တည်ဆောက်ရန်မှာ မူကြိုကလေး၊ မူလတန်းကလေးအရွယ်မှ စ၍ တည်ဆောက်ရန် အရေးကြီးကြောင်း၊ မူကြိုကလေး တွေသည် ပျိုးခင်းလေးတွေနှင့်တူကြောင်း၊ ပျိုးနာသွားလျှင် အရွယ်ရင့်မှ မြေသြဇာကျွေးလည်း မထိရောက်တော့ကြောင်း" ရေးသားလိုက်ပါသည် ။ နှစ်လလောက်ကြာတော့ မိခင်နှင့် ကလေးစောင့်ရှောက်အသင်းက ကျွန်တော့်စာမူကို ရွေးချယ်ပြီးမေတ္တာ လက်ဆောင် မဂ္ဂဇင်းတစ်အုပ်ရယ်၊ စာအိတ်ဖြင့် ထည့်ထားသည့် စာမူခရယ် လာပို့ပါသည် ။ ကျွန်တော်က စာမူခကို အိတ်ထဲ

ထည့်လိုက်ပြီး ကျေးဇူးရှင် အိုဝင်ကို တိုင်တည်လိုက်ပါသည် ။

"အိုဝင်ရေ... မင်းပြောလိုက်တဲ့ အသိလေး တစ်ခုတည်းနဲ့ ငါ ယနေ့အထိ အသုံးချပြီး Knowledge Management လုပ်နေရတယ် အိုဝင်ရေ၊ မင်းကို ငါ အမြဲကျေးဇူးတင်နေပါတယ်ကွာ" ဟု စိတ်ထဲက ပြောလိုက်ပါသည် ။

တတ်တဲ့ ပညာလေးတစ်ခုတည်းကို ကြံသလို အသုံးချနေရတာကို လည်း Knowledge Management ဆိုပါကြောင်း။

အခွင့်အလမ်း ဂျာနယ် (၂၈-၇-၂၀၀၉)

*

# ဗိုလ်ချုပ်အောင်ဆန်း ပြောပြခဲ့ဖူးသော ဘဝတက္ကသိုလ်အကြောင်း တစေ့တစောင်း

လွန်ခဲ့သော ရက်အနည်းငယ်က ကျွန်တော်ရေးသားသည့် လုံးချင်းစာအုပ်တစ်အုပ်ဖြစ် သော စွန့်ဦးတီထွင်သူ (Entrepreneur) တို့ ၏ စရိုက်များ အမည်ရှိ လုံးချင်းစာအုပ်တစ်အုပ်ကို ဖြန့်ချိခဲ့ပါတယ်။ ၎င်းစာအုပ်မှာ ကုန်သည် တစ်ဦးဖြစ်သည့် ကျွန်တော်၏ အဒေါ်တော်စပ်သူ ဒေါ်ရင်မေ (ယခု အသက် ၈၉ ခုနှစ်) အကြောင်း ထည့်သွင်းရေးသားခဲ့ပါသည် ။ အဲဒီမှာ ကျွန်တော့် ဒေါ်ဒေါ်၏ အသက် ၈၉၊ ပညာအရည်အချင်းကတော့ အင်္ဂလိပ်ခေတ်က ပထမတန်း (တစ်တန်း) အထိ ကျောင်းနေဖူးသည် ။ စာရေးတတ် ဖတ်တတ်ရုံပဲ ရှိပါသည် ဆိုပြီး ထည့်သွင်းရေးသားခဲ့ပါသည် ။

၎င်းနောက် ၎င်းစာအုပ်ကို ကျွန်တော်၏ အဒေါ် ဖတ်ရန် ကြို့ပင်ကောက်သို့ စာတိုက်မှ ပေး ပို့လိုက်ပါတယ်။ ကျွန်တော့် ဒေါ်ဒေါ်နှင့် ကျွန်တော် ဖုန်းအဆက်အသွယ်ပြတ်နေတာ ကြာပါပြီ။ သို့ သော် ကြို့ပင်ကောက်မြို့သည် ကျွန်တော့် ဖေဖေ၏ ဇာတိမြို့ဖြစ်၍ ၎င်းမြို့မှာ ကျွန်တော့်မိတ်ဆွေ များ စွာရှိ၍ ၎င်းတို့ နှင့် ဖုန်းအဆက်အသွယ်ရှိပါသည် ။ ဒါနှင့် ကြို့ပင်ကောက်က မိတ်ဆွေတစ်ဦး၏ ပြောပြချက်အရ တကယ်တော့ ကျွန်တော့် ဒေါ်ဒေါ်၏ ပညာအရည်အချင်းက လေးတန်းပါ။ ကျွန်တော်က ပထမတန်းအောင်ဆိုပြီး မှားရေးလိုက်တာပါ။

ငှင်းစာအုပ်ကို ဒေါ်ဒေါ်က ဖတ်ကြည့်ပြီး သူက လေးတန်းအောင်တာကို ကျွန်တော်က ပထမ တန်းအောင်ဆိုပြီး မှားရေးထားလို့ ပညာရေးနှင့် ပတ်သက်၍ သူ့သိက္ခာ နည်းနည်းကျဆင်းသည် ဆို ပြီး ပူညံ့ပူညံ လုပ်နေကြောင်း သိရပါသည် ။ ကျွန်တော်လည်း ပညာအရည်အချင်း မှားရေး သည့် ကိစ္စနှင့် ပတ်သက်၍ အဆူခံရမှာ စိုးကာ အသက် ၈၉ နှစ်ရှိ ဒေါ်ဒေါ်၏ ထံသို့ သာကြောင်းမာကြောင်း ဖုန်း မဆက်ရဲပါ။သို့သော် စာရေးဆရာတစ်ဦးပီပီ တစ်ခွန်းကြားရလျှင် ဆောင်းပါးတစ်ပုဒ်ဖြစ်ပေါ်တတ်သော သဘောရှိသောကြောင့် စာရေးရန် ကုန်ကြမ်းရသွားပြီး ဤဆောင်းပါးကို တင်ဆက်အပ်ပါသည် ။

တကယ်တော့ ကျွန်တော့်၏ ဒေါ်ဒေါ်အပါအဝင် အချို့သောသူများသည် အတန်းပညာ ကောင်းကောင်း မသင်ခဲ့ရပါ။ တက္ကသိုလ် ဘွဲ့နှင်းသဘင် ခန်းမကနေ ဘွဲ့ဝတ်စုံခြုံ၍ ဘွဲ့မယူခဲ့ရ ရှာပါ။ သို့သော် ဘဝတက္ကသိုလ်ကနေ ဘွဲ့ရကြပါသည် ။

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းပြောခဲ့သည့် စကားတစ်ခွန်းရှိပါသည် ။ အဲဒါက ဘာလဲဆိုရင် ကမ္ဘာကြီးသည် တက္ကသိုလ်ကြီးတစ်ခု ဖြစ်ပါသည် ။ လူတိုင်း လူတိုင်းသည် ကမ္ဘာကြီးဆိုသော တက္ကသိုလ်ကနေ ပညာတွေ အများကြီးသင်ယူနိုင်သည် ဟု ဆိုပါသည် ။

တရုတ်ပြည် အမျိုးသားခေါင်းဆောင်ကြီး မော်စီတုန်း၏ ပညာအရည်အချင်းမှာ စတုတ္ထ တန်းပဲဖြစ်ပါသည် ။ ဒါပေမဲ့ သူသည် တရုတ်ပြည်ကြီးကို ဦးဆောင်မှုပေးနိုင်ခဲ့တာက ဘဝတက္ကသိုလ်မှာ ပညာဆည်းပူးခဲ့လို့ ပဲ ဖြစ်ပါသည် ။

ကမ္ဘာ့ထိပ်တန်း Top Ten စာရင်းဝင် တက္ကသိုလ်ကြီးတွေဟာ က

မ္တာအရပ်အရပ်က ကျောင်းသားတွေကို ပညာသင်ပေးနိုင်တော့ သူတို့ရဲ့ ဆရာဟာ ဘယ်သူလဲ။

တစ်ခါက ကျွန်တော့်မိတ်ဆွေတစ်ဦးသည် ပညာသင်ဆုရသည့် အတွက် ဥရောပတက္ကသိုလ်တစ်ခု၌ M.Sc သင်တန်း နှစ်နှစ်တက်ရန် ထွက်ခွာသွားပါသည် ။ သုံးနှစ်လောက်ကြာတော့ ပျာပျာ ပျာပျာဖြင့် မြန်မာပြည်ကို ပြန်ရောက်လာပါသည် ။ ဘာလာလုပ်တာလဲ မေးတော့ M.Sc ဘွဲ့အတွက် ကျမ်းပြု (Thesis) ရေးရန် မြန်မာပြည် ကျေးရွာတွေကို ကွင်းဆင်းဖို့ လာတာဟု ဆိုပါသည် ။

တစ်ဖန် ကမ္ဘာ့ထိပ်တန်းတက္ကသိုလ်တစ်ခုမှာ Ph.D တက်နေသော အမျိုးသမီးတစ်ဦးလည်း မြန်မာပြည်ကို အူလျားဖားလျားပြန်ရောက်လာပါသည် ။ ဘာလာလုပ်တာလဲဆိုတော့ Ph.D Thesis ရေးဖို့ မြန်မာပြည် ကျေးရွာတွေကို ကွင်းဆင်းလေ့လာတာဟု ဆိုတယ်။ ဒီတော့ စဉ်းစားကြည့်ပါ။ ထိပ်တန်းတက္ကသိုလ်ကြီးတွေမှာ ဘာတွေလုပ်နေလဲဆိုတာ ဉာဏ်မျက်စိဖြင့် မြန်မာပြည်ကနေ လှမ်းကြည့်လျှင် ဒီလိုမြင်ရပါမည်။ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုမှာ Ph.D ကျောင်းသားက Ph.D ဘွဲ့ရဖို့ တက္ကသိုလ်ပါမောက္ခ ငါးယောက်လောက်ရှေ့မှာ စာတမ်းဖတ်ရပါမည်။ အဲဒါကို Thesis Defense ဟု ခေါ်တယ်။ အဲဒီအချိန်မှာ ပါမောက္ခ ငါးယောက်က ဘာမှ မတတ်ပါ။ (မှတ်ချက်။ ကျောင်းသားရဲ့ Thesis အကြောင်း မတတ်တာပါ။ ကျန်တာတော့ တတ်တာပေါ့)။ တတ်တဲ့ သူက ကျောင်းသားပါ။ ကျောင်းသာက ဖတ်ပြတော့ ခေါင်းတညိတ်ညိတ် လုပ်ပြီး တတ်ကုန်ကြပါသည် ။ ပြီးလျှင် ဟိုလိုလုပ်ရင် ပိုကောင်းမည်။ ဒီလိုလုပ်လျှင် နည်းနည်းပိုကောင်းမည်ဆိုပြီး နှမ်းဖြူးပြီး Ph.D ဘွဲ့ပေးလိုက်ပါသည် ။

စာတမ်းမှာ ပါသောအချက် (Data) တွေကို သူတို့ မော်ကွန်းတိုက်မှ

မှုပိုင်လုပ်လိုက်ပါ သည် ။ ဒီတော့ ဥပမာ- အာဖရိကကျောင်းသားဆီက ရသော Data တွေကို အာရှကျောင်းသားကို သင်ပေးလိုက်၊ ပြင်သစ် ကျောင်းသားထံကရသော Data တွေကို အီတလီ ကျောင်းသားကို သင် ပေးလိုက် လုပ်ပြီး တစ်ကမ္ဘာလုံးကို စာသင်နိုင်သည် ။ ဒီတော့ ဘာလဲဆို လျှင် သူတို့ သည် ကမ္ဘာ ကြီးဆိုသော တက္ကသိုလ်က ပညာဆည်းပူးတာ ပါ။

အဲဒါတွေကို စုပေါင်းကာ Case Study (အဖြစ်အပျက်များ လေ့လာခြ င်း) ဆိုပြီး ပြဋ္ဌာန်းစာ အုပ် (Text Book) တွေလည်း ရေးနိုင်ပါသည် ။

ဒီလို ရေးခြင်းသည် ထိပ်တန်းတက္ကသိုလ်ကြီးတွေကို အတင်းပြော တာ မဟုတ်ပါဘူး။ သူတို့ ၏ ကမ္ဘာကြီးပေါ်မှာ ပညာဆည်းပူးပုံကို ချီးမွ မ်း၍ အတုယူစရာကို ဖော်ပြတာသာဖြစ်ပါသည် ။

က မ္ဘာပေါ်မှာ ပညာဆည်းပူးကြတာချင်း အတူတူ သူတို့ က ဘာကြောင့် သူများ ထက် တစ်ကွက် သာရတာလဲဟု မေးစရာရှိပါသည် ။ သူတို့ က စနစ်ကျသည် ။ Data Management တော်သည် ။ ကြိုးစား သည် ။

ကျွန်တော့် ဖခင်၏ ညီမများ ဖြစ်သော ကျွန်တော့် ဒေါ်ဒေါ်များ ၏ ပ ညာအရည်အချင်းနှင့် ကျွန်တော့်မိခင်၏ ပညာအရည်အချင်းကို နှိုင်းယှ ဉ်ပြပါမည်။

အမည် ကျွန်တော်နှင့် တော်စပ်ပုံ ပညာအရည်အချင်း ကျောင်းထွက် ရသောအကြောင်း

ဒေါ်ရင်ရင်မြင့် မိခင် ၁၀ တန်း ဆယ်တန်းသုံးခါကျ၍

ဒေါ်ရင်မေ အဒေါ် ၄ တန်း ဈေးရောင်းရန်

ဒေါ်ရင်သန်း အဒေါ် ၄ တန်း ဈေးရောင်းရန်

ဒေါ်ရင်မြင့် အဒေါ် ၆ တန်း ဈေးရောင်းရန်

ဒေါ်ရင်စီ အဒေါ် ၆တန်း ဈေးရောင်းရန်

ကျွန်တော်၏ အဒေါ်များ သည် အလယ်တန်းအထိသာ ပညာသင်ဖူးသော်လည်း ညံ့လို့ ကျောင်းထွက်ရတာမဟုတ်။ အင်္ဂလိပ်ခေတ်က သူတို့၏ အစ်ကိုကြီး ကျွန်တော့်ဖေဖေကို တက္ကသိုလ် ပို့၍ ကျောင်းစရိတ်ရှာဖို့ ဈေးရောင်းရန် ကျောင်းထွက်ရတာဖြစ်ပါသည် ။

ကျွန်တော်၏ မိခင်ကတော့ အင်္ဂလိပ်ခေတ်ကတည်းက ဘီစီအက်စ်ခေါ် အုပ်ချုပ်ရေး သင် တန်းဆင်းအရာရှိ သမီးဖြစ်၍ ပြည့်ပြည့်စုံစုံနေခဲ့ရသည် ။ ဒီတော စာမကြိုးစားပါ။ ပေါ့ဆခဲ့သည် ။ ဒါ ကြောင့် လည်း သူ့ကို ကျူရှင်ဆရာ ကောင်းကောင်း နှင့် အင်္ဂလိပ်ခေတ်မှာ စာသင်ခဲ့သော်လည်း ဆယ် တန်းကို သုံးခါကျခဲ့ပါသည် ။

ကျွန်တော်၏ ဒေါ်ဒေါ်တွေကတော့ စာတော်ခဲ့သော်လည်း ကျောင်းထွက်ခဲ့ရသည် ။ ကျောင်းထွက်ပြီးနောက် ဘဝတက္ကသိုလ်မှာ ပညာဆက်ရှာကြပါသည် ။ ဒီတော့ သူတို့ ဟာ ထူးချွန်သည့် ကုန်သည် ကြီးတွေဖြစ်လာကြပါသည် ။

ကျွန်တော့် အဒေါ်များ ၏ ဘဝတက္ကသိုလ်ရသော အရည်အချင်းများကတော့ ကြိုးစားခြင်း၊ တီထွင်ခြင်း။ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းရှိခြင်း၊ ဖြတ်ထိုးဉာဏ်ရှိခြင်း၊ စီမံခန့်ခွဲနိုင်ခြင်း စသည် တို့ ဖြစ်ပါသည် ။ ဒါကြောင့် ဘဝတက္ကသိုလ်တွေက သင်ပေးသော ဘဝအတွေ့အကြုံ ဆိုသည် မှာ စာ သင်တက္ကသိုလ်တွေက ပေးသောဘွဲ့ထက် ပိုပြီး ဘဝနှင့် အံဝင်သည် ဟု ထင်ပါသည် ။

စာသင်တက္ကသိုလ်ကနေ ဘွဲ့လက်မှတ်မရပေမယ့် ဘဝတက္ကသိုလ်တွေကနေ အောင်မြင် သော ပုဂ္ဂိုလ်တွေကို အထင်သေးလို့ မရပါဘူးဟု ဆိုချင်ပါသည် ။

ဒီဆောင်းပါးဖြင့် ဘဝတက္ကသိုလ်မှ နေ၍ ဂုဏ်ထူးဖြင့် အောင်သည့် ကျွန်တော့်ဒေါ်ဒေါ်များကိုဂုဏ်ပြုအပ်ပါတယ်။ ဘဝတက္ကသိုလ်က စာမေးပွဲအောင်လာသောကြောင့် ဘဝ၏ ကြမ်းတမ်းသော အခက်အခဲ စိန်ခေါ်မှုတွေကို အန်တုကျော်လွှားနိုင်ခြင်းပါ။ ဘဝတက္ကသိုလ်က စာမေးပွဲအောင်သည့် အခြားမည်သူ့ကိုမဆို ဂုဏ်ပြုအပ်ပါသည် ။

ယနေ့ လူငယ်တော်တော်များများ သည် စာသင်တက္ကသိုလ်ကနေ ဘွဲ့လက်မှတ်တွေ ရပြီး အလုပ်မရဘဲ ယောင်ချာချာဖြစ်နေကြပါတယ်။ ဘာကြောင့် လဲဆိုလျှင် ဘဝတက္ကသိုလ်မှာ မလေ့လာရ သေး၍ ပါ။

လောကကြီးကို ရင်ဆိုင်ပါ။ ဘဝတက္ကသိုလ်မှာ ဆက်တက်ပါ။ ရိုးသား၊ ကြိုးစားမှု အပြည့်ဖြင့် ဆူးခင်းသော ဘဝလမ်းမှာ ရဲရဲလျှောက်ပါဟု အကြံပြုချင်ပါကြောင်း။

HOT NEWS Journal (2-8 Aug 2012)

*

## အဝေးသင်တက္ကသိုလ်တို့ ၏ အရည်အသွေး သို့မဟုတ် မုဆိုးကို စိုင်သင်လိမ့်မည်

ကျွန်တော်သည် လွန်ခဲ့သော ရက်အနည်းငယ်ခန့်က မြန်မာပို့စ်ဂျာနယ် (12, September 2011) နေ့ထုတ်ကို ဖတ်ကြည့်နေစဉ် ဆောင်းပါးရှင အောင်အောင် (IR) ၏ အဝေးသင်ဘွဲ့ရများ အနိမ်ခံဘဝရောက်နေပြီလား ဟူသောခေါင်းစဉ်ဖြင့် ဆောင်းပါးကို ဖတ်ရှုရပါသည်။ တချို့ ဌာနဆိုင်ရာတွေက အဝေးသင်တက္ကသိုလ်ဘွဲ့ရများကို ဝန်ထမ်းအဖြစ် လက်မခံလိုကြောင်း ဆောင်းပါးရှင်က ဆိုပါသည်။ ပထမဘွဲ့ကို အဝေးသင်စနစ်ဖြင့် ဘွဲ့ရပြီးနောက် ဘွဲ့လွန်၊ မဟာဘွဲ့လွန် နှစ်ခုကို နိုင်ငံခြားသို့ သွားတက်ပြီး အောင်မြင်လာသူကိုပင် မူလဘွဲ့က အဝေးသင်ဘွဲ့ဖြစ်၍ လက်မခံလိုကြောင်း ဆောင်းပါးရှင်က ဆိုပါသည်။

သို့ပါ၍ အဝေးသင်တက္ကသိုလ်တို့ ၏ အရည်အသွေးဆိုတာနှင့် ပတ်သက်ပြီး ရှုထောင့် တစ်နေရာကနေ၍ တင်ပြလိုပါသည်။ ဤသို့ တင်ပြမှုကြောင့် ကျောင်းသား လူငယ်များ သည် မိမိတို့ မည်သည့် တက္ကသိုလ်က ဘွဲ့ရသည် ဖြစ်စေ၊ မိမိတို့ ရှေ့ဆက်ဘာလုပ်ရမည်ကို စဉ်းစားရာ၌ အုတ်တစ်ချပ် သဲတစ်ပွင့်သဖွယ် အထောက်အကူပြုလိမ့်မည်ဟု ယုံကြည်မိပါသည်။

ကမ္ဘာပေါ်တွင် အထင်ကြီးခံရဆုံး တက္ကသိုလ်ကြီးတွေကတော့ ထိပ်ဆုံး ၁၀ ခု စာရင်းဝင် ဟားဗတ်တက္ကသိုလ်၊ အောက်စဖို့ ဒ်တက္ကသိုလ်၊ ပ

ရင်စတန်တက္ကသိုလ် စသော တက္ကသိုလ်ကြီးများ ဖြစ်ကြပါသည် ။ သို့သော် ဟားဗာတ်တက္ကသိုလ်ကျောင်းဆင်း ကျောင်းသားတစ်ယောက်သည် သူတတ်ခဲ့သော ပညာအားလုံး ဟားဗာတ်တက္ကသိုလ်၏ သက်ဆိုင်ရာဌာနများ ပရဝုဏ်အတွင်းကသာ ရခဲ့သည် မဟုတ်။ ဥပမာ- ဟားဗတ်၏ စာသင်ခန်းများ ၊ ဝပ်ရှော့ အခန်းများ ၊ ဟားဗာတ်တက္ကသိုလ် စာကြည့်တိုက်၊ အင်တာနက်ခန်းများ ၊ လက်တွေ့ဌာနများ စသည် တို့ ကသာ ရခဲ့သည် မဟုတ်။ ဟားဗတ် တက္ကသိုလ် ပရဝုဏ်ခြံစည်းရိုးကိုကျော်လိုက်ပါက ဟားဗာတ်ထက် အဆပေါင်းထောင်သောင်းမက ကြီးမားကျယ်ပြန့်သော ကမ္ဘာမြေကြီးပေါ်က ပညာရှာစရာ၊ ဆည်းပူးစရာတွေကို တွေ့ရပါလိမ့်မည်။ တက္ကသိုလ် ပရဝုဏ်အတွင်းမှာ ဆည်းပူးပြီးနောက် ပရဝုဏ်၏ ဘောင်ကို ကျော်၍ ပြင်ပမှာ ဆက်လက်ဆည်းရပါမည်။ အဲဒါကတော့ ကမ္ဘာကြီးဆိုသော တက္ကသိုလ်မှာ ပညာဆက်လက် ဆည်းပူးခြင်းပဲ ဖြစ်ပါသည် ။

စာပေးစာယူ၊ အဝေးသင်တက္ကသိုလ်တွေက ဘွဲ့ရတွေလည်း ထို့အတူပင်ဖြစ်ပါသည် ။ မည် သည့် တက္ကသိုလ်ပင်ဖြစ်စေကာမူ ဘဝတစ်ခုအတွက် နည်းနည်းပဲ သင်ပေးလိုက်တာဖြစ်ပြီး ကမ္ဘာ ကြီးပေါ်၌ ဆက်လက်ပညာဆည်းပူးရမှာ က များများ ဖြစ်ပါသည် ။

လူသားအားလုံးအတွက် တူညီသော ဘုံတက္ကသိုလ်ကြီးတစ်ခုကတော့ ကမ္ဘာကြီးပဲဖြစ်ပြီး ကျောင်းလခလည်း ပေးရန်မလိုပါ။

**မုဆိုးကို စိုင်သင်တယ်ဆိုတာ ဘာလဲ။**

စိုင်ဆိုတာကတော့ သားကောင်ပါ။ မုဆိုးတို့ ၏ ဆရာသည် သားကောင်ပဲဖြစ်ပါသည် ။ ပညာ ရှာရာ ဌာနကတော့ အမဲလိုက်ရာ သစ်

တောပဲဖြစ်ပါသည် ။ မုဆိုးလုပ်ငန်း လုပ်ရင်း တဖြည်းဖြည်းနဲ့ သားကောင်တို့ ၏ အမူအကျင့်ကိုပါ သိပြီး တဖြည်းဖြည်း သားကောင်းလိုက်တာ ကျွမ်းကျင်လာပါ သည် ။

ဆိုလိုသည် မှာ အလုပ်လုပ်သော သူတို့ ၏ လုပ်ငန်းခွင်သည် အလုပ်သင်ပေးသော ကျောင်း ပင်ဖြစ်ပါသည် ။ အလုပ်နှင့် ထပ်တူအံဝင်အောင် သင်ပေးသော တက္ကသိုလ်တစ်ခုက ကမ္ဘာပေါ်တွင် ရှိရန် မလွယ်ပါ။ သို့သော် တက္ကသိုလ်ကြီးတွေ တကယ်ကောင်းလျှင် လုပ်ငန်းခွင်မှာ ဘယ်လို ပညာရှာရမလဲဆိုတာ သင်ပေးလိုက်နိုင်ပါသည် ။

## အင်္ဂလိပ်ကိုလိုနီခေတ်ကဘီအေအောင်ရင်ချက်ချင်းမြို့အုပ်လုပ်တတ်ပါသလား။

မြန်မာပြည်မှာ ဘီအေ၊ ဘီအက်စီ သင်တန်းများကို အင်္ဂလိပ်က အစပျိုးပေးခဲ့ပါသည် ။ သို့ သော်အင်္ဂလိပ်များ တည်ဆောက်ပေးခဲ့သော ဘီအေသင်တန်းသည် သင်တန်းပြီးပါက အင်္ဂလိပ် အုပ်ချုပ်ရေးယန္တရား၌ ချက်ချင်း မြို့အုပ်တာဝန် ထမ်းဆောင်ရန် မသင်ပေးနိုင်ပါ။ မြို့အုပ် လုပ်လိုသူများ သည် B.A အောင်ပြီးနောက် B.C.S သင်တန်းကို နှစ်နှစ်ခန့် တက်ရသည် ဟု ဆိုပါ၏။ B.C.S သင်တန်းကျောင်းရယ်လို့ တော့ လက်ညှိုးထိုးပြစရာမရှိ။ B.C.S သင်တန်းသားများကို ဥပမာ တိုင်းမင်းကြီးရုံး၌ သုံးလလုပ်အားပေးစေ၏။ ၎င်းနောက် စက်ရှင်တရားသူကြီးရုံး၌ သုံးလ ၊ သစ်တောမင်းကြီးရုံး၌ သုံးလ၊ ပညာမင်းကြီးရုံး၌ သုံးလစသဖြင့် လုပ်အားပေးစေပြီး နှစ်နှစ်ခန့် ဌာနစုံအောင် အလုပ်သင်လုပ်အားပေးပြီးနောက်မှ ကျေနပ်ဖွယ် ရှိပါမှ မြို့အုပ်ရာထူး ခန့်သည် ဆိုပါသည် ။ ဒီတော့ မြို့အုပ်တွေက B.A သင်တန်းပညာနဲ့ မြို့အုပ်လုပ်တာမဟုတ်ဘဲ လုပ်ငန်းခွင် သင်တန်းပညာနဲ့ မြို့အုပ်လုပ်တာသာဖြစ်ပါသည် ။ ဒီတော့

တက္ကသိုလ်တွေက ပညာစုံအောင် သင်မပေးဘဲ ကမ္ဘာကြီးဆိုသော တက္ကသိုလ်မှာ ဆက်လက် ပညာရှာကြရသည်။

ကျွန်တော့် ဇနီးသည် ၏ ပညာအရည်အချင်းမှာ ဘီအေ (မြန်မာ) (အဝေးသင်တက္ကသိုလ်) သာဖြစ်ပါသည်။ ဘီအေချင်းအတူတူ သူရသော ဘွဲ့ အင်္ဂလိပ်ခေတ်က မြို့အုပ်လောင်း B.A ဘွဲ့ လောက်တော့ ရှားရှားပါးပါး ဘွဲ့မဟုတ်တော့ပါ။ သို့သော် သာမန်လက်လုပ်လက်စား မိဘနှစ်ပါးက ပေါက်ဖွားလာသော ကျွန်တော့်ဇနီးသည် သူ့မိဘက ချို့ချို့ငဲ့ငဲ့ဖြင့် ကြိုးစား၍ ကျောင်းစရိတ် ပေးခဲ့သော အဝေးသင်ဘွဲ့လေးကို တန်ဖိုးထားသည်။ ဘွဲ့ဝတ်စုံနဲ့ ပုံလေးလည်း ခမ်းခမ်းနားနား ရိုက်ထားပါသည်။ သူ၏ ဘွဲ့ကို စာမဖွဲ့လိုပေမဲ့ စာဖွဲ့လိုတာ တစ်ခုကတော့ ရှိသည်။ ဘာလဲဆိုလျှင် B.A (အဝေးသင်) ဘွဲ့ပိုင်ရှင်သည် ကျွန်တော့်လို ဆရာဝန်စာရေးဆရာတစ်ယောက်အား အကြံပေး Advisor လုပ်နိုင်ခြင်းပဲ ဖြစ်ပါသည်။ ကျွန်တော်သည် နာမည်ကျော် ထိပ်တန်း ကလောင်ကြီးတစ်ချောင်း မဟုတ်သော်လည်း လုံးချင်း စာအုပ် ၁၈ အုပ်ခန့်၊ ဆောင်းပါးပုဒ်ရေ ၆၀၀ ကျော်၊ ကဗျာအပုဒ် ၂၀ ခန့်၊ ပုံပြင် ၁၀ ပုဒ်ခန့်ရေးပြီး ဖြစ်ရာ အတိုင်းအတာတစ်ခုအထိတော့ ပရိသတ်လက်ခံခဲ့သည် ဟု ဆိုလျှင် ထိုသို့အနေအထား ရောက်လာအောင် ဇနီးသည် ၏ အကြံပေးမှုသည် တစိတ်တစ်ဒေသပါဝင်သည်။ ထိုသို့ အကြံ ပေးနိုင် အောင် သူက B.A (အဝေးသင်) သင်တန်း၌ ဆည်းပူးတာမဟုတ်ဘဲ ကမ္ဘာကြီးဆိုသော တက္ကသိုလ်က ဆည်းပူးတာပါ။

ကျွန်တော်၏ ဇနီး ဆယ်နှစ်သမီးခန့်က ကျွန်တော့် ယောက္ခထီးသည် ဒုတိယဇနီးယူ၍ မယားနှစ်ယောက် စင်ပြိုင်ထားခဲ့ဖူးသည်။ ထိုအခါ ကျွန်တော်၏ ယောက္ခထီးနှင့် ယောက္ခမတို့ နေ့စဉ် ရန်ဖြစ်ကြရာ ကျွန်တော့် ဇနီးက ပွဲကြည့်ပရိသတ်ဖြစ်ပြီး မယားငယ် ယူသော ယောကျ်ားတို့

အကြောင်းကို သူ့ဖခင်ကို နမူနာယူ၍ လေ့လာခဲ့သည် ဟု ဆိုပါသည်။

ကျွန်တော်၏ ဇနီးသည် အရွယ်ရောက်လာသောအခါ အိမ်ထောင်ရှင်မ တော်တော်များ များ ၏ အိမ်ထောင်ရေးအတိုင်ပင်ခံ သုခမိန်တစ်ဦး ဖြစ်လာသည်။ တစ်လောက နိုင်ငံကျော် အဆို တော်ကြီး ဒေါ်မာမာအေး ရေးသော "ရင့်ဖွင့်ကြည့်ပါ သူငယ်ချင်း" လုံးချင်းစာအုပ်ကို ထုတ်ဝေသူ ထံက လက်ဆောင်ရခဲ့သည်။ ၎င်းစာအုပ်ကို ကျွန်တော့်ဇနီးက သေသေ ချာချာ ဖတ်ပါသည်။ မယားငယ် လိုချင်သော ယောကျ်ားတို့ ၏ စရိုက် ကို လေ့လာသည် ဟု ဆိုရာ မာမာအေး၏ လုံးချင်းသည် ကျွန်တော့်ဇနီး အတွက် ကမ္ဘာကြီးဆိုသော တက္ကသိုလ်ပင်ဖြစ်သည်။

တစ်ဖန် ဇနီးသည် က "သစ်သွေးနွေ (မြန်မာစာ)" ဟူသော ကလောင်အမြည်ဖြင့် ဝတ္ထုရေး ချင်သည် ဟု ဆို၏။ ကျွန်တော်က မင်းရေးတဲ့ ဝတ္ထုတွေကို မဂ္ဂဇင်းအယ်ဒီတာတွေက ရွေးသည် ဖြစ် စေ၊ မရွေးသည် ဖြစ်စေ ငါက လုံးချင်းဝတ္ထုထုတ်ပေးမယ်လို့ ပြောရာ ဘယ်လောက်ကံကောင်းပါသ လဲ။ သို့သော် ဇနီးသည် က ချက်ချင်းမရေးပါ။ ကျွန်တော့်အား စာရေးနည်းသင်ပေးပါဟု ဆိုရာ ကျွန်တော်က ဇနီးသည် အတွက် ကမ္ဘာကြီးဆိုသော တက္ကသိုလ်ဖြစ်ရမလို ဖြစ်နေပါ၏။ သို့သော် ကျွန်တော်ကိုယ်တိုင်က စာပေဘာသာရပ်နဲ့ တက္ကသိုလ်ဘွဲ့ရတစ်ဦးမဟုတ်သလို မည်သည့် စာရေးနည်း သင်တန်းကိုမှ တက်ခဲ့သူမဟုတ်ပါ။ ကျွန်တော်စာရေးနည်းကို ဆည်းပူးခဲ့တာကတော့ ကမ္ဘာကြီးဆိုတဲ့ တက္ကသိုလ်ကဖြစ်ပါသည်။ကျွန်တော်ဆိုလိုသည် မှာ ကမ္ဘာကြီးဆိုသော တက္ကသိုလ်သည် ပေါ့သေးသေးမဟုတ်ဟု ဆိုချင်ပါသည်။

ကမ္ဘာကြီးဆိုတဲ့ တက္ကသိုလ်တက်တိုင်း ပညာတတ်မဟုတ်ပါ။ သို့မဟုတ် ရှောင်ရမယ့် အစွန်းတစ်ဖက်

ကျွန်တော်သည် M.B.,B.S ဆရာဝန်ဘွဲ့ရပြီး ကျေးလက်ဒေသ၌ ဆေးခန်းဖွင့်ဖူးသည် ။ ထိုစဉ် ကျေးရွာများ ၌ ဒေါက်တာ ရမ်းကုတွေရှိ၏။ သူတို့ က ဆေးတက္ကသိုလ်ကျောင်းဆင်းမဟုတ်။ ဆေးပညာကို ကမ္ဘာကြီး ပေါ်မှာ ရှာတာဆိုပြီး လက်လှမ်းမီရာ စာအုပ်တွေဖတ်ပြီး ဆေးကုကြပါသည် ။ ဆေးပညာကတော့ ဆေးတက္ကသိုလ်မှာ ရှာတာ အကောင်းဆုံးပါ ။ ဆေးပညာကို ကမ္ဘာကြီး ပေါ်မှာ မိမိဘာသာ လေ့လာလျှင် အစွန်းရောက်ပါမည်။

## ရှောင်ရမည့် အခြားအစွန်းတစ်ခု

အဝေးသင်ဘွဲ့တွေကို အလုပ်မခန့်ဘူးဆိုလျှင် အခြားအစွန်းတစ်ဖက်သို့ ရောက်မည်ထင် ပါသည် ။

## ကျွန်တော်တို့ ကျင့်သုံးသင့်သော အလယ်အလတ်လမ်းစဉ်

ဌာန၊ ကုမ္ပဏီ၊ NGO စသည် တို့ သည် ဝန်ထမ်းခန့်ရာ၌ အဝေးသင်ဘွဲ့ရတွေကို အထင်သေး ၍ မရသလို အထင်ကြီး၍ လည်း မရ။ အထင်က ရ တက္ကသိုလ်ကျောင်းဆင်းတွေကို အထင်သေး၍ လည်း မရ၊ အထင်ကြီး၍ လည်း မရ။ ဘယ်သူက ဘယ်လောက်တော်လည်း သိချင်လျှင် မိမိတို့ ဘာ သာ စာမေးပွဲစစ်ကြည်တာက အကောင်းဆုံးပါပဲဟု ဆိုချင်ပါကြောင်း။

*

# အလုပ်ရုံဆွေးနွေးပွဲ (ဝပ်ရှော့)နှင့် အသိပေးရှင်းလင်းပွဲ (Advocacy Meeting) မတူညီပုံ

ယခုအခါ ကျွန်တော်တို့ မြန်မာနိုင်ငံတော်ကြီးသည် တိုးတက်ဖွံ့ဖြိုးအောင် ကြိုးစားလုပ် ဆောင်နေကြရာတွင် ပညာရေးကဏ္ဍတိုးတက်ပြောင်းလဲအောင် ကြံဆောင်ကြခြင်းမှာ အရေးကြီးသော ကဏ္ဍမှ ပါဝင်နေပါသည် ။ ဖွံ့ဖြိုးဆဲနိုင်ငံ မှန်သမျှ ပိုမိုဖွံ့ဖြိုးအောင် ပြောင်းလဲရာ၌ မိမိတို့ နှင့် ယဉ်ပါးပြီးဖြစ်သော လက်ချာခေါ် ဆရာဗဟိုပြု သင်ကြားရေးမှ အလုပ်ရုံဆွေးနွေးပွဲ ပုံသဏ္ဍာန် သင်ကြားရေး ဖြစ်အောင် ပြောင်းလဲခြင်းသည် များ လှသော လုပ်ငန်းတို့ ၏ အစိတ်အပိုင်း တစ်ခုပင် ဖြစ်ပါသည် ။

သို့သော် ဖွံ့ဖြိုးပြီးနိုင်ငံတို့ ၌ သာ ဝပ်ရှော့နှင့် ယဉ်ပါးသူ များ ပြားသော်လည်း ဖွံ့ဖြိုးဆဲနိုင်ငံတို့ ၌ ဝပ်ရှော့နှင့် ယဉ်ပါးသောနိုင်ငံသားတို့မှာ ဖွံ့ဖြိုးပြီးနိုင်ငံများ သို့ ပညာသင်၊ အစည်းအဝေး တက်သူများ ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာ NGO စီမံကိန်း ဝန်ထမ်းများ ၊ နိုင်ငံတကာ စီမံကိန်းတို့ ၏ စီမံကိန်းဝင်ကျေးရွာများက ရွာသားများ လောက်သာ ဝပ်ရှော့ဆိုတာ ကြုံဖူးပြီး အရေအတွက်သန်းချီသော ကျောင်းသား၊ ကျောင်းသူများကို ဝပ်ရှော့ ပုံသဏ္ဍာန်ပြောင်းလဲရန်မှာ ကြီးမားသော အလုပ်ကြီးဖြစ်၍ ချက်ချင်းပြောင်းရန်မလွယ်ပါ။ ထို့ကြောင့် ကျွန်တော်သည် အုတ်တစ်ချက် သဲတစ်ပွင့်သဖွယ် အကျိုးပြုလုပ်ငန်းတစ်ခုဟု သဘောထားကာ အလုပ်ရုံဆွေးနွေးပွဲ ဗျူဟာများ (Workshop Strategies) အမည်ဖြင့် စာ

အုပ်တစ်အုပ် ရေးနေပါသည်။

ဤတွင် တစ်ခုပြောစရာ ရှိသည် မှာ ကျွန်တော်သည် ဝပ်ရှော့ ကျွမ်းကျင်သူ ပါရဂူကြီးတစ် ယောက်တော့ မဟုတ်ပါ။ UN စီမံကိန်း နှင့် INGO စီမံကိန်းများ တွင် ဆယ်နှစ် အလုပ်လုပ်ဖူးစဉ် နိုင်ငံပေါင်း ၃၀ ကျော်လောက်က နိုင်ငံခြားသားနှင့် အတူဝပ်ရှော့၊ ဆီမီနာခေါ် ညီလာခံ အင်တာနေရှင်နယ် ဆီမီနာပေါင်း ၅၀ ခန့်၊ ကျေးရွာသားတွေနှင့် အတူ ဝပ်ရှော့ပေါင်း ၅၀ ခန့် တက်ဖူးခဲ့သည် မှန်သော်လည်း ကျွန်တော့်ထက် ပိုမိုအတွေ့အကြုံ ရင့်ကျက်သော မြန်မာလူမျိုးများ ၊ ဝပ်ရှော့ စီမံကိန်းနှင့် စပ်လျဉ်း၍ ကျွန်တော်ကို သင်ပေးခဲ့သော မြန်မာလူမျိုးဆရာများ မြန်မာပြည်တွင် ရှိပါသည် ။

သို့ပါ၍ ကျွန်တော်၏ အတက်ပညာသည် ဘာမှ မထူးခြားသော်လည်း နည်းနည်းထူးတာတစ်ခုက ကျွန်တော်သည် နည်းနည်းတက်တာလေးကို များများ ရေးပြတတ်သော စာရေးဆရာ တစ်ယောက်ဖြစ်နေခြင်းပင် ဖြစ်ပါသည် ။ ကျွန်တော် ဆိုလိုသည် ကတော့ ကျွန်တော်၏ တင်ပြချက်များ သည် အခြေခံ သဘာဝတရားများ သာ ဖြစ်ပါသည် ။ သို့ပါ အုတ်တစ်ချက်သဲတစ်ပွင့် အဆင့်လောက် မှတ်ယူနိုင်ပြီး ကျွန်တော်၏ တင်ပြချက်များ တွင် လည်း အားနည်းချက်များ ရှိနိုင်ပါသည် ။

ယခု ဆောင်းပါးတွင် တင်ပြလိုသည် မှာ တစ်ခါက စီမံကိန်း ရွာသားများ နှင့် အတွေ့အကြုံ နုသော ဝန်ထမ်းငယ်လေးများ ဝပ်ရှော့နှင့် အသိပေး ဆွေးနွေးပွဲ မှားခဲ့ကြဖူးပါသည် ။ မြန်မာနိုင်ငံတွင် နိုင်ငံတကာ စီမံကိန်းများ ၁၉၉၄-၉၅ ခုနှစ်လောက်က စ၍ တွင် တွင် ကျယ်ကျယ် ဖြစ်လာရာ စီမံကိန်းဝင် ကျေးရွာတော်တော်များ နေပါပြီ။ ကျေးရွာ တော်တော်များများ တွင် ဟောပြောပွဲ၊ သင်တန်း ဆိုတာတွေထက် ဝပ်ရှော့

တွေ လုပ်ကြပါသည် ။ ဒီတော့ ကျေးလက်ဒေသရွာသား တော်တော်များ များ ဝပ်ရှော့အတွေ့အကြုံ ရှိကြသည် ။ တချို့ရွာသားများ စီမံကိန်းစရိ တ်ဖြင့် နိုင်ငံခြား ဝပ်ရှော့သို့ ရောက်သွားတာမျိုးတောင် ရှိပါသည် ။ ဒီ တော့ INGO ကလုပ်တဲ့ ပွဲမှန်သမျှကို ဝပ်ရှော့ဟု တချို့က ပုံသေမှတ်ကြ ပါသည် ။

သို့သော် စီမံကိန်းတို့ က လုပ်ရမည့် ဝပ်ရှော့ မဟုတ်သော ပွဲတစ်ပွဲ မှာ Advocacy Meeting ခေါ် အသိပေး ရှင်းလင်းပွဲ ဖြစ်ပါသည် ။

ကျေးလက်စီမံကိန်းဆိုတော့ G20 နိုင်ငံက နိုင်ငံသားပေါင်းစုံ အင်္ဂလိ ပ်၊ အမေရိကန်၊ ပြင်သစ်၊ ဂျပန်တို့ ဝေးလံ ခေါင်ဖျားသော မြန်မာပြည် က ကျေးရွာထဲအထိ ရောက်ကြသည် ။ ရွာသားတွေကလည်း ပုဂံ၊ ညော င်ဦး၊ အင်းလေးလို ကမ္ဘာလှည့် များ သောဒေသမှာ နိုင်ငံခြားသား ဆို တာ မထူးဆန်းပါ။ သို့သော် တချို့ကျေးရွာတွေမှာ အထူးအဆန်းဖြစ်ကြ သည် ။ ဘာလာလုပ် ကြတာလဲ အံ့ဩသည် ၊ သိချင်ကြသည် ။ ဒီတော့ ကျွန်တော်တို့ ဘာကြောင့် ရောက်လာတာပါ ဆိုသော အသိပေး ဆွေး နွေးပွဲ (Advocacy Meeting) ဆိုတာ လုပ်ရပါသည် ။ အရေးကြီးဆုံးက တော့ စီမံကိန်းသည် ကျေးရွာကောင်းကျိုးအတွက် လာတာပါ။ ဒုက္ခပေး ဖို့ မဟုတ်ဘူး ဆိုတာကိုတော့ ဦးစွာ သဘောပေါက်အောင် ရှင်းရပါသ ည် ။

ဒီတော့ မိမိတို့ INGO အကြောင်း၊ အလှူရှင် နိုင်ငံအကြောင်း၊ မိမိတို့ ၏ ပေါ်လစီသည် လက်ခံသောနိုင်ငံနှင့် မဆန့်ကျင်ကြောင်း၊ အမြတ်ယူ ရန် စီးပွားရေးမဟုတ်ကြောင်း ဦးစွာရှင်းရသည် ။ ပြီးတော့ လုပ်ငန်းစဉ် အချို့ကို ထပ်ဆင့်ရှင်းရသည် ။ ဥပမာ- ကလေးကျန်းမာရေး စီမံကိန်းဆို လျှင် မိမိတို့ သည် ကာကွယ်ဆေးထိုး လုပ်ငန်း၌ မည်သို့ကူညီမည်၊ က

လေးများ အာဟာရ လုပ်ငန်းအတွက် မည်သို့ကူညီမည်၊ ကလေးများ ဝမ်းမဖောရန် ယင်လုံအိမ်သာ တည်ဆောက်ရေး အတွက် မည်သို့ကူညီနိုင်သည် ကို အရင်ရှင်းကြသည် ။

ဤတွင် ဥပမာတစ်ခုမှာ ရွာသားအချို့က သူတို့ ဒေသက ဘိုးဘွားရိပ်သာ ထမင်းစားဆောင်ကို ပြုပြင်ပေးနိုင်မလား မေးလာသည် ဆိုပါစို့။ ကလေးကျန်းမာရေးစီမံကိန်း ဆိုပါမှ ဘိုးဘွားရိပ်သာကို ပံ့ပိုးစရာ ဘယ်ကပိုက်ဆံရမှာ လဲ။ ဘိုးဘွားရိပ်သာ ပံ့ပိုးရန် သီးခြား ငွေစာရင်းခေါင်းစဉ် မရှိပါ။ ဤတွင် အချို့ရွာသားတွေက ဝပ်ရှော့ တက်ဖူးသည် ။ ဒီတော့ ဝပ်ရှော့မှာ ရွာသားဆန္ဒ၊ ရွာသားဆုံးဖြတ်ချက် မပါတော့ဘူးလား မေးသူရှိသည် ။ တကယ်တော့ ထိုပွဲသည် ဝပ်ရှော့မဟုတ်။ စုပေါင်းဆုံးဖြတ်သည့် အလုပ်ရုံ ဆွေးနွေးပွဲမဟုတ်ပါ။ မိမိတို့ ဘာသာ ဘာလုပ်မည်ဆိုတာကို သက်ဆိုင်သူတွေကို အသိပေးသော Advocacy Meeting ပဲဖြစ်ပါတယ်လို့ ရှင်းပြရပါသည် ။ အသိပေး ရှင်းလင်းပွဲနဲ့ ဝပ်ရှော့ ကွာခြားချက်အချို့ကို တင်ပြမည် ဆိုပါသော်-

ကွာခြားချက်(၁)

-အသိပေး ရှင်းလင်းပွဲဆိုတာ ရှင်းလင်းသူက မိမိတို့ က ဘာလဲ၊ ဘာလုပ်မှာ လည်း ဆိုတာ တဖက်သားကိုရှင်းပြတာပါ။

-ဝပ်ရှော့ ဆိုတာကတော့ ပါဝင်သူတွေက ငါတို့ ဘာလုပ်ကြမလဲ ဆိုတာ တိုင်ပင်တာပါ။

ကွာခြားချက်(၂)

-အသိပေး ရှင်းလင်းပွဲမှာ ရှင်းပြသူနဲ့ ရှင်းပြတာကို နားထောင်သူတွေတက်ရောက်သည် ။

-ဝ ပ ်ရေး၊ ၃မ၂ ၁ ပူးပေါင်းပါဝင်သူများ Participants တွေ တက်ရောက်ကြသည်။

ကွာခြားချက်(၃)

-အသိပေး ရှင်းလင်းပွဲက သတင်းပေးတာဖြစ်သည်။

-ဝပ်ရှော့က စုပေါင်းအလုပ်လုပ်ကြတယ်လို့ ဆိုနိုင်သည်။

ကွာခြားချက်(၄)

-အသိပေး ရှင်းလင်းမှာ တစ်ဖက်သားက ဘာလုပ်မယ်ဆိုတာ ဆုံးဖြတ်ပြီးသားကို ပြောပြတာ ဆိုတော့ တက်ရောက်သူတွေက သူတို့ လုပ်မယ့် အလုပ်နဲ့ ပတ်သက်ပြီး မရှင်းနိုင်တာကို မေးမြန်းနိုင်ပါသည်။

-ဝပ်ရှော့မှာ တော့ ဘာလုပ်ကြမလဲဆိုတာ ကြိုတင်ဆုံးဖြတ်ထားတာ မရှိလို့ ဘာလုပ်ကြရင် ကောင်းမယ်ဆိုတာ အကြံပြုနိုင်ပါသည်။

ကွာခြားချက်(၅)

-အသိပေး ရှင်းလင်းပွဲမှာ နားထောင်ပြီး သိသွားပြီဆိုရင် ကိစ္စပြီးပါပြီ။

-ဝပ်ရှော့မှာ စုပေါင်း အလုပ်လုပ်တာ ဖြစ်လို့ ဝပ်ရှော့ပြီးရင် မိမိတို့ ဝပ်ရှော့ ဘယ်လောက်အကျိုး ရှိလဲဆိုတာ ပြန်ပြီးသုံးသပ်သည်။ Evaluation လို့ ခေါ်ပါသည်။

ကွာခြားချက်(၆)

-အသိပေး ရှင်းလင်းပွဲမှာ ဆုံးဖြတ်ချက်အသစ်များ ထွက်ပေါ်လေ့မရှိပါ။

-ဝပ်ရှော့မှာ ဆုံးဖြတ်ချက်များ ထွက်ပေါ်လေ့ ရှိပါသည် ။

ကွာခြားချက်(၇)

-အလုပ်ပေး ရှင်းလင်းပွဲမှာ အငြင်းအခုံ လုပ်လေ့မရှိပါ ။

-ဝပ်ရှော့မှာ ငြင်းကြ ခုံကြ လုပ်ရင်း ရလဒ်ကောင်းများ ရှာဖွေရပါသည် ။



အသိပေး ရှင်းလင်းပွဲတစ်ခု လုပ်နေပုံ

ဝပ်ရှော့တစ်ခု လုပ်နေပုံ



အထက်ပါ အချက်များကတော့ အဓိကကျသော ကွာခြားချက်အချို့ ဖြစ်ပါသည် ။

တိုင်းပြည်ဖွံ့ဖြိုးရေးအတွက် မြန်မာပြည်က ကျောင်းတွေသည် ဖွံ့ဖြိုးပြီးနိုင်ငံခြားက ကျောင်းတွေကို မီဖို့ အရေးကြီးပါသည် ။ ပိုမို အရေးကြီးသည့် မှာ မြန်မာနိုင်ငံက ကျောင်းသားတွေ၏ လေ့လာလိုစိတ်သည် ဖွံ့ဖြိုးပြီးနိုင်ငံက ကျောင်းသားတွေထက် သာရန်ပိုအရေးပါသည် ။ ယနေ့ လူငယ်များ သည် မိမိတို့ သည် သင်တန်း၊ စည်းဝေး၊ ဝပ်ရှော့ စတာတွေ တက်ကြသောအခါ မိမိတို့ တက်ရောက်ခဲ့သော အတန်းသည် ဘယ်အမျိုးအစားထဲမှာ ပါလဲဆိုတာ ဆန်းစစ်သင့်ပါ၏။ ဥပမာ-

-လက်ချာ ခေါ် ဆရာဗဟိုပြုဟောပြောသည့် အတန်းလား။

-သမားရိုးက အစည်းအဝေး (Meeting) လား၊

-အသိပေး ရှင်းလင်းပွဲ (Advocacy Meeting) လား။

-Traning ခေါ် သင်တန်းလား။

-Traning Workshop သို့မဟုတ် ဝပ်ရှော့ပုံသဏ္ဍာန်နဲ့ သင်တန်းပေးတာလား။

-Meeting Workshop သို့မဟုတ် ဝပ်ရှော့ပုံသဏ္ဍာန် စည်းဝေးကြတာလား။

စသဖြင့် ဆန်းစစ်ပါက ထိုသို့ ပြုခြင်းသည် လူငယ်တို့ ၏ ဖွံ့ဖြိုးရေးခြေလှမ်းတစ်ခု ဖြစ်သည် ဟု ဆိုချင်ပါကြောင်း။

*

# ပညာတတ်တစ်ယောက်ကို တိုင်းတာသောညွှန်းကိန်း

ဒီဆောင်းပါးခေါင်းစဉ်ကို ရုတ်တရက်ဖတ်ကြည့်ပါက ပညာထက်ပို၍ အရေးကြီးသော အရာမှာ ကျင့်ဝတ်၊ စိတ်ထား၊ စာရိတ္တ စသည် တို့ကို ဦးကာချဲ့လိမ့်မည်ဟု ထင်မှတ်များစရာရှိပါ သည် ။ တကယ်တော့ ဤဆောင်းပါးတွင် ကျင့်ဝတ်၊ သိက္ခာ၊ စာရိတ္တတို့ ကို အသာထား၍ "ပညာ" အကြောင်းကိုသာ သီးသန့်တင်ပြလိုပါ၏။ အဘယ့်ကြောင့် ဆိုသော် ယခုခေတ်သည် ပညာနောက် ကို ကောက်ကောက်ပါအောင် လိုက်နေကြသောခေတ်ဖြစ်၍ ပင်။

စာရေးသူ ငယ်ငယ် ဆယ်ကျော်သက် အရွယ်က သူငယ်ချင်း မိန်းကလေးတစ်ယောက်ရှိခဲ့ ၏။ သူ၏ အနာဂတ် ရည်မှန်းချက်ကတော့ Ph.D ဘွဲ့ယူရန်ဟု ဆိုပါသည် ။ Ph.D အောင်ပြီးလျှင် ဘာလုပ်စားမှာ လဲဆိုတော့ အဖြေက မည်မည်ရရ မရှိပါ။ မဟာဘွဲ့ယူလိုက်၊ Ph.D ယူလိုက်၊ ဒီပ လိုမာတွေ ယူလိုက်။ ပြီးလျှင် ဘွဲ့ဝတ်စုံနဲ့ ဓာတ်ပုံရိုက်လိုက် လုပ်ပြီး ဧည့်ခန်းထဲ ဘွဲ့ဝတ်စုံနှင့် ပုံတွေ တန်းစီးချိတ်ရန်သာဖြစ်နေပါသည် ။

လူတစ်ယောက်၏ ဘဝ အရည်အချင်းကို တိုင်းသောအခါ ပညာ၊ စာရိတ္တ၊ စီးပွားရေးတို့ ကို ယေဘုယျအားဖြင့် တိုင်းသော်လည်း ပညာတစ်ခုတည်းကိုပဲ ဘယ်လောက်တော်သလဲတိုင်းတော့ မည်ဆိုလျှင် Ph.D အောင်လျှင် အတော်ဆုံးလားဟု မေးခွန်းထုတ်စရာရှိပါသည် ။ အဘယ့်ကြောင့် ဆိုသော် Ph.D ဆိုသည် မှာ ယေဘုယျအားဖြင့် တက္ကသို

လ်တွေက ချိုးမြင့်သော ဘွဲ့အဆင့်များ စွာ ရှိသည့် အနက် အမြင့်ဆုံးအဆင့် ဖြစ်နေ၍ ပင်ဖြစ်သည် ။ တချို့ကလည်း တကယ် "တော်" ချင်ပါသည် ။ သည် တော့ သင်ယူကြပါသည် ။ ဖွံ့ဖြိုးဆဲနိုင်ငံက လူတွေက တော်ချင်တော့ သင်ချင်နေသော အချိန်နှင့် နိုင်ငံခြားတက္ကသိုလ်ကြီးတွေကလည်း Education Business ခေါ် ပညာကိုစီးပွားရေးသဖွယ် လုပ်စားနေချိန်တိုက်ဆိုင်နေပါသည် ။ ဒီတော့ ဖွံ့ဖြိုးဆဲနိုင်ငံသားတို့ သည် အိမ်ပေါင်၊ ယာပေါင်နှင့် စက်မှုနိုင်ငံကြီးတွေက တက္ကသိုလ်ကြီးတွေကို ကျောင်းလခက ပေးရသည် မှာ နည်းနည်းနောနော မဟုတ်ပါ။

## ဘွဲ့အဆင့်မြင့်ရင်တော်တယ်ခေါ်ပါသလား။

ယေဘုယျအားဖြင့် ဘွဲ့အဆင့်မြင့်လျှင် တော်သည် ဟု လည်း ပြောနိုင်ပါသည် ။ ဥပမာ- ခွဲစိတ် ဘာသာရပ်၌ သာမန် M.B.,B.S ဆရာဝန်ထက ဲ ခွဲစိတ်ပါရဂူဘွဲ့ (F.R.C.S) ရသူက ပို၍ တော်သည် ဟု ယေဘုယျအားဖြင့် ဆိုနိုင်ပါ၏။

## တကယ်တတ်မှ လူတော်လို့ ခေါ်တာလား။

တစ်ခါတုန်းကဖြစ်ပါ၏။ ကုမ္ပဏီတစ်ခု၏ Office Staff ရာထူးကို မိန်းကလေးတစ်ယောက် လာလျှောက်ထားရာ HR မန်နေဂျာက အင်တာဗျူး၏။

"သမီးရဲ့ ပညာအရည်အချင်းက ဘယ်လောက်လဲ"

"LL. M" ပါ ဦး။

"ဟဲ့… ဥပဒေ မဟာဘွဲ့ဆိုတာ နည်းနည်းနောနော ပညာ မဟုတ်ဘူး ။ သမီးက တရားသူ ကြီးရာထူး၊ ဥပဒေအရာရှိ ရာထူးတွေ မလျှောက်

ဘူးလား”

“သမီးက စီးပွားရေး အခြေအနေအရ အခုချက်ချင်း ရမယ့်အလုပ်ကို လျှောက်ရတာပါ ဦး”

“အေးကွယ် ..ထားပါတော့။ ဒီတော့ သမီးကို မေးခွန်းမေးမယ်၊ LL.B ဆိုတာ ဘာအဓိပ္ပာယ် လဲ”

“Bachelor of Law ဆိုတဲ့ ဥပဒေဘွဲ့ပါ .. ဦး”

“ဒါဆိုရင် B.L ဆိုတဲ့ အဓိပ္ပာယ်ကရောကွဲ့”

“အဲဒါလည်း Bachelor of Law ပါ ဦး”

“ဒါဆိုရင် B.L နဲ့ LL.B နဲ့ ဘာကွာလဲ”

ခေတ္တစဉ်းစား၍ .

“ဒီလိုပါ ဦး၊ အရင်တုန်းက ဥပဒေဘွဲ့ကို B.L လို့ ခေါ်တယ်။ အဲဒီတုန်းက စာနည်းနည်းပဲ သင်တယ်။ ဒီတော့ Law ဘာသာကို တတ်တယ်၊ အ ခု ခေ တ် မှ ာ စာတွေအများကြီးသင်တယ်။ ဒီတော့ ဥပဒေတွေ အများကြီးတတ်တယ်။ ဒီတော့ များ လို့ ဥပဒေကို Law မှာ S ထည့်ပြီး Laws လို့ ခေါ်တယ်။ Laws လို့ လည်း မခေါ်ချင်တာနဲ့ Laws ကို နှစ်ခုခွဲလိုက်ပြီး Law Law လို့ ခေါ်တယ်။ ဒီတော့ ဘွဲ့နာမည်က B.LL ဖြစ်သွားတာပေါ့။ ပြောင်းပြန်လှန်လိုက်တော့ LL.B ဘွဲ့ဖြစ်ပါတယ် ဦး” ဟု ဆိုရာ HR မန်နေဂျာ သက်ပြင်းချမိ၏။

တကယ်တော့ LL.B ၏ အဓိပ္ပာယ်မှာ Bachelor of Legal Language ဖြစ်ပါသည် ။ တစ်ခါတုန်းကတော့ ကျွန်တော်သည် INGO တစ်ခု၌ အလုပ်လုပ်စဉ် ကျေးလက်ကျန်းမာရေး စီမံကိန်းဝန်ထမ်း ရာထူးအတွက် မိန်းကလေးတစ်ယောက် အလုပ်လာလျှောက်ပါ၏။ အင်တာဗျူး မှာ ဒီလို

မေးပါသည်။

"ပညာအရည်အချင်း ပြောပါ"

"B.A (History) ပါ ဆရာ"

"ဒါဆိုရင် သမိုင်းနည်းနည်းမေးမယ်။ မြန်မာနိုင်ငံရဲ့ နောက်ဆုံးရှင်ဘုရင် နာမည် သိလား"

"ရှင် သမီး မသိပါဘူး ဆရာ၊ဒီလိုလေ သမီးက ကျောင်းပြီးတာကြာတော့ မေ့ကုန်ပါတယ်" ဟု ဆို၏။

ကျောင်းပြီးတာ ဘယ်လောက်ကြာပြီလဲ မေးတော့ ခြောက်လဟု ဆိုပါသည်။

တစ်ခါတုန်းက မြန်မာနိုင်ငံအတွင်း ကျေးရွာကြီးတစ်ရွာတွင် သာမန်ရိုးရိုး အထွေထွေရောဂါ ကု ဆရာဝန်တစ်ယောက် ဆေးခန်းဖွင့်နေစဉ ဆေးခန်းရှေ့သို့ မြင်းလှည်းတစ်စီး ဆိုက်ကပ်လာပါသည်။ ထို့နောက် လူငယ် ၁၀ ယောက် (ယောကျ်ားလေး ငါးဦးနှင့် မိန်းကလေး ငါးဦး) ဆင်းလာကြ၏။ ၎င်းနောက် ဒီလိုပြောပါသည်။

"ဆရာ.. ကျွန်တော်တို့ က ဆေးတက္ကသိုလ် (၁) က နောက်ဆုံးနှစ် အပိုင်း (က) ကျောင်းသားတွေပါဆရာ။ ပြည်သူ့ကျန်းမာရေးဘာသာရပ်အတွက် ကွင်းဆင်းလေ့လာရေး ထွက်ရင်း ကျေးလက်ခေါင်ခေါင်မှာ ဆရာဝန်ဆိုင်းဘုတ် တွေ့လို့ အံ့ဩပြီး နှုတ်ဆက်ရအောင် ဝင်လာတာပါ"

"ဝမ်းသာလိုက်တာကွာ၊ ဆရာလည်း ရန်ကုန်နဲ့ အဆက်အသွယ်ပြတ်နေတာ ကြာပြီ။ တွေ့ရ တာဝမ်းသာတယ်" ဟု ဆိုကာ လက်ဖက်ရည မုန့်တို့ ဖြင့် ဧည့်ခံပါသည်။

ထို့နောက် ဆရာဝန်က ဒီလိုပြောပါသည်။

"ပျော်ပျော်နေကြကွာ၊ ဟိုဘက်ရွာက ဘုရားပွဲလည်း ဝင်လည်သွားဦး"

"မပျော်နိုင်ဘူးဆရာရေ၊ စာကျက်နေရတယ်။ ရန်ကုန်ပြန်ရောက်ရောက်ချင်း စာမေးပွဲ ဖြေရ မှာ ၊ စာကလည်း ကျက်လိုက် မေ့လိုက်နဲ့ ဆရာ"

"ဘယ်ဘာသာ ဖြေရမှာ လဲ"

"ဥပဒေရေးရာ ဆေးပညာဘာသာ ဆရာ"

"ကျက်ပေါ့ကွာ၊ ဥပဒေရေးရာ ဆေးပညာက စိတ်ဝင်စားဖို့ ကောင်းပါတယ်"

ထိုအခါ ဆေးကျောင်းသူတစ်ယောက်က ပြောသည် ။

"ကျွန်မ မနက်က စာကျက်တော့ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂၆ က ပြဋ္ဌာန်းတဲ့ ပြင်းထန် သော ဒဏ်ရာအမျိုးအစား ရှစ်မျိုးကို ကျက်လိုက် မေ့လိုက် ဖြစ်နေတယ်။ အခု ပြန်ဖတ်မယ် လုပ်တော့ စာအုပ်က တည်းတဲ့ အိမ်မှာ ကျန်ခဲ့တယ်"

ထိုအခါ ဆရာဝန်က-

"ဒီလိုဆိုရင် ဆရာပြောပြမယ်၊ တစ်ယောက်နဲ့ တစ်ယောက် ဒဏ်ရာရအောင် လုပ်ကြရာ မှာ ရိုက်ကြနက်ကြ၊ ထိုးကြကြိတ်ကြရာမှာ သင်းကွပ်တာ၊ မျက်စိကန်းအောင် လုပ်တာ၊ နားပင်းအောင် လုပ်တာ၊ အဆစ်တို့ ၊ အရိုးတို့ ကျိုးအောင်လုပ်တာ၊ ကိုယ်လက်အင်္ဂါတစ်ခုခုကို ချွတ်ယွင်းအောင် လုပ်တာ၊ ခေါင်း သို့မဟုတ် မျက်နှာကို ဒဏ်ရာအနာတရဖြစ်အောင် လုပ်တာ၊ သွားကျိုးအောင် လုပ်တာ၊ ရက်ပေါင်း ၂၀ လောက် ဒဏ်ရာကြောင့် မထနိုင်၊ မပြုနိုင်ဖြစ်တယ် ဆိုရင် ပြစ်မှုပုဒ်မ ၃

၂၆ နဲ့ ငြိတယ်" ဟု ဆို၏။

ထိုအခါ ဆေးကျောင်းသားတို့ မျက်လုံးများ ဝိုင်းနေအောင် အံ့သြကြပါ၏။

"ဆရာက စာတွေ မမေ့ဘူးနော်"

"ဒီလိုကွ ကဗျာစပ်ပြီး မှတ်ထားတာ၊ ဆရာစပ်တဲ့ ကဗျာတော့ မဟုတ်ဘူး ။ ဦးသန်းစိုး (ထွန်း) ဆိုတဲ့ ရှေ့နေတစ်ဦးက ကဗျာစပ်ပြီး ဆရာ့ကို ပေးထားတာ။ ကဗျာကတော့ "သင်းကွပ်၊ မျက်ကွယ်၊ နားဝယ်မကြား၊ အဆစ်ကားကျိုး၊ တစ်မျိုးမျိုးချို့တဲ့ ၊ ပဲ့သည်းဦးခေါင်း၊ သွားမကောင်း၊ ရက်ပေါင်း ၂၀ ကြာ"တဲ့ ။"

သူတို့ က "ဘွဲ့ရပြီးရင် စာတကယ် တတ်နေတာ လူတော်ပေါ့ဆရာ" ဟု ဝေးဖန်သွားပါ သည် ။

ဆရာကြီး ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်၏ စာတွေမှာ ဖတ်ဖူးတာကတော့ ပညာ တတ်တစ်ယောက်ရဲ့ အရည်အချင်းကို တိုင်းတာက သူလုပ်ခဲ့တဲ့ သုတေသနစာတမ်းတွေပဲဟု ဆိုပါ ၏။ ဥပမာ- ဆရာဝန်တစ်ယောက်၏ အရည်အသွေးကို တိုင်းလိုပါက ဆေးပညာ ညီလာခံမှာ သူဖတ်သည့် စာတမ်း၏ အရည်အသွေးကို တိုင်းတာရမှာ ဖြစ်ပါသည် ။

အင်းလိဂိတ်ပြောတာကတော့ လူတော်မန်နေဂျာဆိုတာ မိမိရဲ့ တပည့်ကို မိမိထက်ပိုပြီး တော်အောင်သင်ပေးနိုင်တဲ့ သူကို လူတော်ခေါ်တယ်ဟု ဆိုပါ၏။ ကျွန်တော်သည် Human Resource ဘာသာရပ်ကို အင်တာနက် စာမျက်နှာများ ပေါ်မှာ ဖတ်ကြည့်ဖူးပါသည် ။ နောက်ပိုင်း HR ဘာသာတွေမှာ ရေးလာတာကတော့ ယခင်တုန်းက မန်နေဂျာတစ်ယောက် တော်၊ မတော် သိချင်လျှင် သူ၏ Performance ခေါ် လုပ်ရည်ကိုင်ရည်ဖြင့် တိုင်းပါ၏။ ယခုတော့ Contribution ဖြင့် တိုင်းသည် ဟု

ဆိုပါသည် ။


Contribution ဆိုတာ ပုဂ္ဂိုလ်တစ်ယောက်၏ ထည့်ဝင်မှုပါ။ ဥပမာ-သိပ္ပံပညာရှင်ကြီး အိုင်း စတိုင်းဟာ E=Mc2 ဆိုသော ပုံသေနည်းကို အခြေပြု၍ အဏုမြူဗုံးအင်ထုတ်လုပ်နိုင်ပါသည် ။ တကယ့်လူတော် ဆိုသည် မှာ ကမ္ဘာလောကကြီးအတွက် Contribution အမျိုးမျိုးလုပ်နိုင်ရမည်ဟု ဆိုပါသည် ။

မြန်မာနိုင်ငံမှာ Workshop လာလုပ်သော နိုင်ငံခြားဆရာတွေက တော့ "ပညာကို ကျက်မှတ်ပြီးရင် ခွဲခြမ်းစိတ်ဖြာတတ်ရမယ် (Analysis)၊ တွေးခေါ်တတ်ရမယ် (Thinking)၊ အသုံးချတတ်ရမယ် (Application)၊ စီမံခန့်ခွဲတတ်ရမယ် (Knowledge Management)" ဟု ဆိုပါသည် ။

HR Journal (24-12-2010)

ဒေါက်တာထွန်းဝင်း

*



တစ်ကျော့ပြန်
ဖုန်ကျားရှင်
မန်းဖိုးအေး
(ဝါးခယ်မ)
စုစည်း
ပြန်ဆိုသည်

exitpoetry

# မြေမှုန်လွင်

# စီးမလား



စာအုပ် စာအုပ် စာအုပ်များ